ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် တနလ်ာနေ့။ Monday, 16 November 2026 ၁၂၆၄



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိသဓအား ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထား

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် သီတဂူဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉)အရ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် အမျိုးသမီးများကို လက်ခံစောင့်ရှောက်ထား
စာမျက်နှာ » ၅

စားသုံးသူဘေးကင်းရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုမှသည် တိုင်းပြည်ခိုင်မာရေးဆီသို့ …
ဆောင်းပါး စာမျက်နှာ » ၆

ပြိုင်ပွဲဝင် ဝတ်အသင်းပေါင်း ၆၀ ကျော်ပါဝင်သည့် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်မှုအကောင်းဆုံး ရွေးချယ်ပွဲ ကျင်းပ
စာမျက်နှာ » ၇

စိုက်ပျိုးရေးနှင့် စွမ်းအင်ထုတ်လုပ်ရေး ပူးတွဲလုပ်ဆောင်သည့်စနစ်
ဆောင်းပါး စာမျက်နှာ » ၁၇



ဆင်သေရေလွှဲဆည်တွင် ရေထုတ်ရေတံခါး ခုနစ်ခု၊ ရေထိန်းရေတံခါး ၁၀ ခု ထည့်သွင်းတည်ဆောက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

၂၀၂၅ မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မူလဆင်သေရေလွှဲဆည်၏ အထက်ဘက်၌ ပညာရှင်များ ကွင်းဆင်းအတည်ပြုပြီး တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီး အသစ်တည်ဆောက်လျက်ရှိသည့် ဆင်သေရေလွှဲဆည်တွင် လက်ဝဲတာပေါင် ပေ ၇၅၀၊ လက်ယာတာပေါင် ပေ ၃၇၀၀ နှင့် တမံအမြင့် ၁၇ ပေ၊ ရေထုတ်ရေတံခါး ခုနစ်ခု၊ ရေထိန်းရေတံခါး ၁၀ ခု ထည့်သွင်းတည်ဆောက်လျက်ရှိပြီး ရေဝပ်ဧရိယာ ၈၁၅ ဧကရှိ အဆိုပါ ဆင်သေရေလွှဲဆည်သည် ဆင်သေရေလျောင်တမံမှ ဆည်ရေများကို လက်ဝဲလက်ယာ ရေပေးမြောင်းများမှတစ်ဆင့် ရေသောက်စနစ်အတွင်းရှိ စိုက်ပျိုးမြေဧက ၁၁၆၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၅

မုန်တိုင်းငယ်အခြေအနေ

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ် သို့ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၉၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ၊ ဗီဆာကာပတ္တနမ်မြို့၏ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋

၁၅-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၀:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



မော်လမြိုင်မြို့နယ်၌ မိုးစပါးရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး



မော်လမြိုင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာရှိ အေးချမ်းအောင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးရိတ်သိမ်းမှု အခြေအနေများကို မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❋

မျှတသည့်ကုန်စည်စီးဆင်းမှုမှန်ကန်ရေး အတွက်/ပရမျှတစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်

အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်ပြီး လည်ပတ်မှုကောင်းမွန်ပါမှ ပြည်သူများ၏ နေ့စဉ်လူမှုဘဝများ အဆင်ပြေချောမွေ့မည်ဖြစ်သည်။ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုသည် ပုံသေဝင်ငွေရှိသည့် လခစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှု ကြီးကြီးမားမားဖြစ်ပေါ်နိုင်သည်။ ယခုအခါ အခြေခံစားသောက်ကုန်ပစ္စည်းဈေးနှုန်းများ တစ်နေ့တခြားမြင့်တက်လာရာ ရောင်းဝယ်ဖောက်ကား လုပ်ကိုင်ဆောင်ရွက်သူများအပေါ်တွင် ထိခိုက်မှုမရှိသော်လည်း ဖော်ပြပါလူတန်းစားများအပေါ်တွင် သက်ရောက်မှုများရှိလာသည်ကို သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်း၌ အရည်အသွေးမြင့်မားသော ကုန်ထုတ်လုပ်မှုတိုးတက်လာရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကုန်ပစ္စည်းဈေးနှုန်းများမှာ တည်ငြိမ်မှုမရှိဘဲ ဆက်လက်မြင့်တက်လျက်ရှိရာ အဆိုပါပြဿနာကို ဆိုင်ရာဆိုင်ရာနှင့် ပတ်သက်သူအားလုံးက အများပြည်သူအကျိုးစီးပွားကို အလေးထားဖြေရှင်းပေးနိုင်ပါမှ ပြည်သူများ စိတ်အေးချမ်းသာ အဆင်ပြေမည်ဖြစ်သည်။ ယခုအခါ အဓိကကျသည့် အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီ၊ ကြက်သွန်ဈေးနှုန်းများ သိသိသာသာ မြင့်မားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ဆန်နှင့် ကြက်သွန်သည် ပြည်တွင်း၌ ဖူလုံအောင်ထုတ်လုပ်နိုင်သည့် စားသုံးကုန်များဖြစ်၍ ဈေးနှုန်းတက်ရသည့်အကြောင်းရင်းကို ရှာဖွေဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။

အခြေခံစားကုန်များ ဈေးနှုန်းမြင့်မားလာခြင်းသည် သွင်းအားစုဈေးနှုန်းများ မြင့်တက်လာခြင်း၊ သယ်ယူပို့ဆောင်စရိတ်နှင့် အထွေထွေကုန်ကျစရိတ်များ မြင့်တက်လာမှုကြောင့်ဖြစ်နိုင်သော်လည်း ကုန်ထုတ်လုပ်မှု အထွက်နှုန်းလျော့နည်းခြင်း၊ ကုန်သိုလှောင်ခြင်းနှင့် ဈေးကစားလိုခြင်းတို့ကြောင့်လည်း ဖြစ်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရောင်းလိုအားနှင့် ဝယ်လိုအားမျှမျှတတဖြစ်နေပါက ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုနိုင်သဖြင့် အခြေခံစားကုန်ထုတ်လုပ်သည့်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆန်စပါးအထွက်နှုန်း မကျဆင်းသော်လည်း ကြက်သွန်နီအထွက်နှုန်းကျဆင်းလာခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ပြည်သူများ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးတွင် အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့သည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေသည်။ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် ဒေသခံပြည်သူများ၏ အဓိကကျသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်သည့်အပြင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် စီးပွားရေးတိုးတက်ရေးအတွက် အခြေခံအင်အားများဖြစ်သည်။ ထို့ကြောင့် ရိုးရာစိုက်ပျိုးရေးနည်းစနစ်များကို ခေတ်မီနည်းစနစ်များနှင့် ပေါင်းစပ်အသုံးချခြင်း၊ ရေသွင်းရေထုတ်စနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ သီးနှံအရည်အသွေးနှင့် ထုတ်လုပ်မှုစွမ်းအားများ မြှင့်တင်ဆောင်ရွက်ခြင်း၊ ကုန်ထုတ်လုပ်မှုတန်ဖိုးမြှင့်တင်ခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှုများ တိုးချဲ့ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ကြရန် လိုအပ်သည်။

ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များသည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအင်အားစုများ ဖြစ်သည်။ ဒေသကုန်သွယ်မှုလမ်းကြောင်းများ၊ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများချောမွေ့စေရေး၊ တရားဝင်ကုန်သွယ်မှုလုပ်ငန်းများတိုက်ဖျက်ရေး၊ ဒေသထွက်ကုန်များ ဈေးကွက်ချိတ်ဆက်မှု ပိုမိုကောင်းမွန်လာစေရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် အဆင်ပြေသည့်ပတ်ဝန်းကျင်ကောင်းတစ်ရပ်ဖြစ်ထွန်းရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မတည်ငြိမ်ခြင်း၊ ရုတ်တရက် ဈေးနှုန်းမြင့်တက်ခြင်း၊ တစ်နေ့ထက်တစ်နေ့ ဈေးနှုန်းတက်လာခြင်းတို့သည် ရောင်းဝယ်ဖောက်ကား လုပ်ကိုင်ဆောင်ရွက်သူများအတွက် သက်ရောက်မှုမရှိသော်လည်း အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ ဝင်ငွေနည်းပါးသူများနှင့် ပုံသေလစာရရှိသည့် ဝန်ထမ်းများအပေါ် သက်ရောက်မှုရှိလာပါသဖြင့် အဆိုပါ ပြဿနာကို ဝိုင်းဝန်းကြိုးပမ်း ဖြေရှင်းကြရမည်ဖြစ်သည်။ ငွေကြေးဈေးကွက် တည်ငြိမ်မှုပျက်ပြားအောင် ပြုလုပ်သူများနှင့် ကုန်ပစ္စည်းများကို အဆမတန် ဈေးတင်ရောင်းချခြင်း၊ ဈေးကစားခြင်း၊ ရည်ရွယ်ချက်ရှိရှိ သိုလှောင်သိမ်းဆည်းထားခြင်းတို့ကို ဖော်ထုတ်အရေးယူရမည့်အပြင် တစ်ဖက်တွင် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ထုတ်လုပ်ကြပြီး ဖြန့်ဖြူးရောင်းချရာ၌ အကျိုးအမြတ် တစ်ခုတည်းကိုသာမကြည့်ဘဲ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်စည်ဈေးနှုန်းများတည်ငြိမ်ရေးကို အတွက်/ပရမျှတစွာ ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။

ဧရာဝတီရိမ်းကမ်းတလျှောက် ဒေသခံများ ဆန္ဒပြ

ဧရာဝတီ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီရိမ်းကမ်းတလျှောက် ဒေသခံများ ဆန္ဒပြ

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီရိမ်းကမ်းတလျှောက် ဒေသခံများ ဆန္ဒပြ

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီရိမ်းကမ်းတလျှောက် ဒေသခံများ ဆန္ဒပြ

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီရိမ်းကမ်းတလျှောက် ဒေသခံများ ဆန္ဒပြ

ဒေယျာသီရိမြို့နယ်အတွင်း သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကျင်းပ

ဒေယျာသီရိ နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ ဒေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ယနေ့နံနက်ပိုင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အယ်လ်နီညိုသဘာဝဘေးဆိုင်ရာအသိပညာပေးဟောပြောပွဲများ ကျင်းပသည်။

အဆိုပါဟောပြောပွဲများတွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်ရုံးမြို့နယ်မှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ အောင်ဧယျရပ်ကွက်၌ အယ်လ်နီညိုသဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရာ ဧယျာသီရိမြို့နယ်ဦးစီးမှူး ဒေါက်တာဟန်ဝင်းအောင်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မွေးမြူရေးတိရစ္ဆာန်များ ဆုံးရှုံးမှုမရှိစေရန်နှင့် ထုတ်လုပ်မှု၊ လျော့ကျမှုမရှိစေရေးအတွက် ရေ၊ အစာ ကြိုတင်စီမံသိုလှောင်ခြင်း၊ ရောဂါနှင့် အပူဒဏ်မှကာကွယ်ခြင်းနှင့် အရေးပေါ်တုံ့ပြန်မှုများ အသင့်ပြင်ဆင်ထားခြင်း စသည်တို့ကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အလားတူ ဧယျာသီရိမြို့နယ် သာယာဝပ်ကျေးရွာ၊ သက်နှင်းအင်းကျေးရွာ၊ ကျည်တောင်ကျေးရွာ၊ ထိန်ပင်ကျေးရွာ၊ ကြို့ပင်ကျေးရွာ၊ ပုပွဲးရပ်ကွက်နှင့် ခေတ်အေးကျေးရွာတို့တွင်လည်း ပြည်ထောင်စုနယ်မြေအတွင်းရှိ ပျဉ်းမနား၊ တပ်ကုန်း၊ ဇမ္ဗူသီရိ၊ ဥဒ္ဓတ္တရသီရိ၊ ဧယျာသီရိ၊ ဒက္ခိဏာသီရိ၊ ပုဗ္ဗသီရိမြို့နယ်တို့မှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများက အယ်လ်နီညိုသဘာဝဘေးဆိုင်ရာ အသိပညာများအား ကွင်းဆင်း၍ ဟောပြောခြင်းများဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ ထွန်းလင်း(ဧယျာမြေ)

စက်မှုစိုက်ပျိုးရေးနှင့်မွေးမြူရေး အထက်တန်းကျောင်း (သုဝဏ္ဏ) ကျောင်းသား ကျောင်းသူများ သိရှိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်သို့ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အထက်တန်းကျောင်း (သုဝဏ္ဏ)မှ အုပ်ချုပ်သူဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ တို့သည် ရန်ကုန်မြို့ သိရှိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်နှင့် ကမ္ဘာအေးစေတီတော်တို့သို့ ယမန်နေ့နံနက်ပိုင်းက လေ့လာရေး သွားရောက်ခဲ့ကြသည်။

ဦးစွာ သိရှိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်မှ တာဝန်ရှိသူက လေ့လာရေးလာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား လိုဏ်ဂူတော်သမိုင်းကြောင်းနှင့် အထင်ကရ ကမ္ဘာကျော်နိုင်ငံကျော် သာသနာပြုဆရာတော်ကြီးများ၊ ကျွမ်းပြုဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများ၊ ဝိဇ္ဇကသုံးပုံကျမ်းစာအုပ်များ စတင်ရိုက်နှိပ်ခဲ့သည့် သက်တမ်း ၇၂ နှစ်ရှိ ပုံနှိပ်စက်အကြောင်း စသည်တို့ကို ပြကွက်တစ်ခုချင်းစီ အလိုက် လိုက်လံရှင်းလင်းပြသခဲ့သည်။ ဆက်လက်ပြီး လေ့လာရေးကျောင်းသားကျောင်းသူများ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကာ ကမ္ဘာအေးစေတီတော်သို့ သွားရောက်ဖူးမြော်လေ့လာပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျွန်းလှမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား အသိပညာပေး

ကျွန်းလှ နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ၏ လုပ်ငန်းရှင်များ ပိုမိုကျွမ်းကျင်လာစေရန်နှင့် ပြည်သူများအား ကောင်းမွန်သည့် ဝန်ဆောင်မှုအပြည့်အဝဆောင်ရွက်ပေးနိုင်ရေးအတွက် ကျွန်းလှမြို့နယ် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ပညာပေးမွမ်းမံသင်တန်းကို ယမန်နေ့က မြို့နယ် အခွန်ဦးစီးဌာနမှုးရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှုးရုံးများအလိုက် ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်း ရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် သင်ကြားပို့ချပေးပြီး သင်တန်းသားများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇာနည်(ကျွန်းလှ)

ရေးမြို့နယ် စိန်ကြီးကျေးရွာ၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

ရေး နိုဝင်ဘာ ၁၅

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန မွန်ပြည်နယ် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိန်ကြီးကျေးရွာ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူဒဏ်ကာကွယ်ရေးနှင့် သောက်သုံးရေများအား စနစ်တကျသုံးစွဲရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်/ရှောင်ရန်အချက်များ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်အတွင်း ရေရှားပါးမှုနှင့် အခြားဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်နိုင်သဖြင့် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ စနစ်တကျသုံးစွဲကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သုတ

၁၅ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ဒွေကျပ် ဂဝ၅၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	– ဝင်းနိုင်	အကြီးတန်း	– ခင်မိုမိုအောင်၊
စာတည်းမှူး	– အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	– စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌ၊ နိုင်လင်းကြည်		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
		အယ်ဒီတန်း	– အောင်ကျော်ဦး၊ သန်းတင်အောင်
		သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
ဘာသာပြန်	– အောင်ကျော်ကျော်၊ စိုးသူရ	သုတေသန	– ဇင်မာဝင့်
		စာပြင်	– ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– နီလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	– စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူစကျွဒါန်ဆေးရုံတော်အတွင်း ကုသခွစိတ်မှုခံယူထားသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဆရာတော် ဘဒ္ဒန္တ သုဓမ္မာ စာရာ ဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်နှင့် သီတဂူစကျွဒါန်ဆေးရုံတော်သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဩဝါဒစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိသရအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သီတဂူဆရာတော်ဘုရားကြီးထံ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒကထာများကို နာယူသည်။ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က သီတဂူစကျွဒါန်ဆေးရုံတော်အတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် သီတဂူစကျွဒါန်ဆေးရုံတော်အတွင်း မျက်စိခွစိတ်လူနာများအား ကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး သီတဂူစကျွဒါန်ဆေးရုံတွင် လာရောက်ကုသခွစိတ်မှုခံယူထားသည့် ပြည်သူများနှင့် မျက်စိခွစိတ်ကုသမှုခံယူရန် စောင့်ဆိုင်းလျက်ရှိသည့် ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

အဆိုပါ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ သီတဂူစကျွဒါန်ဆေးရုံတော်တွင် အခမဲ့ မျက်စိခွစိတ်ကုသမှုများကို ၂၀၂၃ ခုနှစ်မှစတင်၍ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအကြိမ်အထိ လာရောက် မျက်စိစမ်းသပ်သူ ပြင်ပလူနာ ၂၅၀၇ ဦးကို စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း၊ ခွဲစိတ်လူနာ ၇၉၀၀ ကျော်ကို ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ထိုအထဲမှ ၅၂၂ ဦးအား လေဆာဖြင့် ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်–၁၀၀၀)တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် သက်တော် ၉၂ နှစ်၊ ဝါတော် ၇၂ ဝါရှိ ဧရာဝတီတိုင်းဒေသကြီး ဟသံတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက်၏ဦးစီးပဓာနနာယက နိုင်ငံတော် ဩဝါဒစရိယ တိပိဋကဿဝါဒစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိကကျေးဇူးတော်ရှင်သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ သုဓမ္မာစာရာ ဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး တာဝန်ရှိသူများအား ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဆရာတော်ကြီး၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန် အတွက် နဝကမ္မအလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီတဂူစကျွဒါန်ဆေးရုံတော်အတွင်း မျက်စိခွစိတ်လူနာများအား ကြည့်ရှုအားပေးစဉ်။



ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ ဥတ္တရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဥတ္တရသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့သည် တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာ ကွင်းအမှတ်(၁၈၉၃) တောင်သူ ဦးမြင့်သိန်း၏ လယ်မြေ တစ်ဧကတွင် ဗျော့ထွန်းစပါးမျိုး စံကွက်ရိတ်သိမ်းခေမှုကို ကြည့်ရှုအားပေးရာ ပျမ်းမျှအထွက်နှုန်း ၁၀၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တောင်ညိုကျေးရွာအနီး သဲဖြူရိုးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာပါက ဒေသခံပြည်သူများ အပူရှောင်ရန်အတွက် အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိသည့် မရမ်းခုံကျေးရွာရှိ သာသနာ့ဝေဝုလ္လ ဘုန်းတော်ကြီးကျောင်းနှင့် ကျွဲရင်းကျေးရွာရှိ မဏ္ဍိဓောတိက ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

✻ မုန်တိုင်းငယ်မှ

တောင်-အရှေ့တောင်ဘက် ရေမိုင် ၅၆၀ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၆၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း

အဆိုပါ မုန်တိုင်းငယ်သည် နံနက် ၁၀ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၉ ဒသမ သုည ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၉ ဒီဂရီ တွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၁၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာလ ၁၉ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိုပိစိုစိုနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှမိုင် ၃၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သဘော်များအနေဖြင့် လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



❖ ဆင်သေမှ

အဆိုပါ ရေလွှဲဆည်တည်ဆောက်ရေး လုပ်ငန်းခွင်ကို ယနေ့ည နေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ဒုတိယဝန်ကြီးဦးဗိုလ်မိုလ်ကျော်နှင့် အတူ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းများ၊ ရေလွှဲဆည် အသစ် တည်ဆောက်ရေးအတွင်း စိုက်ပျိုးရေ ပေးဝေနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ဆင်သေ ရေလွှဲဆည် တည်ဆောက်ရေး လုပ်ငန်းကို စံချိန်စံညွှန်းပြည့်ဝစွာဖြင့် သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးရေး၊ ရေလွှဲဆည် အပေါ်ဆည်အသစ် တပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဝေမှုကို မထိခိုက်စေရန် အချိန်ကိုက် ဆောင်ရွက်ပြီး ရေသောက် ဓရိယာအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဂရုပြုဆောင်ရွက်ရန်၊ ရေလွှဲဆည်အသစ် တည်ဆောက်ပြီးစီးပါက တောင်သူများ၏ စိုက်ပျိုးမြေများ စနစ်တကျ နေရာချအသုံးပြုနိုင်ရေးကို ဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖြစ်စေရေး ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆည်သေရေလှောင်တမံသို့သွားရောက်ပြီး တမံအတွင်း ဝင်ရေသိုလှောင်ထားရှိမှု၊ တမံကြွံခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် တမံထိန်းသိမ်းရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



တောင်ငူမြို့၌ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာပေး သင်တန်းဖွင့်

တောင်ငူ နိုဝင်ဘာ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာပေးသင်တန်း ဖွင့်လှစ်သည်။

မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းစီမံကိန်းကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅)ဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်းအရ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့အနေဖြင့် လုပ်ကွက်ငယ်တောင်သူများ၏ ထုတ်လုပ်မှုကွင်းဆက်တွင် အရည်အသွေးကောင်း ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်၍ အကျိုးအမြတ်ရရှိမှု မြှင့်တင်စေရန်အတွက် လုပ်ကွက်ငယ်တောင်သူများအား ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု၊ ရိတ်သိမ်းချိန်လွန်နည်းပညာများဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်း၏လုပ်ငန်းတစ်ခုဖြစ်သည့် သင်တန်းပေးဆောင်ရွက်ခြင်းကို စီမံကိန်းဒေသဖြစ်သည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ပဲပုပ်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ကွက်ငယ်တောင်သူများအား ပဲပုပ်စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်လျက်ရှိသည့်နည်းပညာများ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကို နိုဝင်ဘာ ၁၃ ရက်တွင် တောင်ငူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ဆောင်ရွက်ရာ ပဲပုပ်စိုက်တောင်သူ ၂၅ ဦးနှင့် စိုက်ပျိုးပညာပေးဝန်ထမ်း ၁၀ ဦး စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ပြီး တောင်သူများလိုအပ်ချက် ဆန်းစစ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ပုသိမ်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဌာနကတာဝန်ယူဆောင်ရွက်သော သစ်ပုတ်ကုန်း-အိမ်ခြောင်းလေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)တို့သည် ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော သစ်ပုတ်ကုန်း-



အိမ်ခြောင်းလေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **ကိုကိုဇော်**

မိတ္ထီလာမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မိတ္ထီလာ နိုဝင်ဘာ ၁၅

မိတ္ထီလာမြို့ သန့်ရှင်းသာယာလှပရေးအတွက် ခရိုင်စီမံခန့်ခွဲရေး



နှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမပိုင်း မြတ်နိုးသူ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်အနီးမှ အထက(၄)အနီးထိလည်းကောင်း၊ မိတ္ထီလာ-မန္တလေးကားလမ်းမပိုင်း ပြည်သာယာ(၁)လမ်းမှ စက်မှုဇုန်အနီးထိလည်းကောင်း လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပရေးကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦး ဦးစီးသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက စုပေါင်းဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်မြင့်ဦးနှင့် ကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

တပ်ကုန်းမြို့နယ်အတွင်း ရေဝင်ရောက်တတ်သည့်နေရာများအား ကွင်းဆင်းကြည့်ရှု

တပ်ကုန်း နိုဝင်ဘာ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြတ်သူသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ လိုက်ပါ၍ ရာသီဥတုပြောင်းလဲခြင်း ဖြစ်စဉ်များဖြစ်ပွားနေခြင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးရွာသွန်းမှုများနေခြင်းတို့ကြောင့် တပ်ကုန်းမြို့နယ်အတွင်း ရေဝင်ရောက်မှု



ဖြစ်ပွားလေ့ရှိသည့် အနေ့ရထာရပ်ကွက် နဝင်းချောင်းကူး တံတားနှင့်ချောင်း၊ ညောင်ပင်သာကျေးရွာ၊ နဝင်းချောင်းနေရာများ၌ ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရာဇဖွေကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး လမ်းညွှန်အမှာစကား ပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများ၊ စက်လှေများ၊ ယာဉ်စက်များစစ်ဆေးခြင်း၊ တပ်ဖွဲ့ဝင်များအား သဘာဝဘေး အသင့်စုဖွဲ့ထားရှိမှု ရှိ/မရှိစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

❁ မော်လမြိုင်မှ

ထိုသို့ကွင်းဆင်းကြည့်ရှုရာ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ပေါ်ဆန်းရင်စပါးမျိုး စိုက်ဧက ၃၇၅ ဧကဏ၏ ရိတ်သိမ်းနေမှုအခြေအနေများ၊ စပါးအထွက်နှုန်းကောင်းမွန်စေရေးနှင့် ရိတ်သိမ်းချိန်လွန် အလေအလွင့်နည်းပါးစေရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉) အရ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အမျိုးသမီးများကို လက်ခံစောင့်ရှောက်ထား

နေပြည်တော် နိုဝင်ဘာ ၁၅

အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉) အရ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် ပြစ်မှုရင်ဆိုင်ဆဲ ၄ ဦး၊ ပြစ်ဒဏ်ကျ ၅၆ ဦး၊ အုပ်ထိန်းသူမဲ့ကျောင်းသူ ၂၃ ဦး စုစုပေါင်းကျောင်းသူ ၈၃ ဦး တို့ကို လက်ခံစောင့်ရှောက်ထားပြီး ကျောင်းအနေဖြင့် အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်း၊ အသိပညာဗဟုသုတများ တိုးပွားစေရန်ပုံပိုးမှုများဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ စိတ်လှုပ်ရှားပိုင်းဆိုင်ရာ ပုံပိုးမှုပေးခြင်း၊ မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ယနေ့နံနက်ပိုင်းတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇေ သည် အဆိုပါ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ရှိသူများက ကျောင်းအတွင်းဖွင့်လှစ်ထားသည့် အကြမ်းဖက်ခံရသော အမျိုးသမီးများကို တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center- OSWSC)တွင် စောင့်ရှောက်ထားကာ ဝန်ဆောင်မှုပေးနေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းသူများအား အကျင့်စာရိတ္တပြုပြင်ပေးခြင်း အပြင် ၎င်းတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များဖိတ်ခေါ်ကာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာကို တိုးချဲ့သင်ကြားပေးခြင်း၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့၏ နေရပ်ပြန်ပါက ပြန်လည်အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းသူများ စားသောက်မှုတွင် အထောက်အပံ့ဖြစ်စေရေးနှင့် စိတ်အပန်းဖြေမှုရရှိစေရေး ကျောင်းတွင်းသီးပင်စားပင်များ စိုက်ပျိုးရန်နှင့် စိတ်လှုပ်ရှားပိုင်းဆိုင်ရာ ပုံပိုးမှုများ ဆောင်ရွက်ပေးရန်မှာကြားပြီး သင်တန်းသူများနှင့် ဝန်ထမ်းများကိုအားပေးစကားများ ပြောကြားသည်။

ထို့ပြင် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းရှိ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့် စက်ချုပ်လေ့ကျင့်ကုန်ထုတ်ခြင်းသင်တန်း၊ ချုပ်စက္ကူခေါက် ကုန်ချောထုတ်လုပ်ခင်း၊ ချည်ထိုးသင်တန်း၊ ခြင်းထိုးသင်တန်းနှင့် “အ”သုံးလုံးသင်ကြားပေးမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ချမ်းမြေမောင်(ပြန်/ဆက်)

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(သန်လျင်)၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်တို့က ဘွဲ့ရမောင်မယ်များအတွက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အထူးပြုဘာသာရပ်အလိုက် မဟာဘွဲ့နှင့် ရိုးရိုးဘွဲ့များတွင် အမှတ်အများဆုံး ရရှိကြသော ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ဘွဲ့ရမောင်မယ်များအား ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

ယနေ့ကျင်းပသည့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အထူးပြုဘာသာရပ် အလိုက် မဟာဘွဲ့ရရှိသူ ၁၄ ဦး၊ အသုံးချစာရင်းအင်းပညာဘွဲ့လွန် ဒီပလိုမာနှစ်ဦး၊ အထူးပြုဘာသာရပ်အလိုက် စီးပွားရေးသိပ္ပံဘွဲ့ ရရှိသူ ၂၆၇ ဦး စုစုပေါင်း ၂၈၃ ဦးကို ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အနုညာတခုံသမာဓိသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာအနုညာတခုံသမာဓိများအဖွဲ့ (College of Myanmar Arbitrators–CMA)က ဖွင့်လှစ်ပို့ချခဲ့သည့် အနုညာတခုံသမာဓိသင်တန်းအမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိအတွင်းဝန်များရုံးခန်းမြက်ခင်းပြင်၌ နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်းဗဟိုဌာနနှင့် မြန်မာအနုညာတခုံသမာဓိလူကြီးများအဖွဲ့တို့၏ Foundation Father နှင့် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာမောင်မောင်သိမ်းက ဩဝါဒစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းတွင် အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရာတွင် အသုံးပြုသော Arbitration နည်းလမ်းနှင့် ဖြေရှင်းခြင်းစနစ်ကြီး ပြန့်ပွားလာစေရန်၊ ဖြေရှင်းခြင်းနည်းစနစ်ကို အထောက်အကူဖြစ်စေရန်နှင့် Arbitration နည်းလမ်းအတိုင်း ဖြေရှင်းပေးနိုင်သည့် Arbitrator များ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ အဆိုပါသင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ Myanmar Arbitration Centre အနေဖြင့် Arbitration နည်းလမ်းဖြင့် မြန်မာနိုင်ငံသားအချင်းချင်း ဖြစ်ပွားသော အငြင်းပွားမှုများသာမက မြန်မာနှင့် နိုင်ငံခြားသား၊ နိုင်ငံခြားသားအချင်းချင်း ဖြစ်ပွားသော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကိုပါ အောင်မြင်စွာ ဖြေရှင်းပေးလျက်ရှိကြောင်း သိရသည်။

ကိုဌေး

လမ်းတည်ဆောက်ခြင်းလုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

သန်လျင် နိုဝင်ဘာ ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်းတည်ဆောက်ခြင်းလုပ်ငန်းများအား နိုဝင်ဘာ ၁၃ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)၊ သန်လျင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး၊ သန်လျင်မြို့နယ် ဦးစီးမှူး၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် လမ်းလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို အထူးအလေးထားအသုံးပြုရန်နှင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



သန်းဝင်း(သန်လျင်)



နမ့်စန်မြို့၌ အယ်လ်နီညိုဖြစ်စဉ်အပေါ် လိုက်လျောညီထွေစွာ နေထိုင်နိုင်ရေး အသိပညာပေး

နမ့်စန် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတု ပြောင်းလဲမှုလျော့နည်းစေရေးနှင့် အယ်လ်နီညိုဖြစ်စဉ်အပေါ် လိုက်လျောညီထွေစွာ နေထိုင်နိုင်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက နောင်ဟီးကျေးရွာအုပ်စု ကုန်းဆာကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ လွိုင်လင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇာလင်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး၊ အယ်လ်နီညိုဖြစ်စဉ်အပေါ် လိုက်လျောညီထွေစွာနေထိုင်နိုင်ရေးနှင့် ရေသယံဇာတများနှင့် တောမီးအန္တရာယ်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။ အဆိုပါအသိပညာပေးဟောပြောပွဲသို့ ကုန်းဆာကျေးရွာမှကျေးရွာတာဝန်ခံနှင့် ပလောင်တိုင်းရင်းသားတိုင်းရင်းသူ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)

စားသုံးသူဘေးကင်းရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုမှသည် တိုင်းပြည်ခိုင်မာရေးဆီသို့ ...

လူသားတစ်ဦး၏ ဘဝရှင်သန်မှု၊ ကျန်းမာကြွရွှင်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့တွင် "အာဟာရ" သည် အခြေခံအကျဆုံးသော မဏ္ဍိုင်တစ်ရပ်ဖြစ်သည်။ နေ့စဉ်စားသုံးနေသော အစားအစာများသည် ခန္ဓာကိုယ်အတွက် စွမ်းအင်၊ ကြီးထွားဖွံ့ဖြိုးမှုနှင့် ရောဂါကာကွယ်နိုင်စွမ်းတို့ကို ပေးစွမ်းသော်လည်း ဘေးကင်းလုံခြုံမှု မရှိပါက ကျန်းမာရေးအတွက် အန္တရာယ်ကြီးမားစွာ ဖြစ်ပေါ်စေနိုင်သည်။

မောင်ဇော်ခင်

မိမိတို့နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးကဏ္ဍ မြင့်မားလာစေရန်နှင့် ခိုင်မာသော လူမှုအဖွဲ့အစည်း ကို တည်ဆောက်ရန်အတွက် **"စားသုံးသူဘေးကင်း ရေးနှင့် အစားအစာဘေးကင်းလုံခြုံမှု"**သည် အမျိုးသားရေးအသိဖြင့် အလေးထားရမည့် မဏ္ဍိုင် ကြီး ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့ရိုးရာ ဆိုရိုးစကားများတွင် ကျန်းမာရေးနှင့်အစားအသောက် ဆိုင်ရာ အတွေးအခေါ်များကို ဆိုရိုးစကားများ၊ ဥပမာပုံပြင်များဖြင့် မျိုးဆက်အဆက်ဆက် လက်ဆင့်ကမ်း သွန်သင်ပေးခဲ့ကြသည်။ **"အစာ လည်းဆေး၊ ဆေးလည်းအစာ"** ဟူသော ဆိုရိုးစကား က နေ့စဉ်စားသုံးသည့် အစားအစာများသည် ခန္ဓာ ကိုယ်ကျန်းမာရေးကို တည်ဆောက်ပေးသည့် အခြေခံဖြစ်ကြောင်း ဖော်ညွှန်းထားသည်။ **"တန်ဆေးလွန်ဘေး"**ဟူသော ဆိုရိုးစကားက အရာရာတွင် အလွန်အကျွံမဖြစ်စေရန် သတိပေး ထားသကဲ့သို့ **"ရောဂါမရှိခြင်းသည် မြတ်သော ဆုလာဘ်"** ဟူသော အဆိုကလည်း ကျန်းမာခြင်း၏ တန်ဖိုးကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။ ထို့အပြင် "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမို ကောင်းမွန်သည်"ဟူသည့် သဘောတရားကို မြန်မာလူမျိုးတို့က ရှေးပဝေသဏီကတည်းက လက်ခံကျင့်သုံးခဲ့ကြသည်။

ယနေ့ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစိန်ခေါ်မှုများ မြင့်မားလာသည့်ခေတ်တွင် စားသုံးသူတိုင်းသည် အစားအစာ၏ အာဟာရတန်ဖိုး၊ သန့်ရှင်းမှုနှင့် ဘေးကင်းလုံခြုံမှုတို့ကို အလေးထားရန် လိုအပ်ပါ သည်။ အစားအစာဘေးကင်းရေးသည် လူတစ်ဦး ချင်းစီ၏ ကျန်းမာရေးသာမက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးတို့နှင့်လည်း တိုက်ရိုက်ဆက်စပ်လျက် ရှိသည်။

အစားအစာ၏ အဓိပ္ပာယ်နှင့် အာဟာရလိုအပ်ချက်များ

အစားအစာသည် လူသားတို့ အသက်ရှင် ရပ်တည်နိုင်ရန် လိုအပ်သောအခြေခံအရင်းအမြစ် ဖြစ်သည်။ အပင်များ၊ တိရစ္ဆာန်များနှင့် လူသားများ သည် မတူညီသော နည်းလမ်းများဖြင့် အာဟာရ ဓာတ်များကို ရယူအသုံးပြုကြသော်လည်း အစား အစာမရှိဘဲ ရှင်သန်နိုင်ခြင်းမရှိကြပေ။ ဆန်၊ ဂျုံ၊ ပဲအမျိုးမျိုး၊ အသား၊ ငါး၊ ဥ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများနှင့် သန့်ရှင်း သော သောက်ရေတို့သည် လူ့ခန္ဓာကိုယ်အတွက် အရေးပါသော အာဟာရရင်းမြစ်များဖြစ်ကြသည်။

ဆေးပညာနှင့် အာဟာရဗေဒဆိုင်ရာအရ အစားအစာသည် ဗိုက်ပြည့်စေရန်အတွက်သာ မဟုတ်ဘဲ ခန္ဓာကိုယ်၏ ကြီးထွားဖွံ့ဖြိုးမှု၊ တစ်သျှူး များ ပြုပြင်ထိန်းသိမ်းမှု၊ ကိုယ်ခံအားစနစ် အားကောင်းစေမှု၊ ဟော်မုန်းများနှင့် အင်ဇိုင်းများ ထုတ်လုပ်နိုင်မှုတို့အတွက် အရေးပါသောအခန်း ကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့ပြင် နှလုံး၊ ဦးနှောက်၊ အဆုတ်၊ အသည်းနှင့် ကျောက်ကပ်ကဲ့သို့သော အရေးကြီးအင်္ဂါအစိတ်အပိုင်းများ၏ ပုံမှန်လုပ်ငန်း ဆောင်တာများကို ဆက်လက်ထိန်းသိမ်းနိုင်ရန် လည်း အာဟာရဓာတ်များ လိုအပ်ပါသည်။

လူ့ခန္ဓာကိုယ်သည် နေ့စဉ်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်နှင့် ကျန်းမာသန်စွမ်းစွာ နေထိုင် နိုင်ရန် ကစီဓာတ်မှ စွမ်းအင်၊ ပရိုတင်းဓာတ်မှ ခန္ဓာ ကိုယ်တည်ဆောက်မှုနှင့် ပြုပြင်မှု၊ အဆီဓာတ်မှ စွမ်းအင်သိုလှောင်မှုနှင့် ဆဲလ်ဖွဲ့စည်းမှု၊ ဗီတာမင်များ နှင့် သတ္တုဓာတ်များမှ ဇီဝကမ္မဖြစ်စဉ်များ ထိန်းညှိ ပေးမှုတို့ကို ရရှိစေပါသည်။ ထို့အပြင် ရေသည် ခန္ဓာ ကိုယ်အပူချိန်ထိန်းညှိခြင်း၊ အာဟာရဓာတ်များ သယ်ဆောင်ပေးခြင်းနှင့် အညစ်အကြေးများ စွန့်ထုတ်ပေးခြင်းတို့တွင် မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ လူတစ်ဦး၏ အသက်အရွယ်၊ လိင်၊ အလုပ်အကိုင်နှင့် ကျန်းမာ ရေးအခြေအနေအလိုက် အာဟာရလိုအပ်ချက်များ ကွဲပြားနိုင်သော်လည်း အာဟာရဓာတ် စုံလင်မျှတ သောအစားအစာကို စားသုံးခြင်းသည် ကျန်းမာ သောဘဝ၏ အခြေခံအုတ်မြစ်ဖြစ်သည်။

စံပြကျန်းမာရေးအတွက် သင့်တော်သော အစားအစာနှင့် မျှတသောအစားအစာ၏ အရေးပါမှု

ကျန်းမာရေးကောင်းမွန်မှုသည် အစားအစာ ပမာဏတစ်ခုတည်းပေါ်တွင် မူတည်ခြင်းမဟုတ်ဘဲ အာဟာရစုံလင်မှု၊ အစားအစာအမျိုးအစားစုံလင်မှု နှင့် မှန်ကန်သော စားသုံးမှုပုံစံတို့ပေါ်တွင်မူတည် သည်။ လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများသည် ဗီတာမင်များ၊ သတ္တုဓာတ် များနှင့် အမျှင်ဓာတ်များ ကြွယ်ဝသဖြင့် ကိုယ်ခံအား ကောင်းမွန်စေပြီး အစာခြေစနစ်ကို ကောင်းမွန်စေ သည်။ အသား၊ ငါး၊ ဥနှင့် ပဲအမျိုးမျိုးမှရရှိသော ပရိုတင်းဓာတ်များသည် ခန္ဓာကိုယ်တည်ဆောက်မှု နှင့် ကြွက်သားဖွံ့ဖြိုးမှုအတွက် အရေးပါသည်။ အလားတူ ဆန်၊ ဂျုံ၊ ပေါင်မုန့်၊ အာလူးနှင့် အခြား ကောက်နှံများသည် ခန္ဓာကိုယ်၏ အဓိကစွမ်းအင် ရင်းမြစ်ဖြစ်သော ကာဗိုဟိုက်ဒရိတ်ကို ပုံပိုးပေး သဖြင့် ဦးနှောက်နှင့် ကြွက်သားများ၏ လုပ်ငန်း ဆောင်တာများ ပုံမှန်လည်ပတ်နိုင်ရန် အထောက် အကူပြုပါသည်။

သို့ရာတွင် အာဟာရပြည့်ဝသော အစားအစာ ဖြစ်စေကာမူ လိုအပ်သည်ထက် ပိုမိုစားသုံးခြင်း သည် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်ပါ သည်။ မြန်မာတို့၏ **"တန်ဆေးလွန်ဘေး"** ဟူသော ဆိုရိုးစကားကဲ့သို့ပင် အလွန်အကျွံစားသုံးမှုသည် အဝလွန်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံး နှင့် သွေးကြောဆိုင်ရာရောဂါများအပါအဝင် မကူး စက်နိုင်သော နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်ခြေ ကို မြင့်မားစေနိုင်ပါသည်။ အထူးသဖြင့် သကြား၊ ဆားနှင့် ပြည့်ဝဆီများပါဝင်သော ပြုပြင်ထုတ်လုပ် ထားသည့် အစားအစာများကို အလွန်အကျွံ စားသုံး ခြင်းသည် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်စေနိုင် ကြောင်း ဆေးပညာသုတေသနများက ဖော်ပြထား ပါသည်။

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ အဖွဲ့ အစည်းများနှင့် အာဟာရပညာရှင်များက **"မျှတ သောအစားအစာ"** ကို နေ့စဉ်စားသုံးရန် အကြံပြုကြ ပါသည်။ မျှတသောအစားအစာဆိုသည်မှာ ကာဗို ဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီ၊ ဗီတာမင်၊ သတ္တုဓာတ်၊ အမျှင်ဓာတ်နှင့် ရေတို့ကို အသက်အရွယ်၊ ကျန်းမာ ရေးအခြေအနေနှင့် နေ့စဉ်လှုပ်ရှားမှုအလိုက် သင့်လျော်မျှတသော ပမာဏဖြင့် စနစ်တကျ ပေါင်းစပ်စားသုံးခြင်းကို ဆိုလိုပါသည်။ ထိုသို့ စားသုံးနိုင်မှသာ ခန္ဓာကိုယ်၏လိုအပ်သော အာဟာရ ဓာတ်များကို ပြည့်စုံစွာရရှိနိုင်မည်ဖြစ်ပြီး ကိုယ်ခံ အားကောင်းမွန်ခြင်း၊ ဦးနှောက်စွမ်းဆောင်ရည် မြင့်မားခြင်း၊ ကြီးထွားဖွံ့ဖြိုးမှု ကောင်းမွန်ခြင်းနှင့် ရောဂါဘေးများမှ ကာကွယ်နိုင်ခြင်းတို့ကို ရရှိမည် ဖြစ်ပါသည်။ မှန်ကန်သော အစားအစာရွေးချယ်မှုနှင့် မျှတသောစားသုံးမှုသည် ထိရောက်သော ကျန်းမာ ရေး ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ ဘဝအရည်အသွေးမြင့်မားရေးနှင့် ကျန်းမာသော လူ့ဘောင်အဖွဲ့အစည်း တည်ဆောက်ရေးအတွက် အရေးပါသော အခြေခံဖြစ်ပါသည်။

> **"လူသားတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရာတွင် အာဟာရပြည့်ဝသော အစားအစာများကို ရွေးချယ်စားသုံးခြင်းနှင့်အတူ အစားအစာဘေးကင်းလုံခြုံမှုကို အလေးထားဆောင်ရွက်ခြင်းသည်လည်း အရေးကြီးသော အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ထုတ်ပြန်ချက်အရ အစားအစာဘေးကင်းရေးဆိုသည်မှာ "စားသုံးသူများ စားသုံးသည့်အခါ ကျန်းမာရေးကိုထိခိုက်စေနိုင်သော ဇီဝဗေဒဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များမှ ကင်းစင်သောအစားအစာများကို ထုတ်လုပ်၊ ဖြန့်ဖြူးရေးနှင့် စားသုံးနိုင်ရေး" ကို ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် အစားအစာဘေးကင်းရေးသည် အစားအစာတစ်မျိုး၏ အရသာကောင်းမွန်မှုမှသည် သို့မဟုတ် အာဟာရတန်ဖိုးမြင့်မားမှုတစ်ခုတည်းကိုသာမဆိုလိုဘဲ စားသုံးသူ၏ကျန်းမာရေးကို အန္တရာယ်မဖြစ်စေရန် အဆင့်တိုင်း၌ စနစ်တကျ ထိန်းချုပ်ထားမှုကိုပါ ဆိုလိုခြင်းဖြစ်ပါသည်။**

အစားအစာညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်များ

ကျန်းမာရေးကောင်းမွန်စေရန် အာဟာရ ပြည့်ဝသော အစားအစာများကို ရွေးချယ်စားသုံးရန် လိုအပ်သကဲ့သို့ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအစာများနှင့် အစားအစာဘေးအန္တရာယ်များ ကိုလည်း သိရှိနားလည်ကာ ကြိုတင်ကာကွယ်ရန် လိုအပ်ပါသည်။ ပြည်သူ့ကျန်းမာရေးပညာရပ်အရ အစားအစာဘေးကင်းလုံခြုံမှုသည် လူတစ်ဦးချင်း၏ ကျန်းမာရေးသာမက မိသားစုနှင့် လူမှုအသိုက်အဝန်း တစ်ရပ်လုံး၏ ကျန်းမာရေးအတွက်ပါ အရေးကြီး သော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။

မလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ အသား၊ ငါးနှင့် ပင်လယ်စာများတွင် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ မြွှန့် ကပ်ပါး ပိုးများ ပွားများလာနိုင်သဖြင့် အစားအစာမှတစ်ဆင့် ကူးစက်သောရောဂါများ ဖြစ်ပွားနိုင်ပါသည်။ အစား အစာများကို သန့်ရှင်းစွာမပြင်ဆင်ခြင်း၊ သင့်လျော် သော အပူချိန်တွင် မသိုလှောင်ခြင်းနှင့် လုံလောက် စွာ မချက်ပြုတ်ခြင်းတို့သည် ရောဂါကူးစက်မှု အန္တရာယ်ကို တိုးမြင့်စေသည်။ ထို့အပြင် အသင့် အစားအစာများ၊ အချိုရည်များနှင့် အလွန်အကျွံ ပြုပြင်ထုတ်လုပ်ထားသော အစားအစာများတွင် ဆား၊ သကြားနှင့် အဆီဓာတ်များ မြင့်မားစွာပါဝင် လေ့ရှိပြီး ရေရှည်တွင် မကူးစက်နိုင်သော နာတာ ရှည်ရောဂါများကို ဖြစ်ပွားစေနိုင်သည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသော ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများကို စနစ်တကျ မသုံးစွဲပါက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တွင် ဓာတုအကြွင်းအကျန်များ ကျန်ရှိနိုင်သည်။ ထိုဓာတုပစ္စည်းများကို ရေရှည်ထိတွေ့စားသုံးပါက အသည်း၊ ကျောက်ကပ်နှင့် အာရုံကြောစနစ်များကို ထိခိုက်စေနိုင်ပြီး အချို့သောအခြေအနေများတွင် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကိုပင် မြင့်တက်စေ နိုင်ကြောင်း သုတေသနများက ဖော်ပြထားပါသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ကို စားသုံးသည့်အခါ သန့်ရှင်းသောရေဖြင့် စင်ကြယ် စွာ ဆေးကြောခြင်း၊ အခွံခွာနိုင်သော အစားအစာများ ကို အခွံခွာစားသုံးခြင်း၊ ယုံကြည်စိတ်ချရသော အရင်းအမြစ်များမှ ဝယ်ယူစားသုံးခြင်းနှင့် ထုတ်ကုန်တံဆိပ်များကို စစ်ဆေးခြင်းတို့ကို လိုက်နာသင့်သည်။

အစားအစာဘေးကင်းရေး၏ အနှစ်သာရ

လူသားတို့၏ ကျန်းမာရေးကို ကာကွယ် စောင့်ရှောက်ရာတွင် အာဟာရပြည့်ဝသော အစား အစာများကို ရွေးချယ်စားသုံးခြင်းနှင့်အတူ အစား အစာဘေးကင်းလုံခြုံမှုကို အလေးထားဆောင်ရွက် ခြင်းသည်လည်း အရေးကြီးသော အခြေခံလိုအပ် ချက်တစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ထုတ်ပြန်ချက်အရ အစားအစာဘေးကင်း ရေးဆိုသည်မှာ "စားသုံးသူများ စားသုံးသည့်အခါ ကျန်းမာရေးကိုထိခိုက်စေနိုင်သော ဇီဝဗေဒဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များမှ ကင်းစင်သောအစားအစာများကို ထုတ်လုပ်၊ ဖြန့်ဖြူးရေးနှင့် စားသုံးနိုင်ရေး" ကို ဆိုလိုခြင်းဖြစ်ပါ သည်။ ထို့ကြောင့် အစားအစာဘေးကင်းရေးသည် အစားအစာတစ်မျိုး၏ အရသာကောင်းမွန်မှု သို့မဟုတ် အာဟာရတန်ဖိုးမြင့်မားမှုတစ်ခုတည်း ကိုသာမဆိုလိုဘဲ စားသုံးသူ၏ကျန်းမာရေးကို အန္တရာယ်မဖြစ်စေရန် အဆင့်တိုင်း၌ စနစ်တကျ ထိန်းချုပ်ထားမှုကိုပါ ဆိုလိုခြင်းဖြစ်ပါသည်။

အစားအစာဘေးကင်းရေး ရှုထောင့်မှနေ၍ "လယ်ယာမှ ထမင်းပိုင်းသို့"ဟူသော စနစ်တကျ စောင့်ကြည့်ထိန်းချုပ်မှုသည် အရေးပါလှပါသည်။ အစားအစာတစ်မျိုးသည် စိုက်ပျိုးမွေးမြူခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ပြုပြင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စားသုံးသူထံရောက်ရှိခြင်းအထိ အဆင့်တိုင်းတွင် ညစ်ညမ်းမှုနှင့် အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တွင် ပိုးသတ်ဆေးနှင့် ဓာတုအကြွင်းအကျန်များ မကျန်ရှိစေရေး၊ အသားနှင့် ငါးများတွင် ရောဂါပိုးများ မပါဝင်စေရေး၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် သန့်ရှင်းမှုစံချိန်စံညွှန်းများကို လိုက်နာရေးတို့သည် အစားအစာဘေးကင်းရေး၏ အခြေခံအချက်များ ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ❖

ပြိုင်ပွဲဝင် ဝတ်အသင်းပေါင်း ၆၀ ကျော်ပါဝင်သည့် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်မှုအကောင်းဆုံးရွေးချယ်ပွဲ ကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၁၅

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးရှု၍ မြို့နယ်ဗုဒ္ဓဘာသာသာသနာရေးရာအဖွဲ့ကစီစဉ်ကျင်းပသည့် အခြေခံပညာကျောင်းပေါင်း ၁၅ ကျောင်းတို့မှ ပြိုင်ပွဲဝင် ဝတ်အသင်းပေါင်း ၆၀ ကျော် ပါဝင်ပူဇော်ကြသည့် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်မှု အကောင်းဆုံးရွေးချယ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ သာသနာ့ဓမ္မာန်တော်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်ခန့်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက မိမာန်တော်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများပါဝင်သည့် ဝတ်အသင်းအဖွဲ့များ၏ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်မှုကို ဆရာတော်သံဃာတော်များက အကဲဖြတ်အမှတ်ပေးမှုအား ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်



နှင့် ဇနီးတို့က ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်မှုအတွက် အလှူငွေကျပ် သိန်း ၁၀၀၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက အလှူငွေကျပ် ၁၀ သိန်းနှင့် ပြည်နယ်ဝန်ကြီးများက အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ယနေ့ နံနက်ပိုင်းကလည်း မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်း ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှု အသင်းချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၂၆ ခုနှစ်၊ ကချင်ဒိုးရာကောက်သစ်စား (အင်လုံအင်နန်ရှား)ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မဂ္ဂယိခန်းမရှေ့၌ ကောက်သစ်စားပွဲအတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီက ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ပွဲတော်မုခ်ဦး တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှုည့်လည်ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သက်ကြီးဝါရင့်အားကစားကလောင်ရှင်များအား ကန်တော့ငွေများ ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၅

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့၏ သက်ကြီးဝါရင့်အားကစားကလောင်ရှင်များအား ၂၀၂၆ခုနှစ်အတွက် ကန်တော့ငွေများကို ယနေ့တွင် ကျောက်တံတားမြို့နယ် SKKဆိုင်၌ ပေးအပ်သည်။

ဦးစွာ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝဏ္ဏ(မာဂျေ)က သက်ကြီးဝါရင့်အားကစားကလောင်ရှင်များအား ကန်တော့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သက်ကြီးဝါရင့်အားကစားကလောင်ရှင်များအား ကန်တော့ငွေများ ပေးအပ်သည်။

အဆိုပါ ကန်တော့ငွေများပေးအပ်ရာ ရန်ကုန်မြို့ရှိ သက်ကြီးဝါရင့်အားကစားကလောင်ရှင် ခုနစ်ဦးအားလည်းကောင်း၊ မန္တလေးမြို့ရှိ နှစ်ဦးအား Kpay ဖြင့် လည်းကောင်း၊ ရန်ကုန်မြို့ရှိ ကျန်းမာရေးမကောင်းသူ ခြောက်ဦးအား အိမ်သို့သွားရောက်၍ လည်းကောင်း တစ်ဦးလျှင် ငွေကျပ်သုံးသိန်းဖြင့် ကန်တော့ခဲ့ကြောင်း သိရသည်။

ဗလ





ပုဗ္ဗသီရိမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေးထိခိုက်မှု၊ ထုတ်လုပ်မှု ထိခိုက်မှု ဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ ရက်က ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာ၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာချစ်ဇော်ဦးက ဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မွေးမြူရေးတိရစ္ဆာန်များ ဆုံးရှုံးမှု မရှိစေရန်၊ ထုတ်လုပ်မှု လျော့ကျမှုမရှိစေရန်အတွက် ရေ၊ အစာကြိုတင်စီမံသိုလှောင်ခြင်း၊ ရောဂါနှင့် အပူဒဏ်မှ ကာကွယ်ခြင်း၊ အရေးပေါ် တုံ့ပြန်မှုများအတွက် ပြင်ဆင်ထားခြင်းတို့နှင့်စပ်လျဉ်း၍ အသိပညာပေး ဟောပြောသည်။

အလားတူ အသိပညာပေးဟောပြောပွဲများကို ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ငါးစိမ်းအင်း၊ ပုဇွန်ဆိပ်၊ ဝဲကြီး၊ ဘဲကုန်း(တောင်)၊ ရွာသစ်၊ သရက်သမိန်၊ ဇီးကုန်းစသည့် ကျေးရွာများတွင် တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

❖ စာမျက်နှာ ၆ မှ

အစားအစာများတွင် ဖြစ်ပေါ်နိုင်သော အန္တရာယ်များကို အဓိကအားဖြင့် အုပ်စု သုံးမျိုး ခွဲခြားနိုင်ပါသည်။ ပထမအုပ်စုမှာ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ပြိုနှင့် ကပ်ပါးပိုးများကြောင့် ဖြစ်ပေါ်သော ဇီဝဗေဒဆိုင်ရာ အန္တရာယ်များဖြစ်ပြီး အစာအဆိပ်သင့်ခြင်းနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်စေနိုင်ပါသည်။ ဒုတိယအုပ်စုမှာ ပိုးသတ်ဆေး အကြွင်းအကျန်များ၊ တရားမဝင် ဓာတုဆိုးဆေးများ၊ လေးလံသော သတ္တုများနှင့် စက်မှုလုပ်ငန်းမှ ညစ်ညမ်းဓာတုပစ္စည်းများကြောင့် ဖြစ်ပေါ်သော ဓာတုဗေဒဆိုင်ရာ အန္တရာယ်များဖြစ်ပါသည်။ တတိယအုပ်စုမှာ ဖန်စများ၊ သတ္တုအစိတ်အပိုင်းများ သို့မဟုတ် အခြားပြင်ပအရာဝတ္ထုများ ရောနှောပါဝင်လာခြင်းကြောင့် ဖြစ်ပေါ်သော ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များ ဖြစ်ကြပါသည်။ ယင်းအန္တရာယ်များကို ထိရောက်စွာ ထိန်းချုပ်နိုင်မှသာ ပြည်သူများ ကျန်းမာလုံခြုံစွာ စားသုံးနိုင်မည်ဖြစ်ပါသည်။

နိုင်ငံယန္တရားများနှင့် လူထုပူးပေါင်းပါဝင်မှု

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အစားအစာနှင့် ဆေးဝါးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့် စစ်ဆေးကြပ်မတ်ရေးစနစ်များကို တည်ထောင်ဆောင်ရွက်လျက်ရှိသည်။ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေး အဖွဲ့အစည်းများသည် အစားအစာများ၏ အရည်အသွေး၊ ဘေးကင်းလုံခြုံမှုနှင့် တံဆိပ်ဖော်ပြမှုမှန်ကန်မှုတို့ကို စစ်ဆေးကြပ်မတ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်သူ့ကျန်းမာရေးကို ကာကွယ်ဖြင့်တင်နိုင်ရန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဆိုင်ရာ တာဝန်ရှိဌာနများက အစားအသောက် ထုတ်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ ဈေးကွက်များနှင့် စားသုံးကုန် ထုတ်လုပ်မှုလုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးခြင်း၊ စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် ပြည်သူလူထုအား အစားအစာဘေးကင်းရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် အစားအစာဘေးကင်းရေးသည် အစိုးရဌာနများ၏ တာဝန်တစ်ခုတည်းမဟုတ်ဘဲ ထုတ်လုပ်သူများ၊ တင်သွင်းဖြန့်ဖြူးသူများ၊ ရောင်းချသူများနှင့် စားသုံးသူများအားလုံး၏ ပူးပေါင်းပါဝင်မှု လိုအပ်သော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ထုတ်လုပ်သူများသည် စံချိန်စံညွှန်းများကို လိုက်နာရမည်ဖြစ်ပြီး စားသုံးသူများသည်လည်း ထုတ်ကုန်တံဆိပ်များကို ဖတ်ရှုစစ်ဆေးခြင်း၊ သက်တမ်းကုန်ဆုံးရက်များကို သတိပြုခြင်းနှင့် ယုံကြည်စိတ်ချရသော ထုတ်ကုန်များကိုသာ ရွေးချယ်ဝယ်ယူခြင်းတို့ကို ဆောင်ရွက်သင့်သည်။

မိမိကိုယ်တိုင်ကာကွယ်ခြင်းမှသည် နိုင်ငံတော်အားကောင်းရေးအထိ

ကျန်းမာရေးကောင်းမွန်မှုသည် ရောဂါဖြစ်ပြီးနောက် ကုသခြင်းထက် ရောဂါမဖြစ်စီမံ ကြိုတင် ကာကွယ်ခြင်းအပေါ် ပိုမိုမူတည်သည်။ ထို့ကြောင့် လတ်ဆတ်သန့်ရှင်းသော အစားအစာများကို ရွေးချယ်စားသုံးခြင်း၊ မျှတသောအစားအစာကို စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်း၊ အိပ်စက်အနားယူမှု လုံလောက်စွာရရှိခြင်းနှင့် ပုံမှန် ကျန်းမာရေးစစ်ဆေးမှုများ ခံယူခြင်းတို့သည် ကျန်းမာသောဘဝအတွက် အရေးကြီးသည်။

ယနေ့ ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို လှေလာကြည့်ပါက သဘာဝသယံဇာတများထက် လူ့စွမ်းအားအရင်းအမြစ်၏ အရည်အသွေးသည် ပိုမိုအရေးပါလာကြောင်း တွေ့ရှိရပါသည်။ ကျန်းမာသန်စွမ်းသော ပြည်သူများသည် ကုန်ထုတ်စွမ်းအား မြင့်မားကြပြီး ပညာရေးရလဒ်ကောင်းမွန်ခြင်း၊ အလုပ်လုပ်နိုင်စွမ်း မြင့်မားခြင်းနှင့် ဆန်းသစ်တီထွင်နိုင်စွမ်း ပိုမိုကောင်းမွန်ခြင်းတို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ကြပါသည်။ အခြားတစ်ဖက်တွင် ကျန်းမာရေးချို့တဲ့မှုများနှင့် ရောဂါဝန်ထုပ်ဝန်ပိုးများများပြားလာပါက ဆေးကုသမှုကုန်ကျစရိတ်များ မြင့်တက်လာပြီး လုပ်သားစွမ်းအား လျော့နည်းကာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် စားသုံးသူတစ်ဦးချင်း၏ တာဝန်သိသော အစားအစာရွေးချယ်မှု၊ ကျန်းမာရေး အသိပညာမြင့်မားမှုနှင့် အစားအစာဘေးကင်းရေး စည်းမျဉ်းများကို လိုက်နာကျင့်သုံးမှုတို့သည် မိမိကိုယ်တိုင်နှင့် မိသားစု၏ကျန်းမာရေးကို ကာကွယ်ပေးရုံသာမက နိုင်ငံတော်၏ ပြည်သူ့ကျန်းမာရေး အဆင့်အတန်း မြင့်မားလာစေရန်၊ ဆေးကုသမှု ဆိုင်ရာ ကုန်ကျစရိတ်များကို လျှော့ချနိုင်ရန်နှင့် စွမ်းရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် အရေးပါသောအခြေခံအင်အား တစ်ရပ်ဖြစ်ပါသည်။

ကျွန်ုပ်တို့ နေ့စဉ်ရွေးချယ်စားသုံးနေသော အစားအစာများသည် ဗိုက်ပြည့်စေရန်အတွက်သာ မဟုတ်ဘဲ ကျန်းမာရေး၊ အသက်ရှည်ကျန်းမာမှု၊ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းနှင့် ဘဝအရည်အသွေး တို့ကို တိုက်ရိုက်အကျိုးသက်ရောက်စေသော အရေးကြီးသည့် အခြေခံအချက်တစ်ရပ်ဖြစ်ပါသည်။

"အစာလည်းဆေး၊ ဆေးလည်းအစာ" ဟူသော ဆိုရိုးစကားအတိုင်း အစားအစာသည် ကျန်းမာရေး ကောင်းမွန်စေရန် အခြေခံဆေးဝါးတစ်မျိုးဖြစ်ပြီး **"ရောဂါမရှိခြင်းသည် မြတ်သောဆုလာဘ်"** ဟူသော အဆိုသည် ကျန်းမာခြင်း၏တန်ဖိုးကို သတိပေးနေပါသည်။

ကျန်းမာသော ပြည်သူတစ်ဦးချင်းစီက ကျန်းမာသောမိသားစုကို တည်ဆောက်ပေးနိုင်ပြီး ကျန်းမာသောမိသားစုများစွာ ပေါင်းစည်းလာသော အခါ ကျန်းမာသောလူ့အဖွဲ့အစည်းနှင့် အားကောင်းသော နိုင်ငံတော်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားတိုင်းသည် အစားအစာဘေးကင်းရေး အသိပညာကို လက်တွေ့အသုံးချကာ မိမိကိုယ်တိုင်မှစတင်၍ မိသားစု၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်အဆင့်အထိ ကျန်းမာရေးယဉ်ကျေးမှု အမှုအကျင့်ကောင်းများကို ပျိုးထောင်ကြပါစို့။ ထို့မှတစ်ဆင့် ကျန်းမာသန်စွမ်းသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် အမြဲမြန်မာနိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်ကာ တောက်ပဝင်ကြွားစွာရပ်တည်နိုင်စေရန် ကြိုးစားတည်ဆောက်ကြပါစို့။

"ကျန်းမာသော ပြည်သူသည် နိုင်ငံတော်၏ အဖိုးတန်ဆုံးသော အင်အားဖြစ်သည်။ အစားအစာဘေးကင်းရေးကို လိုက်နာခြင်းဖြင့် ကျန်းမာသော မျိုးဆက်၊ ကျန်းမာသောလူ့အဖွဲ့အစည်းနှင့် ကျန်းမာသော မြန်မာနိုင်ငံတော်ကြီးကို အတူတကွ တည်ဆောက်ကြပါစို့"။ ။

အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် မွေးမြူရေးလုပ်ငန်းရှင်များအား တိုက်တွန်းပြောကြား

တောင်ကြီး နိုဝင်ဘာ ၁၅

ဒေသတွင်းနေထိုင်သည့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် တိုက်တွန်းပြောကြားလိုက်သည်။



ပြည်နယ် ဝန်ကြီးချုပ်သည် မွေးမြူရေး လုပ်ငန်းရှင်များကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့နယ် အသုံးတော်ကျေးရွာအုပ်စု ရှိ ရှမ်းရိုးမမွေးမြူရေးဇုန်(၂) ရှင်းလင်းဆောင်ခန်းမ၌ တွေ့ဆုံ၍ ထိုသို့တိုက်တွန်းခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းများအောင်မြင်ပါက တိုးချဲ့ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအားလုံး တက်ညီလက်ညီ ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပါက ဖွံ့ဖြိုးတိုးတက်သော မွေးမြူရေးဇုန် တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်ထားသော အဝီစိတွင်းရေ၊ ရေလှောင်ကန်နှင့် ရှမ်းရိုးမ မွေးမြူရေးဇုန်(၂)တွင် မွေးမြူထားသော ကြက်ခြံတို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ရှမ်းရိုးမမွေးမြူရေးဇုန်(၂) အဝင်လမ်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဆောင်ရွက်မည့် လမ်းအရှည် (၅)မိုင်ရှိသည့်အနက် (၁)မိုင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် တောင်ကြီးမြို့နယ် လုံးတိုင်- ပုံးအယ်- ဂနိုင်ခဲ- ကျောက်တိုင်ကျေးရွာမှ ညောင်ရွေမြို့ နယ်စပ်အထိ ချိတ်ဆက်ထားသော ၅/၀ မိုင်အနက် ၀/၄ မိုင် ကတ္တရာထပ်ပိုးလွှာခင်း လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လမ်းပခုံးများကို စနစ်တကျ ဆောင်ရွက်ရန်၊ ကားလမ်းဘေးတွင် ရေစီးရေလာကောင်းမွန်ရေး အတွက် ရေနုတ်မြောင်းများ ကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး-မွေတော်ကဏ္ဍူလမ်း အား ၂၄ ပေအကျယ်အထိ ချဲ့ထွင် ဆောင်ရွက်ရန်၊ လက်ရှိလမ်း၏ အချို့နေရာများတွင် အကွေ့အကောက်များကို ဖြေညှိနိုင်သည့် လမ်းဒီဇိုင်းကို ပြန်လည်ရေးဆွဲ ဆောင်ရွက်ရန်နှင့် တံတားအတက် အဆင်းများ ပြန်ညှိရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက် ရှိသည့် တောင်ကြီးမြို့နယ် တောင်ကြီး-ဟမ်းဆီး- နောင်ယားဆိုင်းလမ်း ၁၈ ပေမှ ၂၄ ပေ အကျယ် ကတ္တရာ လမ်း တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါ်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

တွံတေးမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

တွံတေး နိုဝင်ဘာ ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံဦးဇော်မိုးဦး၊ သန်လျင်ခရိုင် လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတား လုပ်ငန်း ဆောင်ရွက်နေမှု မြေပြင်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းတံတားများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး အစရှိသည့် လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



သမဝါယမအသင်းအမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

ကလော နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အသင်းအမှုဆောင်သစ်ရွေးချယ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မောရွေလီဇည့်ရိပ်သာဝင်းအတွင်းရှိ အသင်းရုံးခန်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး အသင်းနှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို အသင်း၏တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုပြီး မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်အသစ် ပြန်လည်ရွေးချယ်ခြင်းနှင့် ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝိုးတောင်း



ရန်ကင်းမြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေး

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကင်းမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်ရေး လေ့ကျင့်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အခြေခံရှေးဦးပြုစုခြင်း သင်တန်းသားများအား လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အမှတ်(၅)ရပ်ကွက် ရန်ရှင်းလမ်း



နှင့် စက်မှုလမ်းထောင့်ရှိ TDG Co.,Ltd. မှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် အထပ်မြင့် ကွန်ဒိုအဆောက်အအုံလုပ်ငန်း ခွင်မှ အင်ဂျင်နီယာနှင့် လုပ်သား ၁၈၀ ခန့်အား လည်းကောင်း အသိပညာပေး ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်းဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် သုံးဦးတို့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် ရှေးဦးမီးငြိမ်းသတ်ရေး နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

သာပေါင်းမြို့ သန့်ရှင်းသာယာလှပစေရေး ပြည်သူများနှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်

သာပေါင်း နိုဝင်ဘာ ၁၅

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့ သန့်ရှင်းသာယာစေရေးအတွက် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပူးပေါင်း ဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ကြရာတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဇော်အောင်နှင့် ကော်မတီဝင်များက ကြိုးကြပ်ကာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်း၍ အမှတ်(၃)ရပ်ကွက် (၉၃)လမ်းတစ်လျှောက် အားကစား နှင့် ကာယပညာဦးစီးဌာန အားကစားခန်းမ ပတ်ဝန်းကျင် နေရာနှင့် သာပေါင်း-ပုသိမ် ကားလမ်းဘေး ဝဲ/ယာရှိ ပလတ်စတစ် စွန့်ပစ်အမှိုက်များ၊ ချွန်ယပေါင်းမြက် ခုတ်ထွင် ရှင်းလင်းပြီး စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သယ်ပိုးစွန့်ပစ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)

မိုင်းရယ်မြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မိုင်းရယ် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးစီး၍ လူငယ်များ ဘဝတိုးတက်ရေးအတွက် အသိပညာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယမန်နေ့က



မိုင်းရယ်မြို့နယ် ပြည်သူ့စာကြည့်တိုက် ခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် 4th years (Civil) ဖြင့် နည်းပညာတက္ကသိုလ် တက်ရောက်လျက် ရှိသည့် မတင့်တင့်မိုးဦး၊ MUFL တွင် အင်္ဂလိပ်စာ ဘာသာရပ်ဖြင့် မဟာဘွဲ့ တက်ရောက်မည့် မမိုးပြည့်ပြည့်ထွန်းနှင့် မိုင်းရယ် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ခင်မာလာတို့က လူငယ်များအတွက် အသိပညာနှင့် အတတ်ပညာများ လိုအပ်ချက်များ၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည့် ပညာရေးအခြေအနေများ၊ လူငယ်များအတွက် ဘာသာစကား လိုအပ်ချက်များ၊ လူငယ်များအတွက် အလုပ်အကိုင်ရှာဖွေရာတွင် အွန်လိုင်းမှတစ်ဆင့်ရှာဖွေနည်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)

တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

စာတည်းအဖွဲ့

နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် နိုင်ငံခြားဆက်ဆံရေး၊ ဥပဒေရေးရာ၊ ပညာရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ ခရီးသွားလာရေး၊ ငြိမ်းချမ်းရေး၊ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး၊ သဘာဝဘေးကယ်ဆယ်ရေး၊ သတိပေးခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှု စသည့် သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

နိုင်ငံခြားဆက်ဆံရေး

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိခဲ့သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သလို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်လည်း သီးခြားစီ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲများတွင် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ကုန်သွယ်မှုတရားဝင်ရေး၊ အွန်လိုင်းလိမ်လည်မှုများ ပပျောက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဥပဒေရေးရာ

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၁၂ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စု သဘောတူစာချုပ်ပါအချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထို့ပြင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကိုလည်း ဆွေးနွေးအတည်ပြုခဲ့သည်။

ပညာရေး

မြန်မာကျောင်းသားလူငယ်များအတွက် ထိုင်းနိုင်ငံရှိ တက္ကသိုလ်များနှင့် ပညာရေးအခွင့်အလမ်းများကို တိုက်ရိုက်လေ့လာစုံစမ်းနိုင်မည့် (၁၂) ကြိမ်မြောက် ထိုင်းပညာရေးပြပွဲကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ထို့ပြင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြခန်းများဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ကုန်သွယ်ရေး

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်မွေးမြူရေးကဏ္ဍ ငါးမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်း အဖွဲ့ချုပ်က နိုဝင်ဘာ ၈ ရက်သတင်းတွင် ဖော်ပြခဲ့သည်။ ထို့ပြင် ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်ရငွေအနက်မှ ကိုယ်ပိုင်သုံးစွဲနိုင်သည့် ပမာဏကို နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့်ရက်အား ရက် (၃၀) အစား (၄၅) ရက်အထိ တိုးမြှင့်သတ်မှတ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်က နိုဝင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ကုန်ထုတ်လုပ်ရေး

ကရင်ပြည်နယ် ဘားအံစက်မှုဇုန်၌ ဒေသထွက်ရော်ဘာကုန်ကြမ်းများဖြင့် တစ်နှစ်လျှင် ရော်ဘာဖိနပ် ဒါဇင် တစ်သိန်းငါးသောင်း ထုတ်လုပ်နိုင်သည့် Thai Fashion ရော်ဘာဖိနပ်ထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့သည်။

ကျန်းမာရေး

စစ်ကိုင်း၊ မကွေးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အသက် (၉) လမှ (၅၉) လအတွင်း ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးသည့် လုပ်ငန်း (Phase 2) ကို နိုဝင်ဘာ ၉ ရက်မှစ၍ စတင်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ရေး

မွန်ပြည်နယ် သိမ်ဇရပ်-ကျိုက်ထိုနှင့် ပဲခူးတိုင်းဒေသကြီး နယ်မြေအစပ် တောတောင်များအတွင်း အခြေပြုနေသည့် NUG၊ CRPH၊ KNU၊ KNLA ပူးပေါင်းအဖွဲ့များ၏စခန်းများကို တပ်မတော်စစ်ကြောင်းများက နိုဝင်ဘာ ၃ ရက်မှ စတင်၍ တိုက်ခိုက်ခဲ့သည်။ နိုဝင်ဘာ ၇ ရက်အထိ NUG/CRPH တို့၏ အထူးတိုင်းစစ်ဌာနချုပ်နှင့် KNU/KNLA တပ်မဟာ (၁)၊ ရင်း (၃) ဌာနချုပ် အပါအဝင် အခြေပြုစခန်း ၁၁ နေရာကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီး လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းအများအပြား သိမ်းဆည်းရမိခဲ့သည်။

ခရီးသွားလာရေး

တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများ အဆင်ပြေစွာသွားလာနိုင်ရန် ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည် ခရီးစဉ်များတွင် အထူးရထားများ (AAR၊ DEMU နှင့် လေအိတ်တွဲဆိုင်းများ) ကို နိုဝင်ဘာ ၂၀ ရက်မှ ၂၅ ရက်အတွင်း ရက်အလိုက်တိုးချဲ့ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ငြိမ်းချမ်းရေး

မန္တလေးမြို့တွင် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် TNLA အဖွဲ့မှ ဗျူဟာမှူးအပါအဝင် အဖွဲ့ဝင် ၂၀၀ အား မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့သည်။ ထို့ပြင် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ KIA၊ KPDF နှင့် PDF အဖွဲ့ဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ခြောက်ဦး တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် တာဝန်ရှိသူများက မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံခဲ့သည်။

အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် နောင်ဂူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦး ကို ယာယီလူနေတဲ၊ အလုပ်ရုံနှင့် လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း နိုဝင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံမှ ဆုကြေးငွေထုတ်ပြန်ထားသည့် တရားခံပြေး Su Fu Quan (ဆူးဖုချမ်) အပါအဝင် တရုတ်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၆ ဦးကို ကွန်ပျူတာ ၁၂၁ လုံး၊ ဖုန်းအလုံး ၁၉၀၊ ဆာဗာ စသည့်လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း နိုဝင်ဘာ ၁၃ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

သဘာဝဘေးကယ်ဆယ်ရေး

နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီး၊ ညောင်ရွှေ၊ ဟိုပုံး စသည့် မြို့နယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာ ၁၂ ရက်တွင် ယာယီရေဘေးရှောင်စခန်းများသို့ ရောက်ရှိနေသည့် ရေဘေးသင့် ပြည်သူများအား စားရေရိက္ခာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

သတိပေးခြင်း

ဂျာမနီသံရုံး၏ လူမှုကွန်ရက်စာမျက်နှာ၌ ထုတ်ပြန်ခဲ့သည့်ဗီဒီယိုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က ရန်ကုန်မြို့ရှိဂျာမနီသံရုံး ယာယီတာဝန်ခံ မစ္စတာမာသီးရက်စ်လေရှာ့စ်အား ခေါ်ယူသတိပေးပြောကြားခဲ့ပြီး သတိထောက်လွှာပေးအပ်ခဲ့ကြောင်း နိုဝင်ဘာ ၁၀ ရက်တွင် သတင်းဖော်ပြခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှု

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့ စစ်ကဲကြီးရပ်ကွက်ရှိ မြို့နယ် ပြည်သူ့ဆေးရုံအား နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဆေးရုံဝင်းအတွင်းရှိ သံဃာကုသ အဆောက်အအုံနှင့် အစည်းအဝေးခန်းမတို့၏ ပြတင်းပေါက်၊ မှန်တံခါး၊ မျက်နှာကြက်နှင့် ပရိဘောဂအချို့ ထိခိုက်ပျက်စီးခဲ့သော်လည်း ဆေးရုံတက်ရောက်နေသည့် ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းသိရသည်။

အောင်လံမြို့နယ် စမ်းကလေး(ရေတွင်းစု)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်

အောင်လံ နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် စမ်းကလေး(ရေတွင်းစု) ကျေးရွာ ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့တွင် စမ်းကလေး (ရေတွင်းစု) ကျေးရွာ၌ ပြုလုပ်သည်။



ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ချစ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ချစ်က အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က စီမံကိန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၅

ယနေ့ ည ၉ နာရီ၊ ၀၂ မိနစ်၊ ၀၂ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက် - အနောက် မြောက်ဘက် ၃၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ပေါက်မြို့၏ အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၃၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၆ ဒီဂရီ၊ အနက် ၁၁၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၉ (M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

အိမ်တွင်းသုံးရေ ချေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။



အမှိုက်မှ စွမ်းအင်သို့ ... ကမ္ဘာ့မြို့ကြီးများ၏ အတွေ့အကြုံ

ဝေဖြိုးအောင်

(ယမန်နေ့မှအဆက်)

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် CopenHill (Amager Bakke) ဟုခေါ်သော အမှိုက်မှ စွမ်းအင်စက်ရုံသည် စက်မှုဇုန်တစ်ခုသက်သက်မဟုတ်ဘဲ မြို့ပြအနုပညာနှင့် အပန်းဖြေစရာနေရာအဖြစ် တည်ဆောက်ထားသည်။ စက်ရုံအမိုးပေါ်တွင် နှင်းလျှောစီးကွင်း တည်ဆောက်ထားပြီး ဘေးဘက်နံရံများတွင် ကျောက်တောင်တက်လေ့ကျင့်ရေးနံရံများကို တပ်ဆင်ထားသည်။ အလွန်အဆင့်မြင့်သော ဓာတ်ငွေ့သန့်စင်စနစ်များကြောင့် အဆိပ်သင့် ဓာတ်ငွေ့ထွက်ရှိမှု လုံးဝနီးပါးကင်းစင်သည်။ ပြည်သူ့ကျန်းမာရေးကို ထိခိုက်မှုမရှိကြောင်း သက်သေပြနိုင်သဖြင့် မြို့လယ်ကောင်နှင့် နီးကပ်စွာ တည်ဆောက်ထားနိုင်သည်။ ယင်းသည် နိုင်ငံတကာ မြို့ပြ စီမံကိန်းရေးဆွဲသူများအတွက် စံပြတစ်ခုဖြစ်လာသည်။



ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ CopenHill စက်ရုံ။

ဂျပန်နိုင်ငံ တိုကျိုမြို့တော်

ဂျပန်နိုင်ငံ တိုကျိုမြို့တော်ဧရိယာအတွင်းတွင် အမှိုက်မီးရှို့စက်ရုံပေါင်း ၂၁ ရုံရှိသည်။ တိုကျိုဇ၏ အောင်မြင်မှုလျှို့ဝှက်ချက်မှာ နည်းပညာသာမက ပြည်သူလူထု၏ တိကျသောအမှိုက်ခွဲခြားမှုစနစ်ဖြစ်သည်။ လောင်ကျွမ်းနိုင်သောအမှိုက်၊ မလောင်ကျွမ်းနိုင်သောအမှိုက်၊ ပြန်လည်အသုံးပြုနိုင်သောအမှိုက်ဟူ၍ အိမ်ထောင်စုအဆင့်ကတည်းက တိကျစွာခွဲခြားထားသဖြင့် စက်ရုံများ၏ စွမ်းဆောင်ရည် အလွန်မြင့်မားသည်။ ဤစက်ရုံများသည် လူနေရပ်ကွက်များအတွင်း၌ပင် တည်ရှိနေပြီး ပြည်သူလူထု၏ယုံကြည်မှုကို အပြည့်အဝရရှိထားသည်။

“မြို့ပြကျန်းမာရေးဌာနများနှင့် စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့များ အဓိကစိုးရိမ်ရသည့်အချက်မှာ မီးရှို့စက်ရုံများမှ ထွက်ပေါ်လာသော လေထုညစ်ညမ်းမှုဖြစ်သည်။ အထူးသဖြင့် ပလတ်စတစ်များကို မီးရှို့ရာတွင် ထွက်ပေါ်လာနိုင်သော Dioxins နှင့် Furans ကဲ့သို့သော ကင်ဆာဖြစ်စေနိုင်သည့် ဓာတုဒြပ်ပေါင်းများ၊ ပြာမှုန့် (Particulate Matter- PM) နှင့် လေးလံသတ္တု (Heavy Metals) များ ထွက်ရှိနိုင်ပါသည်။ သို့သော် ခေတ်မီ WtE စက်ရုံများသည် အဆိုပါပြဿနာများကို နည်းပညာဖြင့် အောင်မြင်စွာဖြေရှင်းနိုင်ခဲ့”

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် Spittelau စက်ရုံသည် အမှိုက်မှ စွမ်းအင်စက်ရုံများကို အများပြည်သူလက်ခံလာစေရန် (NIMBY – Not In My Back Yard အမြင်ကို ချေဖျက်ရန်) အနုပညာလက်ရာမြောက်စွာ ဆောက်လုပ်ထားသည်။ နာမည်ကျော် ဗိသုကာပညာရှင် Friedensreich Hundertwasser ၏ ဒီဇိုင်းဖြင့် လှပစွာတည်ဆောက်ထားပြီး စက်ရုံမှထွက်သောအပူကို မြို့တော်၏ District Heating (နေအိမ်များသို့ အပူပေးစနစ်) အတွက် အသုံးပြုသည်။ ယင်းသည် ဗီယင်နာမြို့၏ ခရီးသွားများလာရောက်လည်ပတ်ရာ အထင်ကရ နေရာတစ်ခုပင် ဖြစ်လာခဲ့သည်။

ကုန်ကျစရိတ်နှင့် စွမ်းအင်ရရှိမှု (ဘဏ္ဍာရေးဆိုင်ရာ သုံးသပ်ချက်)

အမှိုက်မှစွမ်းအင်သို့ စီမံကိန်းများကို ဆောင်ရွက်ရာတွင် အရေးကြီးဆုံးမေးခွန်းမှာ “ကုန်ကျငွေနှင့် ရရှိသော စွမ်းအင်တွက်ခြေကိုက်ပါသလား” ဆိုသည့်အချက်ဖြစ်သည်။ ဤမေးခွန်းအတွက်အဖြေကို အောက်ပါဘဏ္ဍာရေးအညွှန်းကိန်းများဖြင့် သုံးသပ်ရပါမည် –

အမှိုက်မှစွမ်းအင်စက်ရုံများသည် တည်ဆောက်စရိတ်အလွန်ကြီးမားပါသည်။ အဆင့်မြင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စစ်ထုတ်စနစ်များ ပါဝင်သော ခေတ်မီစက်ရုံတစ်ရုံသည် အမှိုက်တစ်တန်စွမ်းဆောင်ရည်အတွက် အမေရိကန်ဒေါ်လာ ၈၀၀ မှ ၁၂၀၀ အထိ ကုန်ကျနိုင်ပါသည်။ ထို့ကြောင့် တန်ချိန် ၁၀၀၀ လည်ပတ်မည့် စက်ရုံတစ်ရုံလျှင် ဒေါ်လာသန်း ၁၀၀ မှ ၈၀၀ အထိ ကုန်ကျနိုင်ပါသည်။ အပူချိန်မြင့်မားစွာ လည်ပတ်ရခြင်း၊ အဆိပ်သင့် ဓာတ်ငွေ့များကို ဓာတုဗေဒနည်းဖြင့် ခြေဖျက်ရခြင်း တို့ကြောင့် နေ့စဉ်လည်ပတ်စရိတ် (Operational Expenditure – OPEX) လည်း ကြီးမားပါသည်။

WtE စက်ရုံများ၏ ဝင်ငွေသည် အဓိကအားဖြင့် လမ်းကြောင်းနှစ်ခုမှ လာပါသည်။

၁။ ထုတ်လုပ်ရရှိသော လျှပ်စစ်နှင့် အပူစွမ်းအင်ကို နိုင်ငံတော်ဓာတ်အားလိုင်းသို့ ရောင်းချခြင်း၊

၂။ စည်ပင်သာယာရေးအဖွဲ့များက အမှိုက်လာရောက်စွန့်ပစ်သည့်အတွက် စက်ရုံသို့ ပေးဆောင်ရသောအခကြေးငွေ (Tipping Fee)။ (အချို့နိုင်ငံများတွင် ကာဗွန်ခရက်ဒစ် ရောင်းချခြင်းမှလည်း ဝင်ငွေရရှိနိုင်ပါသည်။)

ကမ္ဘာ့ဘဏ်၏ လေ့လာချက်များနှင့် စီးပွားရေးပညာရှင်များ၏ တွက်ချက်မှုအရ အမှိုက်မှ စွမ်းအင်စက်ရုံများကို လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့် စက်ရုံသက်သက်အဖြစ် ရည်ရွယ်တည်ဆောက်ပါက တွက်ခြေမကိုက်ပါ။ ရရှိသော လျှပ်စစ်ရောင်းချငွေသည် စက်ရုံလည်ပတ်စရိတ်ကိုပင် ကာမိရန် ခက်ခဲပါသည်။ သို့သော် အမှိုက်မှစွမ်းအင်သို့ နည်းပညာကို မြို့ပြအမှိုက်ရှင်းလင်းရေးအခြေခံ အဆောက်အအုံအဖြစ် ရှုမြင်ပါက အလွန်တန်ဖိုးရှိပါသည်။

အမှိုက်ပုံများ တိုးချဲ့ရမည့် ကုန်ကျစရိတ်၊ မြေနေရာတန်ဖိုး၊ မြေအောက်ရေနှင့် လေထုညစ်ညမ်းမှုကြောင့် ပြည်သူ့ကျန်းမာရေးထိခိုက်မှုစရိတ်များကို ထည့်သွင်းတွက်ချက်ပါက အမှိုက်မှစွမ်းအင်သို့ နည်းပညာသည် စည်ပင်သာယာရေးကော်မတီများအတွက် ရေရှည်တွင် အကျိုးအမြတ်ရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ ထို့ကြောင့် အမှိုက်မှစွမ်းအင်သို့ နည်းပညာရှင်သန်ရပ်တည်နိုင်ရန် အစိုးရ သို့မဟုတ် စည်ပင်က သင့်တင့်သော အမှိုက်စွန့်ပစ်ခ ထောက်ပံ့ပေးရန် မဖြစ်မနေလိုအပ်ပါသည်။

ပြည်သူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု

မြို့ပြကျန်းမာရေးဌာနများနှင့် စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့များ အဓိကစိုးရိမ်ရသည့်အချက်မှာ မီးရှို့စက်ရုံများမှ ထွက်ပေါ်လာသော လေထုညစ်ညမ်းမှုဖြစ်သည်။ အထူးသဖြင့် ပလတ်စတစ်များကို မီးရှို့ရာတွင် ထွက်ပေါ်လာနိုင်သော Dioxins နှင့် Furans ကဲ့သို့သော ကင်ဆာဖြစ်စေနိုင်သည့် ဓာတုဒြပ်ပေါင်းများ၊ ပြာမှုန့် (Particulate Matter–PM) နှင့် လေးလံသတ္တု (Heavy Metals) များ ထွက်ရှိနိုင်ပါသည်။ သို့သော် ခေတ်မီ WtE စက်ရုံများသည် အဆိုပါပြဿနာများကို နည်းပညာဖြင့် အောင်မြင်စွာဖြေရှင်းနိုင်ခဲ့သည်။

Electrostatic Precipitators (လျှပ်စစ်သံလိုက်ဖြင့် ဖုန်မှုန့်စုပ်ယူခြင်း)၊ Baghouse Filters (အထူးပြုလုပ်ထားသောအိတ်များဖြင့် ပြာမှုန့်စစ်ထုတ်ခြင်း)နှင့် Scrubber များကိုအသုံးပြု၍ အဆိုပါညစ်ညမ်းမှု ၉၉ ရာခိုင်နှုန်းကျော်ကို ဖယ်ရှားနိုင်ပါသည်။ စက်ရုံတည်ဆောက်စရိတ်၏ သုံးပုံတစ်ပုံခန့်သည် ဤလေထုသန့်စင်ရေးစနစ်များအတွက်ဖြစ်သည်။ မီးရှို့ပြီး ကျန်ရှိသော အောက်ခံပြာကို ဆောက်လုပ်ရေးလုပ်ငန်းများ၊ လမ်းခင်းခြင်းများတွင် ပြန်လည်အသုံးပြုနိုင်ပြီး လေလွင့်ပြာကိုမူ အဆိပ်သင့်ပစ္စည်းအဖြစ် သတ်မှတ်ကာ ဘေးကင်းစေရန် အထူးပြုပြင်ပြီးမှသာ သီးသန့်မြေမြှုပ်စွန့်ပစ်ရသည်။ ကျန်းမာရေးရှုထောင့်မှကြည့်လျှင် စနစ်တကျ မထိန်းချုပ်ထားသော ရိုးရာအမှိုက်ပုံကြီးများထက် ခေတ်မီအမှိုက်မှစွမ်းအင်စက်ရုံများက ပြည်သူ့ကျန်းမာရေးအတွက် များစွာပိုမိုဘေးကင်းပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သင်ခန်းစာများနှင့် စိန်ခေါ်မှုများ

ဥရောပနှင့် အဆင့်မြင့်အာရှနိုင်ငံများတွင် အောင်မြင်သောစနစ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တိုက်ရိုက်ကူးယူကျင့်သုံးရန် အခက်အခဲများစွာရှိပါသည်။ ထိုနိုင်ငံများ၏ အခြေအနေနှင့်ကိုက်ညီသော နည်းပညာနှင့်မူဝါဒများကို သေချာစွာစိစစ်ရွေးချယ်ရမည်ဖြစ်သည်။ အာရှနိုင်ငံများ၏ အမှိုက် ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းသည် အစားအသောက်စွန့်ပစ်ပစ္စည်းဖြစ်ပြီး ရေဓာတ်အလွန်မြင့်မားပါသည်။ ရေဓာတ်များသောအမှိုက်သည် အပူစွမ်းအင်ထွက်ရှိမှုနည်းပါးသဖြင့် မီးရှို့ရာတွင် လောင်စာဆီထပ်မံဖြည့်စွက်ရခြင်းကြောင့် ကုန်ကျစရိတ်ပိုတက်စေပါသည်။ ဥရောပတွင်မူ စက္ကူနှင့် ပလတ်စတစ် ပါဝင်မှုများသဖြင့် မီးရှို့ရန် ပိုမိုလွယ်ကူသည်။

တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကဲ့သို့ အရင်းအမြစ်မှစ၍ အမှိုက်ခွဲခြားသည့်စနစ် အားနည်းသဖြင့် ပလတ်စတစ်၊ ဖန်၊ သံနှင့် စိုစွတ် အမှိုက်များ ရောနှောနေခြင်းက စက်ရုံလည်ပတ်မှုကို များစွာထိခိုက်စေသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်ရုံမရောက်မီ အမှိုက်များကို ခွဲခြားပေးမည့် Mechanical Biological Treatment (MBT) ကဲ့သို့သော ကြိုတင်ပြင်ဆင်ရေးစက်ရုံများ ပူးတွဲတည်ဆောက်ရန်လိုအပ်သည်။ စက်ရုံတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် စက်ရုံလည်ပတ်ရန် လိုအပ်သော Tipping Fee ပေးချေနိုင်စွမ်း အကန့်အသတ်ရှိနိုင်ပါသည်။

ဖွံ့ဖြိုးဆဲမြို့ကြီးများ၏ စည်ပင်သာယာဘတ်ဂျက်သည် ကန့်သတ်ချက်ရှိသဖြင့် နိုင်ငံတကာချေးငွေ သို့မဟုတ် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု (PPP) မော်ဒယ်များ လိုအပ်ပါသည်။ ထို့ကြောင့် Mass Burn Incineration ထက် စိုစွတ်သောအမှိုက်များမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သည့် နည်းပညာကို အစားထိုး သို့မဟုတ် ပေါင်းစပ်စဉ်းစားသင့်ပါသည်။ ထို့ပြင် အမှိုက်မှစွမ်းအင်စက်ရုံများ မတည်ဆောက်မီ အများပြည်သူ အမှိုက်ခွဲခြားစွန့်ပစ်သည့် ယဉ်ကျေးမှုတစ်ရပ်ကို အရင်ဆုံး ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

မြို့ပြအုပ်ချုပ်ရေးနှင့် မူဝါဒရေးရာ အကြံပြုချက်များ

ခေတ်မီမြို့ပြအုပ်ချုပ်ရေးတွင် အမှိုက်မှစွမ်းအင်သို့နည်းပညာကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် စက်ရုံမတည်ဆောက်မီ ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသရန်နှင့် ကျန်းမာရေးထိခိုက်မှုမရှိစေရေး အာမခံချက်ပေးရန် အရေးကြီးပါသည်။ အမှိုက်စွန့်ပစ်ခကောက်ခံသည့်စနစ်ကို အမှိုက်ထွက်ရှိမှုပမာဏအပေါ် အခြေခံသည့်စနစ်သို့ကူးပြောင်းရန် ဥပဒေမူဘောင်များ ပြင်ဆင်ရမည်။ ထို့ပြင် BOT (Build–Operate–Transfer) သို့မဟုတ် DBO (Design–Build–Operate) စနစ်များဖြင့် နိုင်ငံတကာ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရမည်။ ဤလုပ်ငန်းစဉ်တွင် စည်ပင်သာယာရေးကော်မတီများအနေဖြင့် မြေနေရာနှင့် စွန့်ပစ်အမှိုက်ပမာဏ အာမခံချက်ပေးရန် လိုအပ်သည်။

နိဂုံးချုပ်အားဖြင့် အမှိုက်မှ စွမ်းအင်သို့ နည်းပညာသည် မြို့ပြအမှိုက်စီမံခန့်ခွဲမှုအတွက် နောက် ဆုံးအဆင့် ဖြေရှင်းနည်းတစ်ခုသာဖြစ်သည်။ အနာဂတ်မြို့ပြစီမံကိန်းများတွင် စက်ဝိုင်းပုံစီးပွားရေးစနစ်ကို ဦးတည်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ အမှိုက်မဖြစ်ပေါ်အောင် လျှော့ချခြင်း(Reduce)၊ ပြန်လည်အသုံးပြုခြင်း (Reuse) နှင့် ပြန်လည်မွမ်းမံအသုံးပြုခြင်း(Recycle)ဟူသော **စာမျက်နှာ ၁၁သို့**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ပြသထားသည့် ပြကွက်များအား ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ



ရန်ကုန် နိုဝင်ဘာ ၁၅

ဗုဒ္ဓသာသနာတော်ကို သင်္ဂါယနာတင်ပွဲများ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ခဲယဉ်းစွာကျင်းပပြီး ထိန်းသိမ်းခဲ့ပုံကို သိမြင်နိုင်စေရန်နှင့် အထောက်အထားများ ပြည့်စုံစွာသိရှိနိုင်စေရန်၊ ဆဋ္ဌသင်္ဂါယနာတင်ခြင်းနှင့် ပတ်သက်သောအကြောင်းအရာ၊ အချက်အလက်များ ပြည့်စုံစွာ သိရှိနိုင်စေရန်၊ ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ခိုင်မြဲစေရန် ဆရာတော်၊ သံဃာတော်ကြီးများ၊ နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သားများက ခေတ်အဆက်ဆက်တွင် ဘက်ပေါင်းစုံမှ ကြိုးစား၍ ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ခဲ့ပုံများကို လေ့လာသိရှိ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်နှင့် ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်တိုင်းတွင် အလားတူ တာဝန်ရှိသည်ကို သိမြင်စေရန် ရည်ရွယ်ချက်တို့ဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော် ဆိုင်ရာသမိုင်းဝင် အမွေအနှစ်များကို ပြသထားသည့် ပြကွက်များအား ယနေ့နံနက်ပိုင်းတွင် တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅၃ ဦးနှင့် ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅၉ ဦး စုစုပေါင်း ၃၆၂ ဦးက လာရောက်လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးက ဦးဆောင်၍ သဃင်္ဂန်းကျွန်းခရိုင် ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် အထက်တန်းပြဆရာ ဆရာမများနှင့်အတူ ကျောင်းသား ကျောင်းသူများသည် ဆဋ္ဌသင်္ဂါယနာတင်မဟာပါသာဏလိုဏ်ဂူ သိမ်တော်၏ သမိုင်းကြောင်းနှင့် ဗုဒ္ဓသာသနာတော် ဆိုင်ရာ အမွေအနှစ်ပြကွက် ၁၀ ကွက်ကို လေ့လာကြရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ကိုကိုဇော် – MNA



ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ (ရန်ကုန်ဇုန်) အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင် အားကစားသမားများ အမျိုးသားပြတိုက်၊ စာဆိုဗိမာန်နှင့် အာကာပြတိုက်(ရန်ကုန်)တို့သို့ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၂၆ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ(ရန်ကုန်ဇုန်) အသင်းအုပ်ချုပ်သူ၊နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမား ၆၃၅ ဦးတို့သည် သင်္ကန်းကျွန်း ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နှင်းကြူဦး၏ စီမံမှုဖြင့် အားကစားအဖွဲ့တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးရဲနိုင်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၊ စာဆိုဗိမာန်နှင့် အာကာသပြတိုက် (ရန်ကုန်)တို့သို့ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက သွားရောက်လေ့လာခဲ့ကြသည်။

ဦးစွာ အမျိုးသားပြတိုက် တာဝန်ရှိသူက အမျိုးသားပြတိုက်သမိုင်းကြောင်းနှင့် အကြောင်းအရာများကို ရှင်းလင်းပြသသည်။ ထို့နောက် စာဆိုဗိမာန်သို့ သွားရောက်လေ့လာရာ စာဆိုဗိမာန် တာဝန်ခံက အားကစားသမားများအား လိုက်လံရှင်းလင်းပြသခဲ့သည်။ ဆက်လက်၍ အာကာသပြတိုက် (ရန်ကုန်)သို့ သွားရောက်လေ့လာရာ ခင်းကျင်းပြသထားသည်များကို လေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

တောင်ငူမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ နေပြည်တော်သို့ သွားရောက်လေ့လာ

တောင်ငူ နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီစဉ်ကြီးကြပ်၍ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ နေပြည်တော်သို့ သွားရောက်လေ့လာကြသည်။

သွားရောက်လေ့လာ

ထိုသို့သွားရောက်လေ့လာကြရာတွင် တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀၀၊ ဆရာ ဆရာမနှင့် အုပ်ချုပ်သူ ၁၁ ဦး စုစုပေါင်း ၁၁၁ ဦးသည် ယနေ့တွင် မော်တော်ယာဉ် သုံးစီးဖြင့် နေပြည်တော်ရှိ မာရဝိဇယဘုရား၊ အမျိုးသားပြတိုက်၊ စစ်သမိုင်းပြတိုက်၊ သူရဲကောင်းဗိမာန်များသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများသည် မာရဝိဇယဘုရားကို ဖူးမြော်ကြည်ညိုကြပြီး အမှတ်တရဓာတ်ပုံ ရိုက်ကူးကြသည်။ ထို့နောက် အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြပြီး မြန်မာနိုင်ငံ၏ သမိုင်းမတင်မီခေတ်မှစ၍ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်စသည့် ခေတ်အဆက်ဆက်မှ ရှေးဟောင်းပစ္စည်းများနှင့် အသုံးအဆောင်များ၊ ဘုရင်မင်းမြတ်များ၏ တော်ဝင်အသုံးအဆောင်များနှင့် ရိုးရာအနုပညာလက်ရာများ၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဝတ်စုံများ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းပစ္စည်းများ၊ မြန်မာပြည်တွင်း တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ ပြခန်းများကို လေ့လာမှတ်သားကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူ မော်ဒယ်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ဆက်လက်လေ့လာကြရာတွင် မြန်မာ့တပ်မတော် မှတ်တမ်းဓာတ်ပုံများ၊ စစ်လက်နက်များနှင့် သမိုင်းမှတ်တမ်းပြတိုက်တို့ကို ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာကြပြီး ညနေ ၄ နာရီခွဲအချိန်တွင် တောင်ငူမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)



စာမျက်နှာ ၁၀ မှ

3Rs လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ပြုလုပ်ပြီး မှသာ ကြွင်းကျန်သောအမှိုက်ကို အမှိုက်မှ စွမ်းအင်သို့ နည်းပညာဖြင့် စွမ်းအင်ပြောင်းလဲခြင်းကသာ အကောင်းဆုံးမဟာဗျူဟာဖြစ်ပါသည်။

အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်းသည် ကုန်ကျစရိတ်ကြီးမားပြီး လျှပ်စစ်ရောင်းချရုံသက်သက်ဖြင့် တွက်ခြေမကိုက်သော်လည်း မြေနေရာချွေတာနိုင်မှု၊ ပြည်သူ့ကျန်းမာရေး အကာအကွယ်ပေးနိုင်မှုနှင့် ရေရှည် မြို့ပြသန့်ရှင်းသာယာရေးတို့အတွက် မဖြစ်မနေရင်းနှီးမြှုပ်နှံရမည့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ခေတ်မီမြို့ပြအုပ်ချုပ်ရေးစနစ်သစ်များတွင် အမှိုက်သည် စွန့်ပစ်ရမည့်အရာမဟုတ်တော့ဘဲ အမျိုးသားစွမ်းအင်လုံခြုံရေးနှင့် သန့်ရှင်းသောမြို့ပြ ပတ်ဝန်းကျင် တည်ဆောက်ရေးအတွက် အဖိုးတန်သော အရင်းအမြစ်တစ်ခုဖြစ်လာပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မှီငြမ်းကိုးကားစာရင်း –

၁။ World Bank Group (2018). "What a Waste 2.0: A Global Snapshot of Solid Waste Management to 2050."

၂။ International Solid Waste Association (ISWA) Reports on Waste-to-Energy Guidelines.

၃။ Seoul Metropolitan Government (SMG). "Waste Management Policy and Resource Recovery Facilities in Seoul."

၄။ Intergovernmental Panel on Climate Change (IPCC). "Guidelines for National Greenhouse Gas Inventories: Waste."

၅။ European Environment Agency. "Municipal waste management in European cities (Copenhagen and Vienna case studies)."

၆။ United Nations Environment Programme (UNEP). "Waste to Energy: Considerations for Informed Decision Making."

၇။ Asian Development Bank (ADB). "Integrated Solid Waste Management for Local Governments: A Practical Guide."

ပြင်ဦးလွင်မြို့နယ်၌ Clean and Green School ဆိုင်ရာ အခြေခံစံနှုန်း၊ အညွှန်းကိန်းများနှင့်အညီ ဆောင်ရွက်ထားမှုကြည့်ရှုစစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုး ဦးဆောင်သောအဖွဲ့သည် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် ပြင်ဦးလွင်ခရိုင်၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့်ကျောင်းများအနက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၏ Clean and Green School ဆိုင်ရာ အခြေခံစံနှုန်း၊ အညွှန်းကိန်းများနှင့်အညီ ဆောင်ရွက်ထားမှုအခြေအနေများကို နိုဝင်ဘာ ၁၃ ရက်က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် အချိုရည်ဘူးခွံဟောင်းများဖြင့် အမှိုက်ပုံးပြုလုပ်ထားရှိမှု၊ စွန့်ပစ်ကားတာယာအဟောင်းများဖြင့် စားပွဲနှင့် ထိုင်ခုံများ ပြုလုပ်ထားရှိမှု၊ အလှပန်းပင်နှင့် ပရဆေးခင်းများ စိုက်ပျိုးထားရှိမှု၊ သိပ္ပံလက်တွေ့ခန်းမှ သရုပ်ပြသခြင်းနှင့် C and G School ဆိုင်ရာ အခြေခံစံနှုန်း၊ အညွှန်းကိန်းများနှင့်အညီ ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ မှတ်တမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြောပို့ချ

မကွေး နိုဝင်ဘာ ၁၅

၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြောပို့ချခြင်းကို ယမန်နေ့နံနက်ပိုင်းက မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပန်းဟေဝန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ မကွေးတက္ကသိုလ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့က ပူးပေါင်းဆောင်ရွက်ကြပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီး ယွတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများက တက်ရောက် အားပေးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မကွေးတိုင်းဒေသကြီး အနေဖြင့် အောင်ချက်ရာခိုင်နှုန်း ၅၈ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံး ဒုတိယရရှိခဲ့ပြီး တစ်နိုင်ငံလုံး အမှတ်အများဆုံး ၁၀ ဦးစာရင်း၌ သိပ္ပံ၊ ဝိဇ္ဇာဘာသာတွဲများမှ ခြောက်ဦးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲမှ လေးဦး ပါဝင်ခဲ့ကြောင်း၊ ထို့ပြင် ခြောက်ဘာသာဂုဏ်ထူးရှင် ၈၈ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၈၇ ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် ၃၃၂ ဦးတို့ ထွက်ပေါ်ခဲ့ကြောင်း၊ ၂၀၂၇ ခုနှစ် စာမေးပွဲများတွင်လည်း အောင်ချက်မြင့်မားရေးနှင့် ထူးချွန်စွာ အောင်မြင်သူများ ပိုမိုပေါ်ထွက်ရေးအတွက် ယခုအချိန်မှစ၍ အားလုံးပိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု ဘာသာစုံ အထူးထုတ်စာအုပ်များကို ကျောင်းအုပ်ဆရာမကြီးများထံ ပေးအပ်ပြီး မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ကေခိုင်က ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ၊ တက္ကသိုလ် နည်းပြ ဆရာ ဆရာမများက ဘာသာရပ်အလိုက် သင်ခန်းစာများကို ဆွေးနွေးဟောပြောပို့ချကြသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးမြို့ ထိန်ထိန်သာ ဟိုတယ်ခန်းမ၌ ကျင်းပသည့် ဟိုတယ်ဆိုင်ရာ အင်္ဂလိပ်ဘာသာ စကားသင်တန်း ဖွင့်ပွဲအခမ်းအနား သို့တက်ရောက်ပြီး သမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်များ ပေါ်ကြွယ်ဝသည့် မကွေးတိုင်း ဒေသကြီး၏ ခရီးသွားလုပ်ငန်း ပုံမှိုပ်ကို သင်တန်းမှရရှိမည့် ဘာသာစကားနှင့် ဝန်ဆောင်မှု ကျွမ်းကျင်မှုများဖြင့် မြှင့်တင်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ်ဝန်ဆောင်မှု အရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ မကွေးနှင့် မင်းဘူးမြို့နယ်တို့မှ ဟိုတယ်ဧည့်ကြိုဝန်ထမ်း ၃၀ နှင့် ဌာနဆိုင်ရာဝန်ထမ်း သုံးဦး စုစုပေါင်း သင်တန်းသား ၃၃ ဦး အား ၁၅ ရက်ကြာ ဖွင့်လှစ် သင်ကြားခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

မော်လမြိုင်မြို့နယ်၌ ရေခဲစက်၊ ရေသန့်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်း

မော်လမြိုင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ်အတွင်းရှိ ရေခဲစက်၊ ရေသန့်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်မှု၊ ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု လုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ လိုက်နာဆောက်ရွက်နိုင်ရေး အတွက် အခွန်ပညာပေးရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။



ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူးက ရေခဲစက်၊ ရေသန့်ထုတ်လုပ်သည့် လုပ်ငန်းရှင်များသို့ အခွန်ပညာပေး ရှင်းလင်းပွဲ ခေါင်းစဉ်ဖြင့် ပညာပေး ရှင်းလင်းဆွေးနွေးရာ လုပ်ငန်းရှင် ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

■

ပွင့်ဖြူမြို့နယ်၌ အခွန်ဆိုင်ရာ (M- TRACES) စနစ်အကြောင်း အသိပညာပေး ရှင်းလင်း

ပွင့်ဖြူ နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် အခွန်ထမ်းလုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ (M–TRACES) စနစ် အကြောင်း အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ဗိုလ်ဒွတ္တမခန်းမ၌ ကျင်းပသည်။

ပွင့်ဖြူမြို့နယ် အခွန်ဦးစီးဌာနမှူးက အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူများထံမှ ရသင့်ရထိုက်သော အခွန်များရရှိစေရေး အတွက် အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့် စစ်ဆေးခြင်းစနစ် Monitoring on Taxpayer Registry and Compliance Evaluation System (M–TRACES) စနစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အကြောင်းကို အသိပညာပေး ရှင်းလင်း ပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။



လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

သထုံ နိုဝင်ဘာ ၁၅

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် အထကရှိ ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလွင်မေက လူငယ်စကားဝိုင်း ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာဖတ်ခြင်း၊ မိမိအနှစ်သက်ဆုံး စာအုပ်တစ်အုပ်၊ လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ် တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။



ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကိုမေးမြန်းကြရာ စကားပိုင်းတွင် ပါဝင်ဆွေးနွေးသူတို့က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တဲ့ နိုင်ငံစေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

သီရိလင်္ကာနိုင်ငံ လူဦးရေ၏ ၁၉ ရာခိုင်နှုန်းနီးပါး ဆီးချိုရောဂါခံစားနေရ



ကိုလံဘို နိုဝင်ဘာ ၁၅

သီရိလင်္ကာနိုင်ငံ၌ လူဦးရေ၏ ၁၉ ရာခိုင်နှုန်းနီးပါးသည် ဆီးချိုရောဂါခံစားနေရပြီး အမှန်တကယ်ဖြစ်ပွားမှုနှုန်းမှာ ယခုထက်ပိုမိုမြင့်မားနိုင်ကြောင်း ကျန်းမာရေးဒုတိယဝန်ကြီး ဟန်ဆာကာ ဝီဂျီမူနီက ပြောကြားသည်။

ကမ္ဘာ့ဆီးချိုရောဂါနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်တွင် ကိုလံဘိုမြို့၌ကျင်းပစဉ် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့သည် သီရိလင်္ကာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ဖိအားတိုးလာစေသည့် အဓိက မကူးစက်နိုင်သောရောဂါများဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းအချို့တွင် တိုးတက်မှုများရှိသော်လည်း မကူးစက်နိုင်သောရောဂါများကို ကာကွယ်တားဆီးရေးတွင် စိန်ခေါ်မှုများ ဆက်လက်ရင်ဆိုင်နေရကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် ပြည်သူအများအပြားက ၎င်းတို့တွင် ရှိနေသည့် နောက်ခံကျန်းမာရေးပြဿနာများကို သတိမပြုမိကြခြင်းကြောင့် ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ရောဂါလက္ခဏာများ မပေါ်ပေါက်သေးသည့်အချိန်တွင်ပင် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကြရန် ပြည်သူများကို တိုက်တွန်းခဲ့သည်။ ရောဂါကို စောစီးစွာရှာဖွေတွေ့ရှိပြီး သင့်လျော်သောကုသမှုခံယူခြင်းဖြင့် ပြင်းထန်သောနောက်ဆက်တွဲကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။ **ဆင်ဟွာ**

ထိုင်းနိုင်ငံ ကျောက်ဖယားမြစ်၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် မီးထွန်းပွဲတော်ကျင်းပ



ဗန်ကောက် နိုဝင်ဘာ ၁၅

ထိုင်းနိုင်ငံ နိုင်ငံပိုင်ခရီးသွားလုပ်ငန်းအေဂျင်စီသည်ခရီးသွားများလာရောက်မှုအများဆုံး ခရီးသွားကာလအတွင်း နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရေးကျယ်ပြန့်သည့် ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသအဖြစ် ကျောက်ဖယားမြစ်တွင် မီးထွန်းပွဲတော်တစ်ခုကို နိုဝင်ဘာ ၁၃ရက်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

ဗီဂျစ်ကျောက်ဖယား ၂၀၂၆ဟု အမည်ပေးထားသည့် အဆိုပါ ပွဲတော်သည် ပွဲတော်ပိတ်သိမ်းမည့် ဒီဇင်ဘာ ၁၃ ရက် မတိုင်မီ ကာလအတွင်း ခရီးသွား ၁ ဒသမ ၄ သန်းကျော်ကို ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ထားပြီး ခရီးသွားများ၏ သုံးစွဲငွေ ထိုင်းဘတ် ၈ ဒသမ ၆ ဘီလီယံ ရှိမည်ဟု ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၏ ခန့်မှန်းချက်အရ သိရသည်။

ထိုင်းနိုင်ငံ၏ အဓိကရေလမ်းကြောင်းဖြစ်သည့် ကျောက်ဖယားမြစ်သည် နိုင်ငံ၏သမိုင်း၊ ယဉ်ကျေးမှု၊ ဗိသုကာလက်ရာနှင့် လူနေထိုင်မှုပုံစံများဆိုင်ရာ သမိုင်းကြောင်းကို ကိုယ်စားပြုနေကြောင်း ခရီးသွားလုပ်ငန်းနှင့် အားကစားဆိုင်ရာဝန်ကြီး ဆူရာဆက် ဖန်ချာရွန်ဝိုရာကူးလ်က ပြောကြားသည်။

အဆိုပါ ပွဲတော်သည် ယဉ်ကျေးမှု အမွေအနှစ်များကို တီထွင်ဖန်တီးနိုင်စွမ်း၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာတို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ တန်ဖိုးအသစ်များကို ဖန်တီးပေးသကဲ့သို့ ထိုင်းနိုင်ငံ၏အမျိုးသားရေးလက္ခဏာများကို လည်း ခေတ်နှင့်အညီ တင်ဆက်ပြသထားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ညအချိန်တွင် ဖျော်ဖြေရေးနှင့် လည်ပတ်စရာ အစီအစဉ်များ ရှိနေခြင်းက ခရီးသွားများအတွက် ခရီးသွားလာမှုများပြားစေရန်နှင့် ကြာရှည်စွာ တည်းခိုနေထိုင်စေရန် တွန်းအားပေးကြောင်းနှင့် အဆိုပါအစီအစဉ်အရ မြစ်ကမ်းတစ်လျှောက်ရှိ ဒေသခံများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေများရရှိစေပြီး ဗန်ကောက်မြို့ကို ကမ္ဘာ့အလယ်၌ တီထွင်ဖန်တီးမှု အားကောင်းသည့် မြို့တစ်မြို့အဖြစ် မိတ်ဆက်ပေးကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ

ဘာရိန်းရှိ အမေရိကန်ရေဒါစခန်းအား ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့ပြောကြား

တီဟီရန် နိုဝင်ဘာ ၁၅

ဘာရိန်းနိုင်ငံရှိ အမေရိကန်၏ရေဒါစခန်းအား မိမိ၏ အာကာသတပ်ဖွဲ့က ဒရုန်းများဖြင့်တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့က နိုဝင်ဘာ ၁၅ရက်တွင်ပြောကြားသည်။

ယခုကဲ့သို့ အယ်ရယ်ဖဒ် ရဟတ်ယာဉ်စခန်း၏ ရေဒါစနစ်အား ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းသည် အမေရိကန်တပ်ဖွဲ့၏ အီရန်အပေါ် ကျူးကျော်တိုက်ခိုက်မှုအတွက် ပြင်းထန်ပြတ်သားသည့်လက်တုံ့ပြန်တိုက်ခိုက်မှု၏ ဒုတိယအဆင့်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။ သင်္ဘောများကို အစောင့်အရှောက်လိုက်ပါဆောင်ရွက်ပေးရသည် ဟူသည့် အကြောင်းပြချက်ဖြင့် ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ရေနံတရားမဝင်ရောင်းဝယ်ရန် ကြိုးပမ်းသည့် အမေရိကန်သည် လက်ရှိအချိန်တွင် အဆိုပါရေလက်ကြားပိတ်ထားရခြင်း၏ အကြောင်းရင်းမှန်မှ ကမ္ဘာ့ပြည်သူများကို အာရုံလွှဲရန်အတွက် သေးသိမ်ပြီးမှားယွင်းလမ်းလွဲနေသည့် လုပ်ရပ်များကို ဆောင်ရွက်နေကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

ဟော်မုဇ်ရေလက်ကြားကို ခွင့်ပြုချက်မရှိသော လမ်းကြောင်းမှ ဖြတ်သန်းရန် ကြိုးပမ်းခဲ့သည့် ရေနံတင်သင်္ဘောနှစ်စင်းသည် ရေမြှုပ်မိုင်းများကို တိုက်မိပြီးနောက် မီးလောင်ပေါက်ကွဲခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ရေတပ်ဖွဲ့၏ နိုဝင်ဘာ ၁၅ ရက် ထုတ်ပြန်ချက်အရသိရသည်။

ဆင်ဟွာ

ကမ္ဘာတစ်ဝန်း ဝန်ဆောင်မှုရပ်တန့်မှုဖြစ်ပွားပြီးနောက် မိုက်ခရိုဆော့ဖ်၏ဝန်ဆောင်မှုများ ပြန်လည်ပုံမှန်လည်ပတ်

ဝါရှင်တန် နိုဝင်ဘာ ၁၅

ကမ္ဘာတစ်ဝန်း တစ်ရက်ကျော်ကြာဝန်ဆောင်မှုများ ရပ်တန့်ခဲ့ပြီးနောက် အမေရိကန်နည်းပညာကုမ္ပဏီကြီး မိုက်ခရိုဆော့ဖ်၏ ဝန်ဆောင်မှုအားလုံးပြန်လည်ပုံမှန်လည်ပတ်နေပြီဖြစ်ကြောင်း ကုမ္ပဏီက ယမန်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မိုက်ခရိုဆော့ဖ် ဝန်ဆောင်မှုအပြည့်အဝပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။အဆိုပါဝန်ဆောင်မှုပြတ်တောက်မှုကြောင့် အီးမေးလ်ဝန်ဆောင်မှု Outlook နှင့် အွန်လိုင်းအစည်းအဝေး ပြုလုပ်သည့် ပလက်ဖောင်း Teams အပါအဝင် ဝန်ဆောင်မှုအချို့ ထိခိုက်ခဲ့သည်။

ကုမ္ပဏီက လူမှုကွန်ရက်မှတစ်ဆင့် ဖြစ်စဉ်၏ အရင်းခံပြဿနာကို ဖြေရှင်းရန် ဆောင်ရွက်မှုများ အပြီးသတ်လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

ယင်းဖြစ်စဉ်သည် ဆိုက်ဘာတိုက်ခိုက်မှု သို့မဟုတ် ဉာဏ်ရည်တုနည်းပညာ(AI) နှင့် သက်ဆိုင်ခြင်းမရှိဘဲ ယခင်ကွန်ရက်စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်းစဉ်အတွင်း ဖြစ်ပေါ်ခဲ့သည့် နည်းပညာပိုင်းဆိုင်ရာ ပြဿနာကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မိုက်ခရိုဆော့ဖ်က ရှင်းလင်းပြောကြားသည်။

ထို့ပြင်သုံးစွဲသူများသည် နေ့စဉ်အရေးကြီးသော လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ကုမ္ပဏီ၏ ဝန်ဆောင်မှုများအပေါ် အားထားနေရကြောင်း၊ ယခုဝန်ဆောင်မှုပြတ်တောက်မှုကြောင့် သုံးစွဲသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများကြုံတွေ့ခဲ့ရသည့် အနှောင့်အယှက်များအတွက် အထူးတောင်းပန်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

ဆင်ဟွာ



အီတလီတွင် သုံးစွဲသူများ၏ ကိုယ်ရေးကိုယ်တာဓာတ်ပုံနှင့် ဗီဒီယိုများကို ခွင့်ပြုချက်မရှိဘဲ ရယူမှုကြောင့် မီတာကို ယူရို ၈၀၅ သန်း ဒဏ်ရိုက်

ရောမ နိုဝင်ဘာ ၁၅

အီတလီနိုင်ငံရှိ သုံးစွဲသူများ၏ စမတ်ဖုန်းများအတွင်း သိမ်းဆည်းထားသော ဓာတ်ပုံ၊ ဗီဒီယိုနှင့် ဆက်စပ်အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ဖေ့စ်ဘွတ်ခ် အက်ပ်မှတစ်ဆင့် ရယူခဲ့ခြင်းကြောင့် Meta Platforms Ireland Limited ကုမ္ပဏီကို ယူရို ၈၀၅ သန်း (အမေရိကန်ဒေါ်လာ ၈၈၇ သန်း) ဒဏ်ရိုက်ခဲ့ကြောင်း အီတလီအချက်အလက်ကာကွယ်ရေး အာဏာပိုင်အဖွဲ့က ယမန်နေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါဒဏ်ငွေသည် ဖေ့စ်ဘွတ်ခ် အသုံးပြုနေစဉ် သုံးစွဲသူများ၏ ဖုန်းအတွင်းရှိ ဓာတ်ပုံနှင့် ဗီဒီယိုများကို ရယူကာ ပို့စ်တင်ရန် အကြံပြုပေးခြင်းနှင့် သက်ဆိုင်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဘိုလ်ဇာနိုမြို့ရှိ စားသုံးသူနှင့် သုံးစွဲသူအကာအကွယ်ပေးရေးစင်တာ၏ တိုင်ကြားချက်အရ အာဏာပိုင်အဖွဲ့က ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် စုံစမ်းစစ်ဆေးမှုစတင်ခဲ့ခြင်းဖြစ်သည်။

မီတာက အီတလီ၏ ကိုယ်ရေးကိုယ်တာအချက်အလက်ကာကွယ်ရေးဥပဒေ ပုဒ်မ ၁၂၂ ကို ချိုးဖောက်ခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။ အဆိုပါဥပဒေသည် စမတ်ဖုန်းအတွင်း သိမ်းဆည်းထားသည့် အချက်အလက်များကို လူတစ်ဦး၏ ကိုယ်ရေးကိုယ်တာ နယ်ပယ်တစ်စိတ်တစ်ပိုင်းအဖြစ် ကာကွယ်ပေးထားပြီး အချက်အလက်များကို ရယူအသုံးပြုရန်အတွက် သုံးစွဲသူ၏ကြိုတင်သိရှိနားလည်ပြီး သဘောတူညီချက်ရယူရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ အချက်အလက်များကို အခြားနေရာသို့ ပေးပို့ခြင်းရှိ၊ မရှိ သို့မဟုတ် ထိခိုက်နစ်နာမှုဖြစ်ပေါ်ခြင်းရှိ၊ မရှိနှင့်လည်း သက်ဆိုင်မှုမရှိကြောင်း သိရသည်။

အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ မီတာက ရက်ပေါင်း ၆၀ အတွင်း အဆိုပါလုပ်ဆောင်ချက်ကို မူလသတ်မှတ်ချက်အနေဖြင့် ပိတ်ထားရမည်ဖြစ်ပြီး သုံးစွဲသူများထံမှ သီးခြားရှင်းလင်းသော သဘောတူညီချက်ကိုလည်း ရယူရမည်ဖြစ်သည်။

ထို့ပြင် ယင်းလုပ်ဆောင်ချက်၏ ရည်ရွယ်ချက်၊ ဖုန်းအတွင်းရှိ အချက်အလက်များကို ရယူအသုံးပြုမည့်အကြောင်းနှင့် လုပ်ဆောင်ချက်ကို ပိတ်ထားနိုင်သည့် နည်းလမ်းတို့ကို သုံးစွဲသူများအား ရှင်းလင်းစွာ အသိပေးရမည်ဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

လူသားတို့၏ နောက်ဆုံးခရီးစဉ်သစ် (သို့မဟုတ်) အာကာသခရီးသွားလုပ်ငန်း

စည်သူကျော်

"ဘယ်သွားချင်သလဲ၊ သားသားရယ် ..... ဦးဦးကိုသာပြောပါကွယ်"

"လကမ္ဘာရောက်အောင်၊ သားကိုခေါ် ..... ဦးဦးလိုက်ပို့နော်"

"လကမ္ဘာကြီးရယ်၊ ဝေးလွန်းတယ် ..... စိတ်ကူးရုံနဲ့မောလိမ့်မယ်"

"လိုက်မပို့ရင်၊ နေပေါ့ကွယ် ..... သားသား စိတ်ကောက်မယ်"

ယမ်စဉ်ကလေးဘဝက ကြားဖူးခဲ့သော ကလေးသီချင်းလေးတစ်ပုဒ်မှ ပျော်ရွှင်ဖွယ်ရာ စာသားအပိုင်းအစလေးများဖြစ်ပါသည်။ ရေဒီယိုမှလာသည်ဟုထင်သည်။ မကြာခဏဆိုသလို ကြားဖူးခဲ့သည်ကို အမှတ်ရမိသည်။ လကမ္ဘာသို့ စူးစမ်းသွားလာလိုသော ကလေးတစ်ဦး၏ အိပ်မက်ဖြစ်ပေလိမ့်မည်။

လူသားတို့သည် ဆယ်စုနှစ်များစွာကပင် စကြာဝဠာအတွင်းရှိ နေ၊ လ၊ ကြယ်တာရာများနှင့် အခြားပြိုကွဲများကို စူးစမ်းလေ့လာရန် စိတ်ဝင်စားရှိခဲ့ကြသည်။ လူသားတို့၏ မဆုတ်မနစ်သော ကြိုးပမ်းအားထုတ်မှု၊ လက်တွေ့စူးစမ်းလေ့လာမှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရပ်များ တိုးတက်ဖြစ်ပေါ်မှုတို့ကြောင့် တစ်ချိန်က စိတ်ကူးယဉ် သိပ္ပံဝတ္ထုများတွင်သာ တွေ့ခြင်နိုင်ခဲ့သော အာကာသဆိုင်ရာ ခရီးစဉ်များသည် ယနေ့ခေတ်တွင် လက်တွေ့ဖြစ်ပေါ်လာခဲ့ပြီဖြစ်ပါသည်။ အာကာသကို ပညာရပ်ဆိုင်ရာ စူးစမ်းလေ့လာမှုများ ထက်ကျော်လွန်၍ အာကာသအတွေ့အကြုံ (Space Experience) ကို ပေးစွမ်းသော အာကာသခရီးသွား လုပ်ငန်း (Space Tourism) ဆိုသော ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုသည်လည်း ဝေါဟာရသက်သက်သာမက လက်တွေ့လှုပ်ရှားလုပ်ဆောင်မှုအဆင့်အထိပါ တိုးတက်ရောက်ရှိလာပြီဖြစ်ပါသည်။

လပေါ်သို့ခရီးသွားခြင်း

အာကာသခရီးသွားလုပ်ငန်း ဆိုသည်မှာ အာကာသသို့ ခရီးသွားရောက်လိုသူများအား ပုဂ္ဂလိကအာကာသယာဉ်ကုမ္ပဏီများ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများက အခကြေးငွေဖြင့် အာကာသခရီးစဉ်အတွေ့အကြုံများ ပေးအပ်သည့် ခရီးသွားလုပ်ငန်းအမျိုးအစားဖြစ်ပါသည်။ ခရီးစဉ်အတွင်း ကမ္ဘာ့အပြင်ဘက်သို့ ခဏတာသွားရောက်၍ ကမ္ဘာ့ဆွေငင်အားမဲ့အခြေအနေကိုခံစားခြင်း၊ ကမ္ဘာ့အပြင်ဘက်မှနေ၍ ကမ္ဘာမြေ၏ အသွင်သဏ္ဌာန်ကို ကြည့်ရှုခြင်းတို့ပါဝင်နိုင်ပြီး နောင်အနာဂတ်တွင် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရက်အတန်ကြာနေထိုင်ခြင်း၊ လပေါ်သို့ခရီးသွားခြင်းတို့ ပါဝင်လာနိုင်ပါသည်။

အာကာသခရီးသွားလုပ်ငန်းသည် သာမန်ခရီးသွားလုပ်ငန်းများနှင့်မတူညီဘဲ အာကာသဆိုင်ရာ သိပ္ပံပညာရပ်များ၊ အင်ဂျင်နီယာပညာရပ်များ၊ ဒုံးပျံနည်းပညာ၊ ဆက်သွယ်ရေးနည်းပညာနှင့် လူသားတို့၏ စွန့်စားစူးစမ်းလိုစိတ်တို့ပေါင်းစပ်ထားသော အနာဂတ်စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။

အာကာသခရီးသွားလုပ်ငန်း၏ သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်ပါက ၁၉၅၇ ခုနှစ်တွင် ဆိုဗီယက်ယူနီယံက Sputnik – 1 ဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ခြင်းသည် အာကာသခေတ် (Space Age) ၏ အစပြုမှတ်တိုင်တစ်ခုဖြစ်ခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂဂါဂရင် (Yuri Gagarin) သည် လူသားသမိုင်းတွင် ပထမဆုံးအကြိမ် အာကာသသို့ သွားရောက်နိုင်ခဲ့သူဖြစ်လာခဲ့သည်။ ထို့နောက် အမေရိကန်နိုင်ငံ၏ Apollo အစီအစဉ်မှတစ်ဆင့် ၁၉၆၉ ခုနှစ်တွင် နီးလ်အမ်းစထရောင်း (Neil Armstrong) နှင့် ဘတ်ဇ် အော်လ်ဒရင်း (Buzz Aldrin) တို့သည် လမျက်နှာပြင်ပေါ်သို့ ပထမဆုံးခြေချနိုင်ခဲ့ကြသည်။

ထိုခေတ်က အာကာသခရီးစဉ်များသည် နိုင်ငံတော်အစိုးရများ၏ သုတေသနနှင့် အမျိုးသားဂုဏ်သိက္ခာဆိုင်ရာ စိမ်ကိန်းများသာဖြစ်ခဲ့ပြီး အများပြည်သူတို့အတွက် ထိတွေ့စိတ်ကူးယဉ်နိုင်သည့် အခွင့်အလမ်း မရှိသလောက်ဖြစ်ခဲ့ပါသည်။ အာကာသခရီးသွားလုပ်ငန်းအတွက် အရေးပါသောအပြောင်းအလဲတစ်ခုမှာ ၂၀၀၁ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည်။

အမေရိကန်စီးပွားရေးလုပ်ငန်းရှင် Dennis Anthony Tito သည် ရုရှားနိုင်ငံ၏ Soyuz အာကာသယာဉ်ဖြင့် နိုင်ငံတကာအာကာသစခန်း (International Space Station – ISS) သို့ သွားရောက်ခဲ့ပြီး ပုဂ္ဂလိကငွေကြေးဖြင့် အာကာသခရီးစဉ်ပြုလုပ်ခဲ့သည့် ပထမဆုံးသောခရီးသည်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထိုအချိန်မှစတင်၍ အာကာသခရီးသွားလုပ်ငန်းသည် အစိုးရအခြေပြု အာကာသစူးစမ်းရေးကဏ္ဍမှ ပုဂ္ဂလိကစီးပွားရေးခရီးသွားလုပ်ငန်းအသွင်သို့ပါ တဖြည်းဖြည်းချဉ်းကပ်ကူးပြောင်းလာခဲ့သည်။ လက်ရှိ ကမ္ဘာ့အာကာသခရီးသွားလုပ်ငန်းပုံစံကို လေ့လာကြည့်မည်ဆိုပါက အောက်ပါအခေအထား ပုံစံသုံးမျိုးကို တွေ့ရှိရမည်ဖြစ်ပါသည်–

(က) Suborbital Space Tourism။ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း အပြည့်အဝမဝင်ဘဲ အာကာသ နယ်နိမိတ်အနီးအထိ တက်ရောက်ပြီး ပြန်လည်ဆင်းသက်သည့် ခရီးစဉ်ဖြစ်ပါသည်။ ခရီးသည်များသည် မိနစ် အနည်းငယ်ကြာ ကမ္ဘာ့ဆွေငင်အားမဲ့အခြေအနေကို ခံစားနိုင်ပြီး ကမ္ဘာ့အပြင်ဘက်မှ ကမ္ဘာမြေကို ပြန်လည်ကြည့်ရှုနိုင်ကြမည်ဖြစ်ပါသည်။

(ခ) Orbital Space Tourism။ ဤပုံစံသည် ခရီးသည်များကို ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ ပို့ဆောင်ပေးပြီး အာကာသအတွင်း ရက်အတန်ကြာ နေထိုင်နိုင်စေသည့် ခရီးစဉ်ဖြစ်သည်။ ခရီးသည်များသည် အာကာသယာဉ်အတွင်း နေထိုင်ခြင်း၊ ကမ္ဘာမြေကို့အမြင့်မှ ကြည့်ရှုခြင်း၊ သိပ္ပံစမ်းသပ်မှုများတွင် (အကန့်အသတ်ဖြင့်) ပါဝင်ခြင်းနှင့် ဆွေငင်အားမဲ့အခြေအနေတွင် နေထိုင်မှုအတွေ့အကြုံများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။

(ဂ) Lunar Tourism နှင့် Deep Space Tourism။ ဤလုပ်ငန်းသည် အနာဂတ်တွင် လပေါ်သို့ခရီးသွားခြင်း၊ လပတ်လမ်းကြောင်းအတွင်း သွားရောက်ခြင်းနှင့် အခြားအာကာသလမ်းကြောင်းများသို့ စူးစမ်းလေ့လာရေးခရီးစဉ်များ ပြုလုပ်နိုင်ရန် ရည်ရွယ်သည့် လုပ်ငန်းကဏ္ဍဖြစ်ပါသည်။ လက်ရှိတွင် ယင်းလုပ်ငန်းများသည် သုတေသန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စမ်းသပ်မှုအဆင့်များ၌သာ ရှိနေသေးသည်။

အာကာသခရီးသွားလုပ်ငန်း

အနာဂတ်တွင် အာကာသခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ အဆင့်မြင့်ဆုံးနှင့် နည်းပညာအခြေခံအကျဆုံးလုပ်ငန်းကဏ္ဍတစ်ခုဖြစ်လာနိုင်သည်။ စူးစမ်းရှာဖွေလိုမှုနှင့် အသစ်၊ အသစ်သော ခရီးစဉ်များ၊ စိတ်လှုပ်ရှားဖွယ်ရာ ခရီးသွားလုပ်ငန်း အတွေ့အကြုံကို ရှာဖွေလိုသူများအတွက် အာကာသခရီးသွားလုပ်ငန်းသည် နယ်ကုန်တွန်းလိုက်သည့် ခရီးသွားလုပ်ငန်းအမျိုးအစား Trend တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

ယနေ့အချိန်အထိ အာကာသခရီးသွားလုပ်ငန်းများ ပြုလုပ်နိုင်ရန် ကုမ္ပဏီ ၁၀ ခန့်သည် ယှဉ်ပြိုင်ကြသည်။ ယင်းကုမ္ပဏီများတွင် Virgin Galactic၊ Blue Origin၊ SpaceX၊ Axiom Space၊ Boeing၊ Sierra Space၊ Orbital Assembly Corporation၊ Space Perspective၊ Lynx Mark II နှင့် Gravity တို့ပါဝင်ကြသည်။ ယင်းကုမ္ပဏီများသည် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း ခရီးသည်များကို ပို့ဆောင်ပေးခြင်း၊ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း အာကာသစခန်းများ တည်ဆောက်ခြင်း၊ လပေါ်သို့ ခရီးသည်များ ပို့ဆောင်ပေးခြင်း၊ လပေါ်တွင် ခရီးသည်များ နေထိုင်ခွင့်ပြုခြင်း စသည့် လုပ်ငန်းဆောင်တာများ ပြုလုပ်ကြသည်။

> **"အာကာသခရီးသွားလုပ်ငန်းဆိုသည်မှာ အာကာသသို့ ခရီးသွားရောက်လိုသူများအား ပုဂ္ဂလိကအာကာသယာဉ်ကုမ္ပဏီများ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများက အခကြေးငွေဖြင့် အာကာသခရီးစဉ်အတွေ့အကြုံများ ပေးအပ်သည့် ခရီးသွားလုပ်ငန်းအမျိုးအစားဖြစ်ပါသည်။ ခရီးစဉ်အတွင်း ကမ္ဘာ့အပြင်ဘက်သို့ ခဏတာသွားရောက်၍ ကမ္ဘာ့ဆွေငင်အားမဲ့အခြေအနေကိုခံစားခြင်း၊ ကမ္ဘာ့အပြင်ဘက်မှနေ၍ ကမ္ဘာမြေ၏ အသွင်သဏ္ဌာန်ကို ကြည့်ရှုခြင်းတို့ပါဝင်နိုင်ပြီး နောင်အနာဂတ်တွင် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရက်အတန်ကြာနေထိုင်ခြင်း၊ လပေါ်သို့ ခရီးသွားခြင်းတို့ ပါဝင်လာနိုင်"**

အာကာသခရီးသွားလုပ်ငန်းသည် ခရီးသွားလုပ်ငန်းကဏ္ဍတစ်ခုတည်းအတွက်သာ အကျိုးဖြစ်ထွန်းစေမည်မဟုတ်ဘဲ နည်းပညာ၊ အင်ဂျင်နီယာဘာသာရပ်၊ စက်မှုလုပ်ငန်း၊ ပညာရေးနှင့် သုတေသနလုပ်ငန်းများကိုပါ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ လက်ရှိတွင်လည်း အာကာသခရီးသွားလုပ်ငန်းသည် ခရီးသွားလုပ်ငန်းဆိုသော ပုံစံထက်ပင်ပိုသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကဏ္ဍများအတွက်သာ အလေးသာလျက်ရှိနေပါသည်။

အာကာသခရီးသွားလုပ်ငန်းသည် အာကာသယာဉ်ထုတ်လုပ်ရေးနှင့် နည်းပညာလုပ်ငန်းများတိုးတက်လာခြင်း၊ အာကာသခရီးသွားများအတွက် လေ့ကျင့်ရေး၊ နေရာထိုင်ခင်းနှင့် အထူးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းလာခြင်း၊ အာကာသဆိုင်ရာ ပြတိုက်များ၊ ပြပွဲများနှင့် ပညာပေးခရီးစဉ်များ ဖွံ့ဖြိုးလာခြင်း၊ သိပ္ပံ၊ သုတေသနနှင့် နည်းပညာဆိုင်ရာ ပညာရှင်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခြင်းစသည့် ကြီးမားသောအကျိုးရလဒ်များကို ရရှိစေမည်ဖြစ်ပါသည်။

အာကာသခရီးစဉ်များသည် ကုန်ကျစရိတ် အလွန်မြင့်မားခြင်း၊ ခရီးသည်များ၏ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များရှိခြင်း၊ ဒုံးပျံလွှတ်တင်မှုများကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိနိုင်ခြင်း၊ အာကာသအမှိုက် (Space Debris) များ တိုးပွားလာခြင်း၊ အာကာသကို လူတိုင်းတန်းတူ လက်လှမ်းမမှီနိုင်မှု မရှိသေးခြင်း၊ နိုင်ငံတကာဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် တာဝန်ယူမှုဆိုင်ရာကိစ္စရပ်များ ရှုပ်ထွေးခြင်း စသည့်ကြီးမားသောစိန်ခေါ်မှုများလည်း ရှိနေပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အာကာသစူးစမ်းလေ့လာရေးနှင့်ပတ်သက်၍ စိတ်ဝင်တစားကြိုးပမ်းဆောင်ရွက်မှုများရှိလာသည်ကို တွေ့ရှိရပြီး အာကာသခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံအတွက်လက်ရှိတွင်အလှမ်းဝေးနေသေးသော်လည်း အာကာသသိပ္ပံနှင့်နည်းပညာကဏ္ဍတွင် အခြေခံအုတ်ဖြစ်များ တည်ဆောက်ရန် ကြိုးပမ်းမှုများကို တွေ့ဖြင်လာရပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် အာကာသနည်းပညာဆိုင်ရာလုပ်ငန်းများကို ပိုမိုစနစ်တကျဆောင်ရွက်နိုင်ရန် Myanmar Space Agency (MSA) ကို ဖွဲ့စည်းတည်ထောင်ထားပြီး ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အာကာသသိပ္ပံနှင့်နည်းပညာဆိုင်ရာ စီမံကိန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

အာကာသနည်းပညာတိုးတက်ဖွံ့ဖြိုးစေရေးအတွက် ဂြိုဟ်တုများ၊ ဒုံးပျံများ၊ နည်းပညာဆိုင်ရာ ပစ္စည်းများရှိရုံဖြင့် မလုံလောက်ပေ။ အရေးအကြီးဆုံးအချက်မှာ ထိုနည်းပညာများကို ကောင်းစွာနားလည်၍ ထိရောက်စွာအသုံးချနိုင်မည့် လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးဖြစ်ပါသည်။ ထို့ကြောင့် အခြေခံပညာအဆင့်မှစတင်၍ လူငယ်များ၏ အာကာသသိပ္ပံဆိုင်ရာ စိတ်ဝင်စားမှုများကို မြှင့်တင်ပေးခြင်းသည် အနာဂတ်အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုပဲ ဆိုရပေမည်။

အာကာသနည်းပညာသိကောင်းစရာပြဿနာများ

အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့အထိ နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများအပြင် အာကာသနည်းပညာသိကောင်းစရာပြဿနာများကိုလည်း ကျင်းပခဲ့ပါသည်။

အဆင့်အလိုက်ပြိုင်ပွဲများတွင် Space Dreams, Human and the Future Space, Applied Space Technology စသည်ဖြင့် အကြောင်းအရာခေါင်းစဉ်များပါဝင်သည်ကို တွေ့ရှိရပါသည်။ အာကာသပညာရပ်များကို ကလေးသူငယ်၊ လူငယ်လူရွယ်များ လက်မှမှတ်တီးရှိသည့် ကာတွန်း၊ ပန်းချီ၊ ပိုစတာစသည့် စိတ်ကူးဉာဏ်ကွန့်မြူးနိုင်သော နယ်ပယ်များတွင် ပေါင်းစပ်ထည့်သွင်းပေးခြင်းဖြင့် ကလေးသူငယ်၊ လူငယ်လူရွယ်များ၏ သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများကို ပိုမိုကျယ်ပြန့်စွံ့ဖြိုးစေမည်ဖြစ်ပါသည်။ အထူးသဖြင့် သိပ္ပံပညာနှင့် အနုပညာတို့ကို ပေါင်းစပ်သင်ကြားပေးသည့် STEAM Education (Science, Technology, Engineering, Arts and Mathematics) သဘောတရားသည် အနာဂတ်တွင် တီထွင်ဖန်တီးနိုင်စွမ်းရှိသောလူငယ်များ ပေါ်ထွန်းလာရေးအတွက် အရေးပါသည်။

အာကာသခရီးသွားလုပ်ငန်း၏ဖြစ်ပေါ်တိုးတက်မှုကို လေ့လာကြည့်ပါက လူသားတို့၏ စူးစမ်းလေ့လာလိုစိတ်သည် နည်းပညာတိုးတက်မှုနှင့် ပေါင်းစပ်သည့်အခါ မဖြစ်နိုင်ဟုထင်မြင်ခဲ့သည့် အရာများကို လက်တွေ့ဖြစ်လာစေနိုင်ကြောင်း တွေ့မြင်ရသည်။ လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်ကျော်က လူသားတစ်ဦး စာမျက်နှာ ၁၅ သို့ ⊙

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် နိဝင်ဘာ ၁၅

ကျောင်းသား လူငယ်မောင်မယ်များ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကို သိရှိပြီး အသိပညာ ဗဟုသုတများစွာရရှိစေရန်၊ လူငယ်များအားမျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အုန်းတော၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သစ်ဆိမ့်ပင်၊ လယ်ဝေးမြို့နယ် မြတ်ပညာမွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက် လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ် ရေယာဉ် ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်း ပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ဖြန်လည်ရှင်းလင်း ဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



ကျွန်တော်တို့အနေနဲ့ ကျောင်းမှာ စာတွေ့အနေနဲ့သာ သင်ယူခဲ့ရတဲ့ နိုင်ငံတော်သမိုင်း၊ တပ်မတော်သမိုင်းတွေကို အခုလိုမျိုးလက်တွေ့ လေ့လာခွင့်ရခဲ့တဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။

နိုင်ငံတော်သမိုင်းလို့ဆိုရာမှာ ပုဂံခေတ်မတိုင်မီ ကာလကတည်းက ပျူမြို့ပြနိုင်ငံများ ပေါ်ထွန်းခဲ့တာတွေ၊ ပုဂံခေတ်မှာလည်း စေတီပုထိုးနဲ့ ကျောက်စာမှတ်တမ်းတွေ အရ သမိုင်းမှတ်တမ်း အတိအကျ ရှိခဲ့တာတွေ၊ တပ်မတော်သမိုင်းမှာလည်း ဗမာ့လွတ်လပ်ရေး တပ်မတော်၊ ဗမာ့ကာကွယ်ရေး တပ်မတော်ဆိုပြီး အမည်အမျိုးမျိုး ပြောင်းလဲဖွဲ့စည်းခဲ့တယ် ဆိုတာတွေလည်း လေ့လာခွင့်ရရှိခဲ့ပါတယ်။

သမိုင်းအဆက်ဆက်မှာ အသုံးပြုခဲ့ကြတဲ့ လက်နက်တွေ၊ အမြောက်တွေ၊ လေယာဉ်တွေကိုလည်း လက်တွေ့ကျကျ လေ့လာခွင့်ရရှိခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနဲ့ ကာကွယ်ရေးစွမ်းအားတွေ ဘက်စုံဟန်ချက်ညီနေမှရမယ် ဆိုတာတွေကိုပါ လေ့လာခဲ့ရပါတယ်။

အခုလို လေ့လာခွင့်ရရှိအောင် စီမံပေးတဲ့ နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လိုက်လံ ရှင်းလင်းပြသပေးတဲ့ စစ်သမိုင်းပြတိုက်မှ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ပါတယ် ခင်ဗျာ။



ကျွန်မတို့ အခု ပြခန်းတွေအားလုံးကို လေ့လာခဲ့ပြီး ဖြစ်ပါတယ်။ ကျောင်းမှာ သင်ခဲ့ရတဲ့ စာတွေ့တွေအတိုင်း သမိုင်းထဲက အဖြစ်အပျက်တွေကို လက်တွေ့ လေ့လာခွင့် ရရှိခဲ့ပါတယ်။

ကျွန်မတို့ နိုင်ငံဟာ နိုင်ငံတော် ကာကွယ်ရေးစွမ်းအား ထက်မြက်တောင့်တင်းနေချိန်မှာ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်ပြီး သာယာခဲ့တယ်ဆိုတာကို ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့က အထင်အရှားပြဆိုထားပါတယ်။

သို့ပေမယ့်လည်း နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအား လျော့နည်းပြီး နိုင်ငံတော်အတွင်း စည်းလုံးညီညွတ်မှုမရှိတဲ့အချိန်မှာ ပြည်ပကျူးကျော်စစ်တွေ ဝင်ရောက်ပြီး နိုင်ငံတော်ဟာတိုင်းတစ်ပါးအောက် ကျရောက်ခဲ့ရတယ် ဆိုတာကိုလည်း သမိုင်းမှတ်တမ်းတွေအရ လေ့လာသိရှိခဲ့ရပါတယ်။

မျက်မှောက်ခေတ် တပ်မတော်မှာ နိုင်ငံတော်ကို ကာကွယ်ဖို့ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေ အပြင် အခြားသော စစ်အင်ဂျင်နီယာတပ်တွေ၊ ထောက်ပံ့ရဲ့ ပို့ဆောင်ရေးတပ်တွေ ရှိနေတယ် ဆိုတာကိုလည်း လေ့လာခွင့်ရရှိခဲ့ပါတယ်။

စစ်သမိုင်းပြတိုက်ကို လေ့လာခဲ့ရခြင်းဖြင့် ကျွန်မတို့ မသိရှိခဲ့တာတွေကို ပိုပြီးသိမြင်ခွင့်ရခဲ့ပြီး များစွာသော အတွေ့အကြုံ ဗဟုသုတတွေကိုရရှိစေတဲ့အတွက် စစ်သမိုင်းပြတိုက်ကို မရောက်ဖူးသေးတဲ့ သူငယ်ချင်းများကိုလည်း လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်ရှင့်။ **သတင်းစဉ်**

✪ စာမျက်နှာ ၁၄ မှ

အာကာသသို့သွားရောက်နိုင်ခြင်းသည်ပင် အံ့သြဖွယ်ရာဖြစ်ခဲ့သော်လည်း ယနေ့အခါ ငွေကြေးတတ်နိုင်သူများအတွက် အာကာသခရီးစဉ်များကို ဝယ်ယူနိုင်သည့် အခြေအနေအထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

အာကာသခရီးသွားလုပ်ငန်းကို ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ နောက်ထပ်ဈေးကွက်တစ်ခုအဖြစ်သာ ရှုမြင်ရန်မသင့်ပေ။ အာကာသခရီးစဉ်များသည် နည်းပညာတိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးလုပ်ငန်းပုံစံသစ်များကိုပါ ပြောင်းလဲစေနိုင်သည့် အလားအလာကောင်းတစ်ခုပဲ ရှုမြင်သင့်လှသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အာကာသခရီးသွားလုပ်ငန်းကို ချက်ချင်းအကောင်အထည်ဖော်ရန်ထက် အာကာသသိပ္ပံနှင့် နည်းပညာဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးကို ဦးစားပေးသင့်သည်။ အထူးသဖြင့် အာကာသနည်းပညာကို စိုက်ပျိုးရေး၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်၊ ရေအရင်းအမြစ်၊ ရာသီဥတုနှင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးတို့တွင် လက်တွေ့အသုံးချနိုင်ရေးသည် မြန်မာနိုင်ငံအတွက် ပိုမိုအရေးကြီးသော ဦးစားပေးလုပ်ငန်းဖြစ်သည်။

ထို့အပြင် လူငယ်များ၏ အနုပညာနှင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများကို ပေါင်းစပ်ဖော်ထုတ်ပေးနေသည့် အာကာသပန်းချီ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများသည်လည်း အနာဂတ် အာကာသပညာရှင်များ ပေါ်ထွန်းလာရေးအတွက် အခြေခံကောင်းများ ဖြစ်လာနိုင်သည်။ သို့ရာတွင် ပြိုင်ပွဲများ ကျင်းပခြင်းတစ်ခုတည်းဖြင့် မလုံလောက်သေးပါ။ ကျောင်းသားများ၏ စိတ်ဝင်စားမှုကို သိပ္ပံပညာသင်ကြားရေး၊ နည်းပညာလက်တွေ့စမ်းသပ်မှု၊ သုတေသနလုပ်ငန်းများနှင့် တီထွင်ဖန်တီးမှုများအထိ ဆက်လက်ပျိုးထောင်ပေးရန် လိုအပ်သည်။

အာကာသနည်းပညာဖွံ့ဖြိုးရေးတွင် အရေးအကြီးဆုံးမှာ နည်းပညာပစ္စည်းများကို ပိုင်ဆိုင်ထားခြင်းထက် ထိုနည်းပညာများကို တီထွင်နိုင်၊ နားလည်နိုင်၊ အသုံးချနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုင်ဆိုင်ထားခြင်းဖြစ်ပါသည်။

သိပ္ပံနည်းပညာဆိုင်ရာ တီထွင်မှုများ

ထို့ကြောင့် မြန်မာနိုင်ငံ၏ အာကာသအိပ်မက်ကို အကောင်အထည်ဖော်ရာတွင် ယနေ့ပြိုင်ပွဲဝင်နေကြသည့် ကလေးငယ်များ၏ အာကာသ အကြောင်းအရာများနှင့် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများက တစ်နေ့နေ့တွင် လက်တွေ့သိပ္ပံနည်းပညာဆိုင်ရာ တီထွင်မှုများအဖြစ် ပြောင်းလဲလာနိုင်ကြောင်း မျှော်လင့်နိုင်သည်။ လူသားတို့သည် တစ်ချိန်က ကောင်းကင်ရှိ လက်ဖျော်ကြည့်ရင်း အိပ်မက်များ မက်ခဲ့ကြသည်။ ယနေ့တွင် ထိုအိပ်မက်များကို သိပ္ပံနှင့် နည်းပညာတို့ဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ကြပြီဖြစ်သည်။

အနာဂတ်တွင် ခရီးသွားလုပ်ငန်းဟူသည် ကမ္ဘာမြေပေါ်ရှိ တောင်တန်းများ၊ ပင်လယ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာခြင်းတစ်ခုတည်းတွင် ရပ်တန့်နေတော့မည် မဟုတ်ပေ။ ကမ္ဘာမြေ၏ အပြင်ဘက်သို့ ခြေဆန့်နိုင်မည့် အခွင့်အလမ်းများလည်း ပေါ်ထွန်းလာတော့မည်ဖြစ်သည်။ အာကာသသည် လူသားတို့၏ နောက်ဆုံးနယ်နိမိတ်တစ်ခုဖြစ်နိုင်သော်လည်း သိပ္ပံပညာ၊ စိတ်ကူးစိတ်သန်းနှင့် စူးစမ်းလိုစိတ်တို့အတွက်မူ နယ်နိမိတ်မရှိပေ။

ယနေ့ကလေးငယ်တစ်ဦး၏ ပန်းချီကားထဲတွင် မြင်တွေ့နေရသော အာကာသယာဉ်တစ်စင်းသည် အနာဂတ်တွင် သူကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်မည့် အာကာသယာဉ်တစ်စင်း ဖြစ်လာနိုင်သည်။ ထိုသို့သော အနာဂတ်မျိုးဆက်သစ်များကို ပျိုးထောင်ပေးနိုင်ခြင်းသည်ပင် မြန်မာနိုင်ငံ၏ အာကာသဖွံ့ဖြိုးရေးခရီးစဉ်အတွက် အရေးပါသော ပထမခြေလှမ်းတစ်ရပ် ဖြစ်လာပေသည်။ ။

ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး



နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃၀)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ပုသိမ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက် တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိတ္ထီလာခရိုင်နှင့် မြို့နယ်ရှေ့ပြေးဥပဒေရုံးများအား ကြည့်ရှုစစ်ဆေး



မိတ္ထီလာ နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး စံပြရှေ့ပြေးဥပဒေရုံးများ ဖြစ်သော မိတ္ထီလာခရိုင်ဥပဒေရုံးနှင့် မိတ္ထီလာမြို့နယ်ဥပဒေရုံးများသို့ တိုင်းဒေသကြီး ဥပဒေချုပ် ဦးလှသိန်းသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက သွားရောက်ကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ်ကို အညီ အမျှရရှိစေရန်အတွက် ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရှေ့ပြေးဥပဒေရုံးများသည် အရေးကြီးသောပြစ်မှုများတွင် တရားခံအပေါ် ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်စီရင်နိုင်ရေးအတွက် အဓိကသက်သေ(သို့) နစ်နာသူများနှင့် သက်သေခံအထောက်အထားများ တင်ပြရမည့်သူများကို တရားရုံးရှေ့အမှုစစ်ဆေးရာတွင် ပကတိ အခြေအနေမှန်ကို ထွက်ဆိုတင်ပြနိုင်ရန်အတွက် တရားခွင်အကြို တွေ့ဆုံ မေးမြန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းစဉ်သည် တရားစီရင်ရေးကို များစွာအထောက်အကူဖြစ်စေကြောင်း သိရသည်။

ငွေကြယ်



အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

လယ်ဝေး နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမဝါယမဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့နှင့်ပူးပေါင်း၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် ညောင်လွန့်(ရ) ကျေးရွာတွင်အယ်လ်နီညိုအကြောင်း အသိပညာပေးဟောပြောပွဲများကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပသည်။

ဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး အပူလွန်ကဲခြင်းများ၊ ရေရှားပါးခြင်းများ၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်ရှောင်ရန်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကိုလိုအပ်သလောက်သာသုံးစွဲခြင်း လိုက်နာရမည့်အချက်များ၊ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပေါ်လာပါတံ့ပြန်ဆောင်ရွက်ရမည့်အချက်များအား အသိညာပေးပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)



သာကေတမြို့နယ်ရှိ စက်ရုံအလုပ်ရုံများ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ယမန်နေ့က သာကေတမြို့နယ် မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်း ဦးဆောင်သည့် သန္ဓေတပ်ဖွဲ့ဝင်နှင့် အရန်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ (5 Star အထည်လိပ်လုပ်ငန်း)၊ ငွေတောင်ထွန်း(အထည်ချုပ်လုပ်ငန်း)၊ M2 (အထည်လုပ်ငန်း)နှင့် ဦးထွန်းထွန်း (အထည်လိပ်လုပ်ငန်း)များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်အသုံးပြုနိုင်မှု ရှိ/မရှိ၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု ရှိ/မရှိ၊ မီးသတ်ဆေးဘူးများတွင် ဆေးရည်ရှိ/ မရှိနှင့် သက်တမ်းကုန်/မကုန် စစ်ဆေးဆောင်ရွက်ခြင်းတို့အပြင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားမိုး
92 Ron	၄၂၇၀	၄၄၂၅	၄၃၇၅	၄၂၈၅	၄၄၃၀	၄၄၄၅	၄၄၈၀	၄၃၅၅	၄၇၂၅	၄၇၅၅	၄၃၇၅	၄၅၁၅	၄၄၇၀	၄၄၂၅	၄၄၃၅	၄၆၆၅
95 Ron	၄၃၁၅	၄၄၇၀	၄၄၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅၂၀	၄၄၀၀	၄၇၆၅	၄၇၉၅	၄၄၂၀	၄၅၄၅	၄၅၁၀	၄၄၇၀	၄၄၈၀	၄၇၁၀
HSD (500 ppm)	၄၃၈၀	၄၅၃၀	၄၄၈၅	၄၃၉၅	၄၅၃၅	၄၅၄၅	၄၅၈၀	၄၄၆၅	-	၄၈၄၅	၄၄၈၅	၅၀၆၅	၄၅၇၀	၄၅၃၀	၄၅၄၀	၄၇၆၀
HSD (50 ppm)	၅၃၁၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀	၅၇၇၀	၅၈၀၀	၅၄၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀
HSD (10 ppm)	၅၃၁၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀		၅၈၀၀	၅၄၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၆	၄၁၇၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၇၆	၄၂၉၀
HSD (50 ppm)	၅၀၆၆	၅၁၉၇
HSD (10 ppm)	၅၀၆၆	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

စိုက်ပျိုးရေးနှင့် စွမ်းအင်ထုတ်လုပ်ရေး ပူးတွဲလုပ်ဆောင်သည့်စနစ်

၂၀၂၅ ခုနှစ်တွင် ကမ္ဘာအနှံ့ ဆိုလာစွမ်းအင်ထုတ်လုပ်မှုသည် 2.3TW အထိ တိုးတက်လာမည်ဟု ခန့်မှန်းထားကြသော်လည်း စွမ်းအင်လိုအပ်မှုသည် 432TW အထိတိုးမြင့်လျက်ရှိပါသည်။ (1 MW (Megawatt – မဂ္ဂဝပ်) = ၁ သန်း ဝပ် (Watts)/1 GW (Gigawatt – ဂီဂါဝပ်) = ၁၀၀၀ မဂ္ဂဝပ် (MW)/1 TW (Terawatt – တယ်ရာဝပ်) = ၁၀၀၀ ဂီဂါဝပ် (GW) သို့မဟုတ် ၁၀၀၀၀၀၀ မဂ္ဂဝပ် (MW)ဖြစ်၍ TW သည် MW ပေါင်း ၁ သန်းနှင့်ညီမျှပြီး အလွန်ကြီးမားလှသည့် တစ်ကမ္ဘာလုံး ဆိုင်ရာ စွမ်းအင်ထုတ်လုပ်မှု သို့မဟုတ် သုံးစွဲမှုပမာဏများကို တိုင်းတာသည့်နေရာတွင် အသုံးပြုလေ့ရှိပါသည်။)

မောင်မောင်စွယ်စုံထွန်း

ဆိုလာစွမ်းအင်ကို နိုင်ငံအနှံ့ တိုးမြှင့်ထုတ်လုပ်လျက်ရှိသော်လည်း တရုတ်နိုင်ငံက စုစုပေါင်း ဆိုလာစွမ်းအင်ထုတ်လုပ်မှု 2919 GW ဖြင့် ဆိုလာစနစ်မှ စွမ်းအင်ထုတ်လုပ်မှုအများဆုံး နိုင်ငံတစ်ခုလည်းဖြစ်ပါသည်။

ကမ္ဘာအနှံ့ ဆိုလာစွမ်းအင်ထုတ်လုပ်မှုအများဆုံး Solar Farm ငါးခုမှာ

Xinjiang solar farm (China) – 5GW

Golmud Solar Park (China) – 2.8 GW

Bhadla Solar Park (India) – 2.7GW

Mohammed bin Rashid Al Maktoum Solar Park (UAE)– 2.62GW

Pavagada Solar Park (India) – 2.05 GW များဖြစ်ကြပါသည်။

Farm Solar Structure [**စိုက်ပျိုးရေးနှင့် စွမ်းအင်ထုတ်လုပ်ရေး ကို ပူးတွဲလုပ်ဆောင်သည့် (Agrivoltaics) စနစ်**]သည် လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးခြင်းအတွက် ပြီးပြည့်စုံသောပေါင်းစပ်မှုကိုပေးသည်။ စိမ်းလန်းသောအိမ်သည် လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးခြင်းနှစ်မျိုးစလုံးအတွက် ပြီးပြည့်စုံသောပေါင်းစပ်မှုကိုပေးစွမ်းသည်။ လယ်သမားများသည် ဆည်မြောင်း၊ အပူပေးခြင်းနှင့် အလင်းရောင်ကဲ့သို့သော အခြေခံလုပ်ငန်းဆောင်တာများအတွက် နေစွမ်းအင်ကို အပြည့်အဝအသုံးချနိုင်သည်။ ပို့လျှံသောလျှပ်စစ်ဓာတ်အားဝင်ငွေအတွက် ရောင်းချနိုင်သည်။

Agrivoltaic ၏ အားသာချက်များ

- သီးနှံစိုက်ဧရိယာများအတွက် သင့်လျော်သည်။
- စိတ်ကြိုက်ဒီဇိုင်းပြုလုပ်နိုင်သည်။
- ချိန်ညှိနိုင်သောအလင်းထုတ်လွှင့်မှုကို ရရှိနိုင်သည်။
- စက်ယန္တရားများကို လည်ပတ်နိုင်သည်။

ကမ္ဘာ့လူဦးရေ ဆက်လက်တိုးပွားလာသည်နှင့်အမျှ အစားအစာနှင့် စွမ်းအင်လိုအပ်ချက်လည်း တိုးပွားလာပါသည်။ သို့သော် ရိုးရာစိုက်ပျိုးရေးလုပ်ငန်းစဉ်များသည် အမြဲတမ်း တည်တံ့ခိုင်မြဲသည်မဟုတ်ဘဲ ပတ်ဝန်းကျင်အတွက် အန္တရာယ်ဖြစ်စေနိုင်သည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်မှုနှင့် သီးနှံထုတ်လုပ်မှုကို ပေါင်းစပ်ထားသည့် agrivoltaic လယ်ယာစိုက်ပျိုးရေးဟု လူသိများသော စိုက်ပျိုးရေးအမျိုးအစားအသစ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။

Agrivoltaic စိုက်ပျိုးရေး

Agrivoltaic စိုက်ပျိုးရေးကို agrophotovoltaics သို့မဟုတ် APV ဟုလည်း လူသိများပြီး အပင်များအတွက် အရိပ်ပေးနေစဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် သီးနှံများပေါ်တွင် ဆိုလာပြားများ တပ်ဆင်ထားသည့် အလေ့အကျင့်တစ်ခုဖြစ်သည်။ ဤသဘောတရားကို မြေယာရှားပါးပြီး ဈေးကြီးသော ဂျပန်နိုင်ငံတွင် ၁၉၈၀ ပြည့်လွန်နှစ်များက ပထမဆုံးတီထွင်ခဲ့ကာ လယ်သမားများက မြေယာအသုံးပြုမှုကို အမြင့်ဆုံးဖြစ်အောင် လုပ်ဆောင်ရန်နည်းလမ်းများ ရှာဖွေနေခဲ့ကြသည်။ ထိုအချိန်မှစ၍ Agrivoltaic စိုက်ပျိုးရေးသည် အစားအစာနှင့် စွမ်းအင်ထုတ်လုပ်ရန် ရေရှည်တည်တံ့ပြီး ထိရောက်သော နည်းလမ်းတစ်ခုအဖြစ် ကမ္ဘာတစ်ဝန်း ရေပန်းစားလာခဲ့သည်။

Agrivoltaic စနစ်တွင် အရိပ်ရစေရန်နှင့် အပင်များထံ နေရောင်ခြည် လုံလောက်စွာရောက်ရှိစေရန်အတွက် သီးနှံများအထက် သင့်လျော်သောအမြင့်တွင် ဆိုလာပြားများတပ်ဆင်ခြင်း ပါဝင်သည်။ ဆိုလာပြားများကို သံမဏိ သို့မဟုတ် အလူမီနီယမ်ဖြင့် ပြုလုပ်ထားသောပေါင်မေ်ာ်တွင် တပ်ဆင်ထားလေ့ရှိပြီး စနစ်ကို သီးနှံကြီးထွားမှုအဆင့်အမျိုးမျိုးနှင့် လိုက်လျောညီထွေဖြစ်အောင် ချိန်ညှိနိုင်အောင် ဒီဇိုင်းထုတ်ထားသည်။ ဆိုလာပြားများမှထုတ်လုပ်သော DC ပါဝါကို လယ်ယာတွင် အသုံးပြုနိုင်သည့် သို့မဟုတ် ဓာတ်အားလိုင်းသို့ ဓာတ်အားပေးပို့နိုင်သည့် AC ပါဝါအဖြစ် ပြောင်းလဲပေးသည့် အင်ဗာတာတစ်ခုနှင့် ချိတ်ဆက်ထားသည်။

Agrivoltaic စိုက်ပျိုးရေး၏ အကျိုးကျေးဇူးများ

Agrivoltaic စိုက်ပျိုးရေးသည် အောက်ပါတို့အပါအဝင် အကျိုးကျေးဇူးများစွာကို ပေးစွမ်းသည် –

၁။ သီးနှံအထွက်နှုန်းတိုးမြှင့်ခြင်း

ဆိုလာပြားများမှပေးသောအရိပ်သည် အပူချိန်ကိုထိန်းညှိပေးပြီး ရေငွေ့ပြန်ခြင်းကြောင့် ရေဆုံးရှုံးမှုကိုလျှော့ချပေးကာ သီးနှံအထွက်နှုန်း တိုးလာစေနိုင်သည်။ လေ့လာမှုများအရ စိုက်ပျိုးရေးဓာတ်အားပေးစနစ်များသည် ရိုးရာစိုက်ပျိုးရေးနည်းလမ်းများနှင့် နှိုင်းယှဉ်ပါက သီးနှံအထွက်နှုန်း ၆၀ ရာခိုင်နှုန်းအထိ တိုးစေနိုင်ကြောင်း ပြသထားသည်။

၂။ ရေအသုံးပြုမှုလျှော့ချခြင်း

ရေငွေ့ပြန်ခြင်းကြောင့် ရေဆုံးရှုံးမှုကိုလျှော့ချခြင်းဖြင့် စိုက်ပျိုးရေးဓာတ်အားစနစ်ဖြင့် စိုက်ပျိုးရေးသည် ရေအရင်းအမြစ်များကို ထိန်းသိမ်းရန် ကူညီပေးနိုင်ပါသည်။ ယင်းသည် ရေရှားပါးခြောက်သွေ့သော ဒေသများတွင် အထူးသဖြင့် အရေးကြီးပါသည်။

၃။ စွမ်းအင်ကုန်ကျစရိတ်လျှော့ချခြင်း

ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြင့် လယ်သမားများသည် ဓာတ်အားလိုင်းအပေါ် မှီခိုမှုကိုလျှော့ချနိုင်ပြီး ၎င်းတို့၏ စွမ်းအင်ကုန်ကျစရိတ်များကို လျှော့ချနိုင်သည်။ အချို့ကိစ္စများတွင် လယ်သမားများသည် ပို့လျှံသောလျှပ်စစ်ဓာတ်အားကိုပင် ထုတ်လုပ်ပြီး ဓာတ်အားလိုင်းသို့ ပြန်လည်ရောင်းချနိုင်သည်။

> **ကမ္ဘာ့လူဦးရေ ဆက်လက်တိုးပွားလာသည်နှင့်အမျှ အစားအစာနှင့် စွမ်းအင်လိုအပ်ချက်လည်း တိုးပွားလာပါသည်။ သို့သော် ရိုးရာစိုက်ပျိုးရေးလုပ်ငန်းစဉ်များသည် အမြဲတမ်း တည်တံ့ခိုင်မြဲသည်မဟုတ်ဘဲ ပတ်ဝန်းကျင်အတွက် အန္တရာယ်ဖြစ်စေနိုင်သည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်မှုနှင့် သီးနှံထုတ်လုပ်မှုကို ပေါင်းစပ်ထားသည့် agrivoltaic လယ်ယာစိုက်ပျိုးရေးဟု လူသိများသော စိုက်ပျိုးရေးအမျိုးအစားအသစ်တစ်ခု ပေါ်ပေါက်လာခဲ့**

၄။ ကာဗွန်ခြေရာလျှော့ချခြင်း

စိုက်ပျိုးရေးဓာတ်အားစနစ်ဖြင့် စိုက်ပျိုးခြင်းသည် သန့်ရှင်းပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ထုတ်လုပ်ခြင်းနှင့် ရှပ်ကြွင်းလောင်စာလိုအပ်ချက်ကို လျှော့ချခြင်းဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးသည်။

၅။ ဝင်ငွေကွဲပြားခြင်း

အစားအစာနှင့် လျှပ်စစ်ဓာတ်အား နှစ်မျိုးလုံးကို ထုတ်လုပ်ခြင်းဖြင့် လယ်သမားများက ၎င်းတို့၏ ဝင်ငွေစီးဆင်းမှုများကို ကွဲပြားစေပြီး ဝင်ငွေရင်းမြစ်တစ်ခုတည်းအပေါ် မှီခိုမှုကို လျှော့ချနိုင်သည်။

Agrivoltaic စိုက်ပျိုးရေး၏စိန်ခေါ်မှုများ

စိုက်ပျိုးရေးလျှပ်စစ်ဓာတ်အားစနစ်က အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သော်လည်း အောက်ပါတို့အပါအဝင် ဖြေရှင်းရမည့် စိန်ခေါ်မှုများစွာလည်းရှိပါသည်–

၁။ ကနဦးတပ်ဆင်မှုကုန်ကျစရိတ်များ

စိုက်ပျိုးရေးလျှပ်စစ်ဓာတ်အားပေးစနစ်သည် သိသာထင်ရှားသော ရေရှည်အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သော်လည်း ကနဦးတပ်ဆင်မှုကုန်ကျစရိတ်မှာ မြင့်မားနိုင်သည်။ ဆိုလာပြားများနှင့် အခြားပစ္စည်းများတပ်ဆင်ခြင်း၏ ကုန်ကျစရိတ်သည် အချို့သော လယ်သမားများအတွက် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝင်ရောက်ရန် အဟန့်အတားတစ်ခုဖြစ်နိုင်သည်။

၂။ မြေရရှိနိုင်မှု အကန့်အသတ်ရှိခြင်း

စိုက်ပျိုးရေးလျှပ်စစ်ဓာတ်အားစနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိရောက်မှုရှိစေရန် မြေနေရာ အတော်အသင့်လိုအပ်ပြီး အချို့နေရာများတွင် မြေယာရှားပါးခြင်း သို့မဟုတ် ဈေးကြီးလွန်းခြင်းဖြစ်နိုင်သည်။

၃။ ဆိုလာပြားများနှင့်ပတ်သက်သည့် နည်းပညာဆိုင်ရာပြဿနာများ

ဆိုလာပြားများ၏ စွမ်းဆောင်ရည်ကို ထိန်းသိမ်းရန်အတွက် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုနှင့် သန့်ရှင်းရေးလုပ်ရန် လိုအပ်ပါသည်။ အချို့ကိစ္စများတွင် မိုးသီးကြွေခြင်း သို့မဟုတ် နှင်းထူထပ်ခြင်းကဲ့သို့သော ရာသီဥတုဖြစ်ရပ်များသည် ဆိုလာပြားများကို ပျက်စီးစေနိုင်ပြီး ကုန်ကျစရိတ်များသော ပြုပြင်မှုများ သို့မဟုတ် အစားထိုးမှုများလိုအပ်ပါသည်။

၄။ အခြားမြေအသုံးပြုမှုများနှင့် အလားအလာရှိသောပဋိပက္ခများ

အချို့ကိစ္စများတွင် စိုက်ပျိုးရေးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မွေးမြူရေးခြံ သို့မဟုတ် သစ်တောကဲ့သို့သော အခြားမြေအသုံးပြုမှုများနှင့် ယှဉ်ပြိုင်နိုင်သည်။ စိုက်ပျိုးရေးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပဋိပက္ခများမဖြစ်စေကြောင်း သေချာစေရန်အတွက် အခြားသက်ဆိုင်သူများနှင့် ဂရုတစိုက်စီစဉ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ လိုအပ်ပါသည်။

၅။ အထူးပြုဗဟုသုတနှင့် ပြုပြင်ထိန်းသိမ်းမှု လိုအပ်ခြင်း

စိုက်ပျိုးရေးဓာတ်အားပေးစက်ရုံတစ်ခုတွင် နည်းပညာကျွမ်းကျင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုအဆင့် အတိုင်းအတာတစ်ခုအထိ ရှိရမည်။ လယ်သမားများသည် စိုက်ပျိုးရေးဓာတ်အားစနစ်များကို ထိရောက်စွာလည်ပတ်ရန်နှင့် ထိန်းသိမ်းရန်အတွက် စိုက်ပျိုးရေးနှင့် နေရောင်ခြည်စွမ်းအင်စနစ် နှစ်မျိုးလုံးအကြောင်း ဗဟုသုတရှိရန် လိုအပ်ပါသည်။

စိုက်ပျိုးရေးလျှပ်စစ်ဓာတ်အားစိုက်ပျိုးရေး၏ အနာဂတ်

စိန်ခေါ်မှုများရှိနေသော်လည်း စိုက်ပျိုးရေးဖို့အားလျှပ်စစ်စိုက်ပျိုးရေးသည် အနာဂတ်တွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးတွင် သိသာထင်ရှားသောအခန်းကဏ္ဍမှ ပါဝင်နိုင်မည့် အလားအလာရှိပါသည်။ စိုက်ပျိုးရေးဖို့အားလျှပ်စစ်စိုက်ပျိုးရေး၏ အကျိုးကျေးဇူးများမှာ ရှင်းလင်းပြီး နည်းပညာများ ဆက်လက်တိုးတက်နေကာ ကုန်ကျစရိတ်များ လျော့ကျလာသည်နှင့်အမျှ စိုက်ပျိုးရေးဖို့အားလျှပ်စစ်စိုက်ပျိုးရေးသည် ကမ္ဘာတစ်ဝန်းရှိ လယ်သမားများအတွက် ပိုမိုရရှိနိုင်လာပါသည်။

ထို့အပြင် စိုက်ပျိုးရေးဖို့အားသုံး စိုက်ပျိုးရေးကို မတူညီသော သီးနှံများနှင့် ဒေသအမျိုးမျိုးအတွက် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်နိုင်သောကြောင့် ဒေသ၏ လိုအပ်ချက်များနှင့် အခြေအနေများနှင့်ကိုက်ညီအောင် ပြုလုပ်နိုင်သော ဘက်စုံသုံးဖြေရှင်းချက်တစ်ခုဖြစ်လာပါသည်။ စိုက်ပျိုးရေးဖို့အားသုံးစနစ်များကို ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများနှင့် ကောက်ပဲသီးနှံများ အပါအဝင် သီးနှံအမျိုးမျိုးကို စိုက်ပျိုးရန် အသုံးပြုနိုင်ပြီး ကျေးလက်နှင့် မြို့ပြနှစ်မျိုးလုံးတွင် အကောင်အထည်ဖော်နိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အစိုးရများနှင့် မူဝါဒချမှတ်သူများသည် စိုက်ပျိုးရေးဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုကို မြှင့်တင်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ လှုံ့ဆော်မှုများ၊ ထောက်ပံ့ကြေးများနှင့် ပံ့ပိုးမှုအစီအစဉ်များသည် တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း ကုန်ကျစရိတ်များကိုလျှော့ချရန်နှင့် လယ်သမားများအား စိုက်ပျိုးရေးဓာတ်အားစနစ်များကို ပိုမိုလက်ခံကျင့်သုံးရန် အားပေးနိုင်ပါသည်။

ရေရှည်တည်တံ့သော စိုက်ပျိုးရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ကာဗွန်စုပ်ယူမှုကိုမြှင့်တင်ပေးသည့် မူဝါဒများသည်လည်း စိုက်ပျိုးရေးဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှုအတွက် ကောင်းမွန်သောပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်ပါသည်။ နည်းပညာဆန်းသစ်တီထွင်မှုကြောင့် ချမ်းသာသောလယ်သမားများအနေဖြင့် ပေါ့ပါးသောရည်ရွယ်ချက်နှစ်မျိုးနှင့် မြေယာနှစ်မျိုးအသုံးပြုမှုနှစ်မျိုးဖြင့် စိုက်ပျိုးရေးကို ပြန်လည်အားဖြည့်ရန် စိုက်ပျိုးရေးဓာတ်အားလျှပ်စစ်ဓာတ်အားပေးစနစ်သည် နည်းလမ်းသစ်တစ်ခုဖြစ်လာသည်။

တရုတ်နိုင်ငံသည် စိုက်ပျိုးရေးဆင်းရဲမွဲတေမှု လျော့ချရေးမူဝါဒများကို အမြဲတမ်း ပြင်းပြင်းထန်ထန်ထောက်ခံခဲ့ပြီး ဆင်းရဲမွဲတေမှုလျော့ချရေးပုံစံအမျိုးမျိုးမှတစ်ဆင့် လယ်သမားများကို ချမ်းသာကြွယ်ဝမှုလမ်းကြောင်းပေါ်သို့ ဦးဆောင်လမ်းပြပေးခြင်းနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးခြင်းတို့ဖြင့် လယ်သမားများအား ချမ်းသာကြွယ်ဝမှုလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

ထို့ကြောင့် စိုက်ပျိုးရေးမှ ဆိုလာလျှပ်စစ် ဓာတ်အားပေးစနစ်သည် အနာဂတ်တွင် ပိုမိုကောင်းမွန်လာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း ဗဟုသုတရရှိနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးဝင်း မြဝတီဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မြဝတီ နိုဝင်ဘာ ၁၅

ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးဝင်း၊ ကရင်ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ယမန်နေ့က မြဝတီမြို့နယ် သဃ်နိုးညီနောင် ရွာလယ် ဘုန်းကြီးကျောင်းတိုက်သို့ သွားရောက်ကာ ပြည်သူ အိမ်ထောင်စု ၁၇၉ စုနှင့် တွေ့ဆုံပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်သည့် ဆန်၊ ဆီနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်သည်။



ဆက်လက်ပြီး ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ နယ်စပ်ကုန်သွယ်ရေးဇုန်အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ကျ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိခဲ့ပြီး ဖလူးကျေးရွာအုပ်စု အတွင်းမှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသန့်ဇင်နှင့် ဝန်ထမ်းများက အခမဲ့ ကျန်းမာရေးစောင့်ရှောက် ပေးနေမှုကို လိုက်လံကြည့်ရှုကြသည်။ ထို့နောက် ယာယီနေရပ် စွန့်ခွာပြည်သူ အိမ်ထောင်စု ၄၃၅ စု အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြဝတီမြို့နေ လုပ်ငန်းရှင် စေတနာရှင်တို့က ပူးပေါင်း လှူဒါန်းသည့် အိမ်ထောင်စုတစ်စု လျှင် ဆန်သုံးပြည်၊ ဆီတစ်လီတာ တစ်ဘူး၊ ငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်သည်။

ဆက်လက်ပြီး မြဝတီမြို့ အမှတ်(၄)ရပ်ကွက် လှိုင်ထိပ်ခေါင်တင်လမ်းရှိ မိုးလုံလေလုံ အားကစားခန်းမသို့ ရောက်ရှိပြီး မြဝတီမြို့နယ်အတွင်း တရားမဝင် ရောက်ရှိလာသော နိုင်ငံခြားသား များအား ထိန်းသိမ်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမှတ်(၆)ရပ်ကွက် ဗိုလ်ကြာသုတ် လမ်းရှိ အိမ်ဆောက်ပစ္စည်း အရောင်းဂိုဒေါင်များကို လည်း ကောင်း၊ အမှတ်(၅)ရပ်ကွက် မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတား၌ လုံခြုံရေးဆောင်ရွက် ထားရှိမှု အခြေအနေများနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင် နေမှု အခြေအနေတို့ကိုလည်း ကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ ထို့ပြင် မြဝတီ မြို့ အမှတ်(၄)ရပ်ကွက် ချစ်ကြည် ရေးလမ်းရှိ (အောင်ဇမ္ဗူလင်း ဟိုတယ်ဝင်း)အတွင်းသို့ ရောက်ရှိ ခဲ့ပြီး ဟိုတယ်ဝင်းအတွင်း၌ တရားမဝင် နိုင်ငံခြားသားများ ထိန်းသိမ်းထားရှိမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကော့မှူးမြို့နယ်၌ ကျေးလက်လမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကော့မှူး နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများကို နိုဝင်ဘာ ၁၂ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်နေသည့် ငှက်အော်စမ်း-စမ်းကောက်လမ်း ကျောက်ချောလမ်းခင်းခြင်းနှင့် နတ်ရေတွင်း-ဘုရားကြီးကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးဇော်မိုးဦး၊



ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဒေါ်သန္တာဝင်း၊ ကော့မှူးမြို့နယ်ရုံးမှ ဦးစီးအရာရှိ(မြို့ပြ)ဦးမြတ်သူ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

အင်းစိန်မြို့နယ်၌ စတုတ္ထအကြိမ်မြောက် စာရေးဆရာအသင်း(ဗဟို) ညီလာခံအတွေ့အကြုံ ရှင်းလင်းခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုများ ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၅

အင်းစိန်မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာအသင်း(ဗဟို)၏ ညီလာခံအတွေ့အကြုံရှင်းလင်းခြင်း၊ စာရေးဆရာမ တက္ကသိုလ်



မြမ္မာ့အား ဂုဏ်ပြုလွှာ၊ ဂုဏ်ပြုလက်ဆောင်၊ အသင်းဝင်များ၏ ဂုဏ်ထူးရသားသမီးများအား ဂုဏ်ပြုဆုပေးအပ်ခြင်းကို ယနေ့တွင် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းနာယကသဘာပတိ ဦးရန်နောင်(ရန်နောင်-ပညာရေး)က အမှာစကားပြောကြားပြီး အသင်းနာယက ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)က အသင်းရန်ပုံငွေရရှိရေး အကြံပြုဆွေးနွေးပြောကြားသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးသက်တင် (မောင်သာတင့်-မြန်အောင်)က စတုတ္ထအကြိမ်(ဗဟို)ညီလာခံ၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ တက္ကသိုလ်မြမ္မာ့အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကာ စာရေးဆရာထူးအောင်လှိုင်၏ သမီး တက္ကသိုလ်ဝင်စာမေးပွဲသုံးဘာသာဂုဏ်ထူးရှင်အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြင့်မိုး



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် စွယ်တော်ချောင်-အောင်ပန်းစိန်ဆက်သွယ်ရေးလမ်းအား ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(တည်ဆောက်ရေး)ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးဇော်မိုးဦး နိုဝင်ဘာ ၁၃ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။

မြို့နယ်(ပြန်/ဆက်)

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အကအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်

ကျောက်ဆည် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မေတ္တာကိုယ်ပိုင် အထက်တန်းကျောင်း၌ ယမန်နေ့ ညနေပိုင်းက (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကျေးလက်ရိုးရာ အကဖြင့် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူအကအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ကျောင်းဂုဏ်ပြုဘာဝရာသင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် ပညာရေးမှူး ဒေါ်သီသီကြိုင်က အမှာစကားပြောကြားပြီး မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်အုပ်ချုပ်သူ ဒေါ်သင်းပျံ့ကြူက ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူ အကအဖွဲ့၊ ဧရာဝတီ- ယန်ဇီရိုးရာပွဲတော်တွင် ပါဝင်ဖျော်ဖြေခဲ့သည့် လတ်ခက်သံအကအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



ဘားအံမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ဘားအံ နိုဝင်ဘာ ၁၅

ဘားအံမြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဝေပုံမြက်မွေဏီမှဆောင်ရွက်လျက်ရှိသော စံဖရိုး-ကော့သာဆူးကျေးရွာချင်းဆက်လမ်း သုည ဒသမ ၇၂၉ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ဘားအံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဘားအံမြို့နယ်ဦးစီးအရာရှိ (မြို့ပြ)တို့က ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

အလိုလိုက်ရတာ ပင်ပန်းတယ် (သို့) သမ္ဘ ပရဝဿ ဒုက္ခ



မဓူဝိရဒေါက်တာ အရှင်တေဇနိယ ရေးသားသည့် အလိုလိုက်ရတာ ပင်ပန်းတယ် (သို့) သမ္ဘ ပရဝဿ ဒုက္ခစာအုပ် ထွက်ရှိလာသည်။ အဆိုပါ စာအုပ်တွင် အလိုလိုက်ရတာ ပင်ပန်းတယ် (သို့) သမ္ဘ ပရဝဿ ဒုက္ခ၊ မူဂါဘီလျောက်သောလမ်း၊ ဆပ်ပြာဂျိုး၊ မြန်မာပြည်အတွက် မြန်မာပြည်သိန်းတန်ပြောပြတဲ့ ရွေးချယ်ရေးရာဇဝင်၊ ရာဖြိုဟ်သူဌေးရဲ့ ဘာသာရေးရှာပုံတော်၊ ချစ်တာလား ကြိုက်တာလား၊ သေကွဲမခွဲရသေးခင်၊ ငါ့စကောတိုင်းပြည်၊ ဘာတွေချန်လို့ ဘာတွေယူသွားမလဲ၊ ယုတ်ညံ့တဲ့သူတွေဟာ မြင့်မြတ်တဲ့နေရာကိုရောက်သွားရင် ယုတ်မာတဲ့လုပ်ရပ်တွေကို လုပ်တတ်ကြတယ်၊ ဗုဒ္ဓဘာသာနိုင်ငံမှာ သံဃာကိုဆွမ်းကပ်တာက တခြားဘာသာကို ဖိနှိပ်တာတဲ့လား၊ ဘုရားရှင်ဟောသည့် လူယုတ်မာတို့၏ သဘောလက္ခဏာများ၊ ခွေးအလုပ် ခွေးလုပ် မြည်းအလုပ် မြည်းလုပ်၊ လော်စတီကာအရေး ပြောချင်သေးတယ်၊ သာသနာ့ ဖျံးဆက်သစ်များအရေး တွေးမိသမျှ၊ ပုစွန်လုံးကပေးတဲ့ သင်ခန်းစာ၊ ရသင့်တာထက် ပိုလိုချင်ရင် ရထားတာတွေပါ ဆုံးရှုံးသွားတတ်တယ် စသည့်ဆောင်းပါး ၁၇ ပုဒ်ပါဝင်သည်။ စာအုပ်ကို ပြည်မြန်မာစာအုပ်တိုက်၊ ဖုန်း ၀၉၄၄၃၀၂၀၈၅၈၊ ၀၉၄၄၃၀၁၄၃၀ အမှတ် (၃)၊ မြေညီထပ်၊ ပုညဝမုနလမ်း၊ တာမွေမြို့နယ်နှင့် အရပ်ဖောင်ဒေးရှင်း(ဗမာ့)၊ ဖုန်း ၀၉၂၀၂၃၀၄၊ သုမင်္ဂလာလုံးချင်းအိမ်ရာဝင်း၊ ဘုရားသုံးဆူဓမ္မပါလစာသင်တိုက် (အတွင်း) ILBC အနီး၊ သဃ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။

လွမ်းမပြေ ခြေရာများ



ခရီးသွားမှတ်တမ်း (သုတ၊ ရသ စာစုများ)

ခင်မောင်ဌေး(ပညာရေး) ရေးသားသည့် လွမ်းမပြေ ခြေရာများ ခရီးသွားမှတ်တမ်း (သုတ၊ ရသ စာစုများ) စာအုပ် ထွက်ရှိလာသည်။

လွမ်းမပြေ....ခြေရာများ ခရီးသွားမှတ်တမ်း (သုတ၊ ရသ စာစုများ) စာအုပ်သည် ဆရာခင်မောင်ဌေး(ပညာရေး)၏ နဝမမြောက်ထုတ်ဝေသော စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် စာရေးသူကိုယ်တိုင် တောင်ပေါ်/မြေပြန့်ရှိ အထင်ကရနေရာများသို့ ရောက်ရှိကာ သုတ/ရသ ဖြစ်ဖွယ် ခံစားရေးဖွဲ့ထားသော စာစုများဖြစ်သည်။ အထင်ကရနေရာများ၏ ဖြစ်တည်လာပုံ၊ သမိုင်းကြောင်းနောက်ခံများ၊ အစဉ်အလာပြောကြားခဲ့သည့် ဒဏ္ဍာရီများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝရေတံခွန်၊ တောတောင်ရေမြေအလှအပများနှင့် ထူးဆန်းဖွယ် လိုဏ်ဂူများကို ဖော်ပြထားသည်။ ခရီးသွားများအတွက် လမ်းပြမြေပုံသဖွယ် အသုံးပြုနိုင်ကြောင်း အကြံပြုထားသည်။

စာအုပ်ကို အမွာညီနောင်စာပေ၊ အမှတ် ၂၇၇၊ ပထမထပ်၊ လမ်း (၄၀) အထက်ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က ဖြန့်ချိပြီး ဖုန်း-၀၉၅၄၀၅၇၇၉၂ သို့ ဆက်သွယ်မှာကြားနိုင်သည်။ တန်ဖိုးငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားသည်။

ဆေးတက္ကသိုလ် (၁) ရန်ကုန် ရာပြည့်သဘင်အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၅

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျရောက်မည့် အဆိုပါ ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ နှစ် (၁၀၀)ပြည့် ရာပြည့်သဘင် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ ကျောင်းသားကျောင်းသူဟောင်း ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရာပြည့်သဘင်အခမ်းအနား ကျင်းပရေးဆပ်ကော်မတီများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။



တွေ့ဆုံစဉ် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ် (၂)ရန်ကုန်နှင့် ဆေးဝါးတက္ကသိုလ်(ရန်ကုန်) တို့မှ ပါမောက္ခချုပ်များ၊ ဆေးတက္ကသိုလ် (၁)ရန်ကုန် ဒုတိယပါမောက္ခချုပ်(သင်ကြား) နှင့် ရာပြည့်သဘင် ဖြစ်မြောက်ရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ ကျောင်းသား ကျောင်းသူဟောင်းများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု နှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက သမိုင်းအစဉ်အလာ ကြီးမားသော ဆေးတက္ကသိုလ် (၁)ရန်ကုန်၏ ရာပြည့်သဘင် အခမ်းအနားကြီးကို စနစ်တကျခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရန် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပြည်လမ်း ပရိဂုဏ်အတွင်း၌ ရှေးယခင်က တည်ရှိခဲ့သော လိပ်ခုံးပုံ အဆောက်အအုံ (Multi-Purpose Assembly Hall) ကို ပြန်လည် ဆောက်လုပ်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး မူလသမိုင်းဝင်မှတ်တမ်းများနှင့် ပုံစံမပျက်စေဘဲ ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသံထိန်းစနစ်များကို စနစ်တကျ ထည့်သွင်းကာ တည်ဆောက်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းကို ၂၀၂၆ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၇ ခုနှစ် ဧန်နဝါရီလတွင် အပြီးသတ်နိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကျောက်တန်းမြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကျောက်တန်း နိုဝင်ဘာ ၁၅

သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပီလခတ် ကျေးရွာ၌ ဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ခြင်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကြာကန် - ပီလခတ်ကျေးရွာချင်းဆက်လမ်း ကျောက်ချောင်းခြင်းဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း



သဘာဝကပေး ရေချို့အေး ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး

ရွှေပြည်သာမြို့နယ်၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းဖွင့်



ရွှေပြည်သာ နိုဝင်ဘာ ၁၅

အလုပ်သမား၀န်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးခန်းမ၌ ကျင်းပရာ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားသည်။

အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းတွင် (WCC) အဖွဲ့ဝင်များအနေဖြင့် အလုပ်သမားရေးရာဥပဒေများ၊ ဥပဒေပါအကျိုးခံစားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများ၊ လုပ်ငန်းခွင်ဆိုင်ရာ လိုက်နာရမည့်တာဝန်များ၊ အလုပ်ချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များစသည့် ဥပဒေပါလိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်၊ အငြင်းပွားမှုဖြေရှင်းသူများ လိုက်နာရမည့်ကျင့်ဝတ်များ သိရှိစေခြင်းဖြင့် လုပ်ငန်းခွင်အတွင်း ဖြစ်ပွားသောအငြင်းပွားမှုများ၊ သဘောထားကွဲလွဲမှုများ လျော့နည်းကာ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားမြင့်မားစေရန်အတွက် လက်တွေ့သရုပ်ပြဆွေးနွေးခြင်းများ ပြုလုပ်သည်။

အဆိုပါ သင်တန်းတွင် စက်ရုံ၊ အလုပ်ရုံ ၂၀ မှ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့ရာ သင်တန်းအောင်မြင်စွာပြီးမြောက်၍ သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ပြန်/ဆက်)

■

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ကြေးမုံစာတည်းအဖွဲ့ ဖော်ပြပေးလျက်ရှိပါသည်။

A Basic Spoken English Course

ယခင်တစ်ပတ်က Lesson 11: Describing places (နေရာများကို ဖော်ပြခြင်း) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာလည်း Lesson 11: Describing places (နေရာများကို ဖော်ပြခြင်း) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

(ယခင်တစ်ပတ်မှအဆက်)

Lesson 11: Describing places (နေရာများကို ဖော်ပြခြင်း)

2. Town (မြို့ငယ်)

1. ကျွန်ုပ်သည် မြို့ငယ်လေးတစ်မြို့တွင် နေထိုင်သည်။ (live in a small town)
2. ကျွန်ုပ်၏မြို့ငယ်လေးသည် သာယာလှပသည်။ (my small town, peaceful, beautiful)
3. ဤမြို့တွင် လူဦးရေအလွန်များပြားခြင်းမရှိပါ။ (population, not very large)
4. မြို့ကြီးများထက် ပိုမိုအေးချမ်းသည်။(more peaceful than big cities)
5. ဤမြို့တွင် ဈေးတစ်ခုနှင့် ဆိုင်ငယ်များစွာရှိသည်။(a market, many small shops)
6. ကျောင်းများနှင့် ဆေးရုံများလည်းရှိသည်။(schools, hospitals, also)
7. မြို့သူမြို့သားများသည် အချင်းချင်းရင်းနှီးကြသည်။ (townspeople, friendly, each other)
8. လူအများသည် စက်ဘီးနှင့် ဆိုင်ကယ်များကို အသုံးပြုကြသည်။ (people, use, bicycles, motorbikes)
9. လမ်းများသည် များသောအားဖြင့် သန့်ရှင်းပြီး တိတ်ဆိတ်သည်။ (streets, usually, clean, quiet)
10. ဤမြို့တွင် သစ်ပင်များနှင့် စိမ်းလန်းသောနေရာများရှိသည်။ (trees, green spaces)
11. လူများသည် မနက်ခင်းတွင် လမ်းလျှောက်ထွက်လေ့ရှိကြသည်။ (in the morning, go for a walk)
12. မြို့ငယ်လေးတွင် နေထိုင်ခြင်းသည် စိတ်အေးချမ်းစေသည်။(living in a small town, peaceful)
13. ဤမြို့တွင် လူတိုင်းနီးပါး တစ်ဦးနှင့်တစ်ဦး သိကျွမ်းကြသည်။ (almost everyone, know each other)
14. သို့သော် အလုပ်အကိုင်အခွင့်အလမ်းများမှာ အကန့်အသတ်ရှိသည်။ (however, job opportunities, limited)
15. အဆင့်မြင့်ဆေးရုံများနှင့် အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများ နည်းပါးသည်။ (advanced hospitals, higher education institutions, rare)
16. ကျွန်ုပ်သည်ငှင်း၏အေးချမ်းသောပတ်ဝန်းကျင်ကြောင့် ဤမြို့ငယ်လေးကို နှစ်သက်သည်။ (peaceful environment, because of, like)

3. Village (ရွာ)

1. ကျွန်ုပ်၏ရွာသည် သာယာလှပသည်။ (my village, peaceful, beautiful)
2. ကျွန်ုပ်တို့ရွာသည် မြို့နှင့် ဝေးကွာသောနေရာတွင် တည်ရှိသည်။ (located, far from the city)
3. ရွာတွင် အိမ်ခြေများစွာ ရှိသည်။(many houses, in the village)
4. ရွာသူရွာသားအများစုသည် ရိုးသားကြသည်။ (most villagers, honest)
5. သူတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးကြသည်။ (love, friendly, each other)
6. လူအများစုသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။(most people, earn a living, farming)
7. ရွာပတ်လည်တွင် စိမ်းလန်းသော လယ်ကွင်းများ ရှိသည်။(green fields, around the village)
8. ရွာအနီးတွင် မြစ်ငယ်တစ်စင်းရှိသည်။(a small river, near the village)
9. မနက်ခင်းတွင် ငှက်ကလေးများ၏ အသံကို ကြားရသည်။(in the morning, hear, birds singing)
10. လေကောင်းလေသန့်များ ရရှိနိုင်သည်။(fresh air, enjoy)
11. ရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားစေတီများရှိသည်။ (monastery, pagodas)
12. ကလေးများသည် အပြင်တွင် လွတ်လပ်စွာကစားကြသည်။(children, play freely, outdoors)
13. ရွာသူရွာသားများသည် ပွဲလမ်းသဘင်များတွင်အတူတကွ ပါဝင်ဆင်နွှဲကြသည်။ (villagers, festivals, celebrate together)
14. ရွာ၏လူနေမှုဘဝသည် ရိုးရှင်းပြီးအေးချမ်းသည်။ (village life, simple, peaceful)
15. သို့သော် သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ အကန့်အသတ်ရှိသည်။ (however, transportation, healthcare services, limited)
16. ကျွန်ုပ်သည် သဘာဝအလှတရားများနှင့် ရင်းနှီးနွေးထွေးသော လူမှုအသိုင်းအဝိုင်းကြောင့် ကျွန်ုပ်၏ရွာကို ချစ်မြတ်နိုးသည်။ (natural beauty, warm community, love dearly)

4. School (ကျောင်း)

1. ကျွန်ုပ်၏ကျောင်းသည် အလွန်လှပသည်။ (my school, very beautiful)
2. ကျောင်းသည် ကျွန်ုပ်တို့အိမ်နှင့်မဝေးပါ။ (not far from our house)
3. ကျွန်ုပ်သည် နေ့တိုင်းကျောင်းသို့သွားသည်။ (go to school, every day)
4. ကျောင်းတွင် ကျောင်းသား ကျောင်းသူများစွာရှိသည်။ (many students, at school)
5. ကျွန်ုပ်တို့ကျောင်းတွင် ဆရာ ဆရာမကောင်းများရှိသည်။(good teachers, our school)
6. ကျောင်းတွင် စာသင်ခန်းများစွာ ရှိသည်။(many classrooms)
7. စာသင်ခန်းများသည် ကျယ်ဝန်းပြီးသန့်ရှင်းသည်။(classrooms, spacious, clean)
8. ကျွန်ုပ်တို့သည် ဘာသာရပ်အမျိုးမျိုးကို သင်ယူကြသည်။(learn, different subjects)
9. ဆရာ ဆရာမများသည် ကျွန်ုပ်တို့ကို စိတ်ရှည်စွာ သင်ကြားပေးကြသည်။(teachers, teach us, patiently)
10. ကျောင်းဝင်းထဲတွင် သစ်ပင်များနှင့် ပန်းပင်များရှိသည်။(school compound, trees, flowers)
11. ကျွန်ုပ်တို့သည် အားကစားနှင့် အခြားလှုပ်ရှားမှုများတွင်လည်း ပါဝင်ကြသည်။(take part in, sports, other activities)
12. ကျောင်းတွင် စာကြည့်တိုက်နှင့် ကစားကွင်းတစ်ခုလည်းရှိသည်။ (library, playground, also)
13. ကျောင်းသည် ကျွန်ုပ်တို့အား အသိပညာနှင့် စည်းကမ်းကောင်းများ သင်ကြားပေးသည်။ (knowledge, good discipline, teach)
14. ကျောင်းတက်ခြင်းဖြင့် ကျွန်ုပ်တို့၏ အနာဂတ်အတွက် အခြေခံကောင်းများ ရရှိနိုင်သည်။ (by attending school, good foundation, future)
15. ကျောင်းသည် ပညာရေးသာမက ကိုယ်ကျင့်တရားကောင်းများကိုပါ လေ့ကျင့်ပျိုးထောင်ပေးသောနေရာဖြစ်သည်။ (not only education but also, good morals, develop)
16. ကျွန်ုပ်သည် ကျွန်ုပ်၏ကျောင်းကို နှစ်သက်ပြီး ကျောင်းသားကောင်းတစ်ဦးဖြစ်ရန် အမြဲကြိုးစားသည်။ (like my school, always try, a good student)

5. Hospital (ဆေးရုံ)

1. ဆေးရုံသည် လူတိုင်းအတွက် အရေးကြီးသောနေရာတစ်ခုဖြစ်သည်။ (hospital, important place, everyone)
2. ကျွန်ုပ်တို့မြို့တွင် ဆေးရုံကြီးတစ်ရုံရှိသည်။ (a large hospital, in our town)
3. ဆေးရုံသည် လူနာများကို ကုသပေးသောနေရာဖြစ်သည်။ (treat patients, a place)
4. ဆေးရုံတွင် ဆရာဝန်များနှင့် သူနာပြုများစွာရှိသည်။(doctors, nurses, many)
5. သူတို့သည် လူနာများကို ဂရုတစိုက်ကုသပေးကြသည်။ (take care of, treat patients, carefully)
6. ဆေးရုံတွင် အရေးပေါ်ဌာနတစ်ခုရှိသည်။ (an emergency department)
7. လူနာများသည် ဆရာဝန်များနှင့်ပြသရန် ဆေးရုံသို့လာကြသည်။(patients, visit doctors, come to the hospital)
8. ဆေးရုံတွင် ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများရှိသည်။(medicines, medical equipment)
9. ဆေးရုံအခန်းများသည် သန့်ရှင်းသပ်ရပ်သင့်သည်။ (hospital rooms, should be, clean and tidy)
10. လူနာများသည် ဆရာဝန်များ၏ ညွှန်ကြားချက်များကို လိုက်နာသင့်သည်။ (patients, follow, doctors' instructions)
11. သူနာပြုများသည် လူနာများကို အစားအသောက်နှင့် ဆေးဝါးများ ပေးကြသည်။ (nurses, provide, food and medicine)
12. ဆေးရုံတွင် လူနာများကို နေ့ရောညပါ စောင့်ရှောက်ပေးကြသည်။ (look after patients, day and night)
13. ဆေးရုံကောင်းတစ်ရုံသည် လူ့အသက်များကို ကယ်တင်ရာတွင် အရေးပါသည်။(a good hospital, save lives, important)
14. ဆေးရုံဝန်ထမ်းများသည် ကြင်နာမှုနှင့် တာဝန်ယူမှုရှိသင့်သည်။ (hospital staff, kindness, responsibility)
15. လူတိုင်းသည် ကျန်းမာရေးစောင့်ရှောက်မှုကို အချိန်မီရရှိသင့်သည်။(everyone, healthcare, receive in time)
16. ဆေးရုံသည် ကျန်းမာသော လူမှုအသိုင်းအဝိုင်းတစ်ခု တည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။(play an important role, build, healthy community)

6. Market (ဈေး)

1. ကျွန်ုပ်တို့မြို့တွင် ဈေးကြီးတစ်ခု ရှိသည်။(a big market, in our town)
2. ဈေးသည် နံနက်စောစောတွင် စည်ကားသည်။ (market, busy, early in the morning)
3. ဈေးတွင် ဆိုင်များစွာရှိသည်။ (many shops, in the market)
4. ဈေးတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ရောင်းချကြသည်။(vegetables, fruits, sell)
5. အသား၊ ငါးနှင့် ကြက်ဥများလည်း ဝယ်ယူနိုင်သည်။ (meat, fish, eggs, buy)
6. ဈေးသည်များသည် သူတို့၏ပစ္စည်းများကို ရောင်းချကြသည်။ (shopkeepers, sell, their goods)
7. ဈေးဝယ်သူများသည် နေ့စဉ်လိုအပ်သော ပစ္စည်းများကို ဝယ်ယူကြသည်။(customers, daily necessities, buy)
8. ဈေးတွင် အဝတ်အထည်နှင့် အိမ်သုံးပစ္စည်းများလည်းရှိသည်။ (clothes, household goods, also)
9. ဈေးထဲတွင် လူများစွာ သွားလာနေကြသည်။ (many people, walk around)
10. ဈေးသည် အမြဲတမ်း စည်ကားလှုပ်ရှားနေသည်။(always, busy and lively)
11. ဈေးသည်များသည် ဝယ်သူများနှင့် ယဉ်ကျေးစွာ ဆက်ဆံသင့်သည်။ (shopkeepers, treat customers, politely)
12. ဈေးဝယ်သူများသည် ဈေးနှုန်းများကို နှိုင်းယှဉ်ဝယ်ယူနိုင်သည်။ (customers, compare prices, buy)
13. ဈေးတွင် ပစ္စည်းများကို သင့်တင့်သောဈေးနှုန်းဖြင့် ရရှိနိုင်သည်။ (goods, reasonable prices, available)
14. ဈေးသည် ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝတွင် အရေးပါသည်။ (market, local people, daily life, important)
15. ဈေးကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းသည် လူတိုင်း၏ တာဝန်ဖြစ်သည်။(keep the market clean, everyone's responsibility)
16. ဈေးသည် ရောင်းသူနှင့် ဝယ်သူတို့ ဆုံတွေ့ကြသည့် အရေးပါသော စီးပွားရေးနေရာတစ်ခုဖြစ်သည်။ (sellers and buyers, meet, important commercial place)

7. Park (ပန်းခြံ)

1. ကျွန်ုပ်တို့မြို့တွင် ပန်းခြံလှလှလေးတစ်ခု ရှိသည်။ (a beautiful park, in our town)
2. ပန်းခြံသည် မြို့လယ်ကောင်တွင် တည်ရှိသည်။ (located, in the centre of the town)
3. ပန်းခြံတွင် သစ်ပင်များစွာရှိသည်။(many trees, in the park)
4. ပန်းမျိုးစုံလည်း ပွင့်လန်းနေသည်။ (various flowers, bloom)
5. ပန်းခြံသည် အလွန်သာယာလှပသည်။(park, peaceful, beautiful)
6. လူများသည် ပန်းခြံသို့ အပန်းဖြေရန်လာကြသည်။(people, visit the park, relax)
7. ကလေးများသည် ပန်းခြံတွင် ကစားကြသည်။ (children, play, in the park)
8. လူကြီးများသည် လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားခြင်းများ ပြုလုပ်ကြသည်။ (adults, walking, exercise)
9. ပန်းခြံတွင် ထိုင်ခုံများစွာ ရှိသည်။(many benches, in the park)
10. မနက်ခင်းတွင် လူအများသည် လေ့ကျင့်ခန်းလုပ်ကြသည်။(in the morning, people, do exercise)
11. ပန်းခြံတွင် လတ်ဆတ်သောလေကို ရှူရှိုက်နိုင်သည်။(breathe, fresh air)
12. ငှက်ကလေးများသည် သစ်ပင်များပေါ်တွင် ပျော်ရွှင်စွာ ပျံသန်းနေကြသည်။(little birds, fly happily, in the trees)
13. ပန်းခြံသည် မိသားစုများ အတူတကွ အချိန်ဖြုန်းရန် သင့်တော်သော နေရာဖြစ်သည်။ (suitable place, families, spend time together)

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

အရှိန်မြင့်လာသော အေအိုင်ချစ်ပ် နည်းပညာပြိုင်ဆိုင်မှု

နီဇော်သစ်



ယခုရက်ပိုင်းအတွင်း နည်းပညာသတင်းများထဲတွင် လှုပ်လှုပ်ခတ်ခတ် အဖြစ်ဆုံးသတင်းများမှာ အေအိုင်ချစ်ပ် နည်းပညာနှင့်ပတ်သက်နေသည်ကို တွေ့ရသည်။ ဂူဂဲလ်က အင်နဗီဒီးယားကိုပြိုင်ဆိုင်ဖို့ အေအိုင်ချစ်ပ်အသစ်များ ထုတ်လုပ်သည်သတင်း၊ ဟွာဝေးက အေအိုင်ချစ်ပ်တစ်သန်းကို ချိတ်ဆက်ပြီး ကွန်ပျူတာတစ်လုံးအဖြစ် အလုပ်လုပ်စေမည့် သတင်း၊ ဥရောပက အေအိုင်ချစ်ပ်များအပါအဝင် အေအိုင်နည်းပညာတွင် အမေရိကန်နှင့် တရုတ်ကို အမီလိုက်ဖို့ ကြိုးစားလာသည့်သတင်းတို့မှ အင်နဗီဒီးယား စီအီးအို လူမှုရေးဖောက်ပြန်မှုအရှုပ်တော်ပုံတို့၊ အမေရိကန်က ပိတ်ထားသည့် အေအိုင်ချစ်ပ်တစ်မျိုး တရုတ်တက္ကသိုလ်တစ်ခုသို့ ရောက်သွားသည့်သတင်းတို့အထိ စုံလင်လှသည်။

ထို့ကြောင့် ယခုတစ်ပတ်နည်းပညာကဏ္ဍတွင် အေအိုင်ချစ်ပ် နည်းပညာအကြောင်းကို မိတ်ဆက်ပေးလိုပါသည်။ အလွယ်ပြောရလျှင် အေအိုင်ချစ်ပ်ဆိုသည်မှာ အေအိုင်မိုဒယ်တစ်ခုကို လေ့ကျင့်ရန်နှင့် လေ့ကျင့်ပြီးသား အေအိုင်မိုဒယ်တစ်ခုကို အသုံးချရန် တွက်ချက်မှုအားကောင်းကောင်း၊ မင်မိုရီမြင့်မြင့်မားမား၊ ချိတ်ဆက်မှုမြန်နှုန်းမြင့် ချစ်ပ်များဟု ဆိုနိုင်သည်။ ပုံမှန်ကွန်ပျူတာတစ်လုံးတွင် စီပီယူ (Central Processing Unit)သည် တွက်ချက်မှုအားလုံး၏ ဗဟိုချက်ဖြစ်သည်။ သို့သော် အေအိုင်နည်းပညာ အသုံးပြုချိန်တွင် စက်သင်ယူမှုဟုဆိုနိုင်သော Machine Learning နှင့် နက်နက်နဲနဲသင်ယူမှုဟုဆိုနိုင်သော Deep Learning စနစ်များအတွက် ဘီလီယံနှင့်ချီသော တွက်ချက်မှုများကို ဖော်ဆောင်ပေးနိုင်မည့် ချစ်ပ်နည်းပညာ လိုအပ်လာသည်။

ဥပမာ အေအိုင်မိုဒယ်တစ်ခုကို လေ့ကျင့်ပေးရာတွင် မက်ထရစ်မြှောက်ခြင်း၊ ပေါင်းခြင်းလိုမျိုး အတွက်အချက်များစွာကို တစ်ပြိုင်နက်လုပ်ပေးနိုင်ရန် လိုအပ်သည်။ စီပီယူတစ်ခုတည်းဖြင့် ထိုစွမ်းဆောင်ရည်မျိုးမပေးနိုင်။ ထို့ကြောင့် ဂျီပီယူ (Graphics Processing Unit)များကို တွက်ချက်မှုအတွက် ထည့်သုံးကြရသည်။ မူလက ဂိမ်းများနှင့် ဗီဒီယိုများတွင် ပုံထွက်ကောင်းစေရန် ရည်ရွယ်ထုတ်လုပ်ခဲ့သော ဂျီပီယူများသည် အနာဂတ် အေအိုင်နည်းပညာအတွက် အဓိကကျသော အစိတ်အပိုင်းဖြစ်သွားသည့် အလှည့်အပြောင်းကို တွေ့မြင်ခဲ့ရသည်။

ထို့ပြင် အေအိုင်နည်းပညာအတွက် အရေးကြီးသည့် အခြေခံသဘောတရားတစ်ခုမှာ လူသားဦးနှောက်ကိုတုပပြီး အလုပ်လုပ်သည့် ချူရယ်ကွန်ရက် (Neural Network)ဖြစ်သည်။ ထိုကွန်ရက်အတွက်လည်း သီးခြားချစ်ပ်နည်းပညာတစ်မျိုးဖြင့် ပံ့ပိုးပေးလာသည်။ ယင်းကို အင်နဲပီယူ (Neural Processing Unit)ဟု ခေါ်သည်။ သို့ဖြစ်၍ အကြမ်းဖျင်းပြောရလျှင် သာမန်ကွန်ပျူတာတစ်လုံး၌ တွက်ချက်မှုကို စီပီယူ တစ်ခုတည်းက တာဝန်ယူလုပ်ဆောင်သည်။ အေအိုင်ကွန်ပျူတာတစ်လုံးတွင်မူ တွက်ချက်မှုကို စီပီယူ၊ ဂျီပီယူနှင့် အင်နဲပီယူတို့ ပူးတွဲလုပ်ဆောင်သည်။ ထိုသို့လုပ်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသော ချစ်ပ်များကို အေအိုင်ချစ်ပ်ဟုခေါ်ပြီး ထိုချစ်ပ်များ ထုတ်လုပ်သည့်နည်းပညာမှာ လက်ရှိကမ္ဘာ့နည်းပညာလောကတွင် ထိပ်တန်းအကျဆုံးပြိုင်ဆိုင်မှုများထဲမှ တစ်ခုဖြစ်လာသည်။

လက်ရှိ AI ချစ်ပ်စွေးကွက်တွင် အထင်ရှားဆုံး ထုတ်လုပ်ရေးလုပ်ငန်းနှစ်ခုမှာ အင်နဲပီးဒီးယားနှင့် အေအမ်ဒီဖြစ်သည်။ အင်နဲပီးဒီးယား၏ နောက်ဆုံးပေါ် AI နည်းပညာပလက်ဖောင်းဖြစ်သော ဗယ်ရာ ရူဘင် (Vera Rubin) သည် ၂၀၂၆ ခုနှစ်တွင် အရေးပါသည့် ထုတ်ကုန်တစ်ခုဖြစ်လာသည်။ ယင်းပလက်ဖောင်းတွင် ရူဘင် ဂျီပီယူ၊ ဗယ်ရာ စီပီယူ၊ NVLink 6 Switch၊ ConnectX–9 နှင့် အခြားအထောက်အကူပြု ချစ်ပ်များကို ပေါင်းစပ်ထားသည်။ ထူးခြားချက်မှာ ဂျီပီယူတစ်လုံး၏ စွမ်းဆောင်ရည်ကိုသာ မြှင့်တင်ခြင်းမဟုတ်ဘဲ ချစ်ပ်များ၊ မင်မိုရီများ၊ ကွန်ရက်များနှင့် ဒေတာစင်တာတစ်ခုလုံးကို ပေါင်းစပ်ထားသည့် အေအိုင် စူပါကွန်ပျူတာစနစ်တစ်ခုအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။

ရူဘင်တွင် ထရန်စစ္စတာပေါင်း ၃၃၆ ဘီလီယံ ပါဝင်ပြီး အိပ်ချ်ဘီအမ်–၄ မင်မိုရီ ၂၈၈ ဂစ်ဂါဘိုက် အထိ အသုံးပြုထားသည်။ အိပ်ချ်ဘီအမ်ဆိုသည်မှာ High Bandwidth Memory ကို အတိုကောက်ပြုထားခြင်းဖြစ်သည်။ ဘန်ဝစ်ဒဲသည်မှာ ပရိုဆက်ဆာနှင့် မင်မိုရီအကြား ဆက်သွယ်နှုန်းဟုဆိုနိုင်သည်။ အိပ်ချ်ဘီအမ်–၄ တွင် ထိုဆက်သွယ်နိုင်စွမ်းမှာ တစ်စက္ကန့်လျှင် ၂၂ တယ်ရာဘိုက်အထိရှိသည်။ အေအိုင်မိုဒယ်တစ်ခုအတွက် တွက်ချက်မှုဖြန့်ဆန့်ရုံသာမကဘဲ အချက်အလက် အပေးအယူလုပ်မှုဖြန့်ဆန့်ဖို့လိုအပ်ခြင်းအတွက် ဖြည့်ဆည်းပေးထားသော နည်းပညာဖြစ်သည်။ ထို့ပြင် ဂျီပီယူအချင်းချင်း ချိတ်ဆက်မှုမှာလည်း အရေးပါသည်။ NVLink 6 နည်းပညာသည် ဂျီပီယူအချင်းချင်း ဆက်သွယ်နှုန်းကို တစ်စက္ကန့်လျှင် ၃ ဒသမ ၆ တယ်ရာဘိုက်အထိ ပံ့ပိုးပေးနိုင်သည်။ NVL72 တွင် ဂျီပီယူ ၇၂ လုံးကို ချိတ်ဆက်ပြီး ကွန်ပျူတာတစ်လုံးတည်းကဲ့သို့ ပူးပေါင်းလုပ်ဆောင်စေနိုင်သည်။

ယင်းမှာ အေအိုင်ချစ်ပ်သဘောကို တီးခေါက်မိစေရန် လက်ရှိ အေအိုင်ချစ်ပ် နည်းပညာလောကကို ဦးဆောင်နေသည့် အင်နဲပီးဒီးယား၏ အေအိုင်ချစ်ပ် နည်းပညာကို နမူနာအဖြစ် တင်ပြခြင်းဖြစ်ပါသည်။ သို့သော် အေအိုင်ချစ်ပ် နည်းပညာတွင် ကျွန်တော်တို့ ငယ်ငယ်တုန်းက ကွန်ပျူတာချစ်ပ်များ ပြိုင်ဆိုင်မှုလို ကျွန်တော်တို့အခေါ် အိုင်ဘီအမ်နှင့် အက်ပဲလ် နှစ်မျိုးတည်းရှိနေခြင်းမျိုးမဟုတ်။ အပြိုင်ချစ်ပ် ကုမ္ပဏီများကလည်း သူတို့နည်းပညာနှင့်သူတို့ အပြိုင်အဆိုင် ထုတ်လုပ်နေကြခြင်းဖြစ်သည်။

အင်နဲပီးဒီးယား၏ အဓိကပြိုင်ဘက် အေအမ်ဒီကလည်း Instinct MI400 Series ဖြင့် ပြိုင်ဆိုင်လာသည်။ အထူးသဖြင့် MI455X ဂျီပီယူသည် အိပ်ချ်ဘီအမ်–၄ မင်မိုရီ ၄၃၂ ဂျီဘီနှင့် မင်မိုရီဘန်းဝစ်ဒဲ တစ်စက္ကန့်လျှင် ၂၃ ဒသမ ၅ တီဘီအထိ ရှိသည်။ မင်မိုရီပမာဏနှင့် ဘန်ဝစ်ဒဲအရ အင်နဲပီးဒီးယား ရူဘင်ထက် ပိုမိုမြင့်မားသည့်အချက်များ ရှိနေသည်။ အေအမ်ဒီ၏ အားသာချက်တစ်ခုမှာ Chiplet Architecture ဖြစ်သည်။ ချစ်ပ်ကြီးတစ်ခုလုံးကို တစ်ခုတည်းထုတ်လုပ်မည့်အစား လုပ်ငန်းတာဝန်အလိုက် ခွဲခြားထားသည့် ချစ်ပ်ငယ်များကို အဆင့်မြင့်နည်းပညာဖြင့် ပေါင်းစပ်တည်ဆောက်ခြင်းဖြစ်သည်။ ယင်းနည်းပညာသည် ချစ်ပ်ကြီးများ ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုအထွက်နှုန်းနှင့် ဒီဇိုင်းပိုင်းဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ အတွက် အကျိုးရှိစေသည်။

အေအမ်ဒီက အပေါ်ယံအားဖြင့် ဟှဒ်ဒဲပိုင်းတွင် ပိုကောင်းသည်ဟု မြင်နိုင်သော်လည်း ဈေးကွက်တွင် အင်နဲပီးဒီးယားကို မကျော်နိုင်သေးသည့် အကြောင်းရင်းတစ်ခုမှာ ဆော့ဖ်ဝဲဖြစ်သည်။ အင်နဲပီးဒီးယားမှာ မိုဒယ်များအတွက် အဆင်သင့်ဖြစ်နေသော ဆော့ဖ်ဝဲပုံပိုးမှုများမှာ အားသာချက်ကြီး တစ်ခုဖြစ်နေသည်။

နောက်ထပ် အဓိကပြိုင်ဘက်တစ်ယောက် ဖြစ်သည့် ဂူဂဲလ်က တီပီယူ (Tensor Processing Unit)နည်းပညာဖြင့် အေအိုင်ချစ်ပ်များ ထုတ်လုပ်သည်။ ပြီးခဲ့သည့် နိုဝင်ဘာလတွင် မိတ်ဆက်ခဲ့သည့် TPU 8tx နှင့် TPU 8i Max တို့သည် လုပ်ငန်းတာဝန်အလိုက် အထူးပြုထားသည့်စနစ်များဖြစ်သည်။ ယင်းတို့က အေအိုင်ချစ်ပ်စွေးကွက်တွင် အင်နဲပီးဒီးယားတစ်ခုတည်းကို အားကိုးရသည့်အခြေအနေမှ အခြားရွေးချယ်စရာများ ပိုမိုများပြားလာကြောင်း ပြသနေသည်။

ယခုလောက်ဆိုလျှင် အေအိုင်ချစ်ပ်များ အကြောင်းနှင့် လက်ရှိ အေအိုင်ချစ်ပ်ထုတ်လုပ်ရေး ကုမ္ပဏီများ၏ ပြိုင်ဆိုင်မှုအကြောင်း အနည်းငယ် တီးမိခေါက်မိရှိလောက်ပါပြီ။ အမှတ်မမှားစေချင် သည့်တစ်ချက်မှာ ယခုတင်ပြခဲ့သော ကုမ္ပဏီများသည် အေအိုင်ချစ်ပ်များကို ကိုယ်တိုင်ထုတ်လုပ်နေခြင်းမဟုတ်ဆိုသည့်အချက်ဖြစ်သည်။ ထိုကုမ္ပဏီများသည် အေအိုင်ချစ်ပ်များအတွက် ဒီဇိုင်းများကို သာရေးဆွဲခြင်းဖြစ်သည်။ တကယ်တမ်း ထုတ်လုပ်သည်မှာ တီအက်စ်အမ်စီလိုမျိုး ချစ်ပ်ထုတ်လုပ်ရေးလုပ်ငန်းကြီးများဖြစ်သည်။ ချစ်ပ်ဒီဇိုင်းရေးဆွဲရာတွင်လည်း အထူးပြုဆော့ဖ်ဝဲများ လိုအပ်သည်။ ထို့ကြောင့် ဒီဇိုင်းထုတ်သည့် ကုမ္ပဏီများသည် ဒီဇိုင်းထုတ်နိုင်အောင် ရေးပေးထားသည့် ဆော့ဖ်ဝဲကုမ္ပဏီများကို အားကိုးရသည်။ ချစ်ပ်ထုတ်လုပ်ရေးအပိုင်းတွင်လည်း ချစ်ပ်ကို ပုံဖော်နိုင်စေသည့် ကိရိယာများကို ထုတ်လုပ်ပေးသည့်ကုမ္ပဏီများက သပ်သပ်ရှိသည်။ ထိုကုမ္ပဏီများ၏ ကိရိယာများ မရှိလျှင် အကောင်းဆုံးချစ်ပ်များ ထုတ်လုပ်ဖို့မဖြစ်နိုင်။ ထို့ကြောင့် အေအိုင်ချစ်ပ်ထုတ်လုပ်မှုသည် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ကြီးတစ်ခုဖြစ်လာသည်။ ထိုအကြောင်းကို နောက်အပတ်များတွင် တတ်နိုင်သမျှ ဆက်ပြီးဆွေးနွေးသွားပါမည်။

ပိုမိုမြန်ဆန်သောအင်တာနက်ကို ဖော်ဆောင်ပေးနိုင်မည့် ပဟေဠိတစ်ခုကို ဖြေရှင်းနိုင်

အလင်းဆက်သွယ်ရေးကိရိယာများကို ဒီဇိုင်းထုတ်ရာတွင် ကုန်ကျစရိတ်များပြားသည့် အကြိမ်ကြိမ် စမ်းသပ်မှားယွင်းမှုများကို လျှော့ချပေးနိုင်မည့် နည်းပညာတစ်မျိုးကို သုတေသီများ ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သည်။

ဆက်သွယ်ရေးကိရိယာတစ်ခုအတွင်း အလင်းက အချက်အလက်များကို သယ်ဆောင်သွားသည့်အခါ အတွင်းရှိပစ္စည်းများ၏ အလင်းစုပ်ယူမှုကြောင့် အချက်ပြလိုင်းအားပျော့သွားနိုင်သည်။ ပိုမိုမြန်ဆန်ပြီး စွမ်းဆောင်ရည်ပိုမိုမြင့်မားသော ကိရိယာများကို တည်ဆောက်ရန် ကြိုးပမ်းနေကြသည့် အင်ဂျင်နီယာများသည် ဒီဇိုင်းတစ်ခုကို အတည်မပြုမီ ထိုပစ္စည်းများကိုဖြတ်သန်း၍ အလင်းမည်သို့ ရွေ့လျားမည်နည်းနှင့် အလင်းမည်မျှ ဆုံးရှုံးသွားမည်နည်းဆိုသည်ကို ကြိုတင်ခန့်မှန်းရန် လိုအပ်သည်။

ယခုအခါ ကိုရီးယားသိပ္ပံနည်းပညာ ရှေ့ဆောင် အင်စတီကျူ KAIST ဦးဆောင်သော သုတေသနအဖွဲ့သည် ဘေရီယမ် တိုက်တန်းနိတ်ပုံဆောင်ခဲက အလင်းနှင့် မည်သို့အပြန်အလှန်တုံ့ပြန်သည်ကို



ရှင်းလင်းစွာဖော်ထုတ်နိုင်ခဲ့ပြီး အင်ဂျင်နီယာများအား ကိရိယာများကို ပိုမိုယုံကြည်စိတ်ချစွာ ဒီဇိုင်းထုတ်နိုင်ရန်နှင့် ကုန်ကျစရိတ်များပြားသည့် ထုတ်လုပ်မှုနှင့် ဒီဇိုင်းပြန်လည်ပြင်ဆင်မှုအဆင့်ဆင့်ကို လျှော့ချနိုင်ရန် ကူညီပေးမည့်အချက်အလက်များကို ထုတ်ဖော်နိုင်ခဲ့သည်။ ဘေရီယမ်တိုက်တန်းနိတ်ပုံဆောင်ခဲ၏ အလင်းနှင့် အပြန်အလှန်တုံ့ပြန်ပုံမှာ သိပ္ပံပညာ၏ ဆယ်စုနှစ်ချီသော ပဟေဠိတစ်ခုဖြစ်ခဲ့ပြီး ယခုဖော်ထုတ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

လေ့လာမှုကို ဦးဆောင်ခဲ့သော ပါမောက္ခ မင်ဆော့ဂျန်က “ဒီလေ့လာမှုဟာ ကာလကြာရှည်စွာ မရှင်းမလင်းဖြစ်နေခဲ့တဲ့ ဘေရီယမ် တိုက်တန်းနိတ်ရဲ့ အလင်းဆိုင်ရာတုံ့ပြန်မှုကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ဒီပစ္စည်းက အလင်းနဲ့ ဘယ်လိုအပြန်အလှန်တုံ့ပြန်သလဲ ဆိုတာအတွက် ယုံကြည်စိတ်ချရတဲ့ အကိုးအကားတစ်ခုကို ပေးစွမ်းနိုင်ခဲ့ပါတယ်”ဟု ရှင်းပြသည်။ ဤတွေ့ရှိချက်များသည် အလင်းဆုံးရှုံးမှုကို လျှော့ချပေးပြီး အချက်အလက်ပေးပို့မှုကို ပိုမိုမြန်ဆန်စေသည့် အလင်းဆက်သွယ်ရေးကိရိယာများအပြင် အလင်းကို တိကျစွာ ထိန်းချုပ်ရန် လိုအပ်သည့် ကွမ်တမ်အလင်းပိုင်းဆိုင်ရာ ကိရိယာများ အတွက်ပါ အထောက်အကူဖြစ်စေလိမ့်မည်ဟု မျှော်လင့်ရကြောင်း လည်း ဆက်ပြောသွားသည်။

လူငယ်နှင့် ဘဝအောင်မြင်ရေး

အရှိန်ရှိရမည်

ကြီးပွားလိုသူမှန်သမျှ တစ်ခုခုကို ဖြစ်မြောက်အောင် လုပ်သည့်အခါ၌ စိတ်၏အရှိန်ကို မသေအောင်ကြိုးစားပါ။

ပီမိုးနင်း

ကြီးပွားသောသူသည် ပစ်အပ်သောခဲ၊ လွှတ်အပ်သောမြား နှင့်တူ၏။ ပစ်သောခဲ၊ လွှတ်သောမြားသည် အမှန်အောက်သို့ကျရန် ပကတိမြေကြီးက ဆွဲ၍ချ၏။ ၎င်းခဲ၊ ၎င်းမြားသည်လည်း အဆွဲဓာတ်နှင့်ပေါင်းကာ အောက်သို့အမြဲကျရန် ဟန်ပြင်၍နေသော Gravity ခေါ် အလေးချိန်သည် ရှိ၏။ သို့ပင် အလေးချိန်နှင့် အဆွဲဓာတ်က အောက်သို့ကျအောင် အမြဲမပြတ် ဆွဲလျက်ရှိနေသော်ငြားလည်း မကျဘဲ အရှိန်သေမှသော်လည်းကောင်း၊ တစ်စုံတစ်ရာကို ထိမှန်ပြီးမှသော်လည်းကောင်း အောက်သို့ကျရလေသည်။

ထိုခဲမှာ အောက်သို့ကျဖို့ရန် ဖန်တီး၍နေသော အရာများသည် အဆိုပါအလေးနှင့် အဆွဲဓာတ်သာ မဟုတ်သေးချေ။ အခြားအရာတစ်ခုသည်လည်း ရှိသေး၏။ ထိုအရာသည်ကား အခြားမဟုတ် ခဲ၏ သွားရာလမ်း၌ အမှန်ရှေ့ကဆီး၍ တွန်းကာခုခံ၍ နေသော လေ၏အထုဖြစ်လေသည်။

ထိုသို့ဖြစ်သောကြောင့် ၎င်းကိုပစ်လွှတ်သောခဲ၊ ပစ်လွှတ်သောမြားတို့မှာ ခရီးအဆုံးသို့မရောက်အောင် အဆိုပါအနှောင့်အယှက်သုံးခုသည် ရှိကြလေသည်။ သို့ဖြစ်၍ ထိုခဲ၏အရှိန်သည် ထိုသုံးပါးသော ရန်သူအနှောင့်အယှက်တို့ကို နိုင်နင်းအောင် ကြိုးမားရလေသည်။ အကယ်၍ မကြိုးမားချေက ချိန်မှန်းသောနေရာသို့မရောက်ဘဲ ခုလတ်တွင် မြေပေါ်သို့ ဖုတ်ခနဲကျရလေအောင် ချိန်မှန်းသော နေရာသို့ ရောက်လောက်သော အားအရှိန်ကို ခဲ၊ မြားတို့အား ပစ်ခတ်သောသူက ပေး၍လွှတ်ရလေသည်။

လူသတ္တဝါတို့၌လည်း ဓမ္မတာအားဖြင့် မတိုးမတက် နိမ့်မဲလျောသက်ရောက်ခြင်းကို ဖြစ်စေသည့် ရန်သူများ အမြဲခြံရံ၍ရှိကြ၏။ ထိုရန်သူများကား ပျင်းရိခြင်းနှင့် သက်သာခိုခြင်း ဖြစ်သည်။ ပျင်းရိခြင်းသည် အောက်သို့ဆင်းဖို့ရန် ဟန်ပြင်၍နေသော အဆိုပါအလေးချိန်နှင့်တူ၏။ သက်သာခိုလိုသောစိတ်သည်ကား ကျအောင်ဆွဲသော အဆွဲဓာတ်ဖြစ်လေသည်။ လူတို့သည် ဓမ္မတာအားဖြင့် ၎င်းအပြင်းနှင့် သက်သာခိုချင်သောစိတ်ကြောင့် အမှန်အားဖြင့် အောက်သို့ဆင်းဖို့ရန် ဟန်ပြင်၍နေကြလေသည်။

ထိုရန်သူနှစ်ဦးတို့အပြင် ခဲ၏အရှိန်ကို ဆီး၍ တွန်းသော လေထုနှင့်တူသော ရန်သူလည်းရှိလေသည်။ ထိုရန်သူကား ကြောက်ရွံ့ခြင်း၊ အပျော်အပါးလိုက်စားခြင်း စသည့်ရန်သူအနှောင့်အယှက်များ ဖြစ်ကြလေသည်။

သို့သော်လည်း တစ်ခုခုသောနေရာသို့ ရောက်အောင် ချိန်ရွယ်ပစ်လွှတ်သောခဲ၏ အရှိန်သည် ထိုအနှောင့်အယှက်တို့ကို နိုင်နင်းကာ ချိန်မှန်းသည့်နေရာသို့ရောက်နိုင်ရန် ခဲကိုပို့နိုင်သလို လူသတ္တဝါတို့၌လည်း မိမိတို့၏ဘဝ၌ ကောင်းမြတ်သော ရည်ရွယ်ချက်တစ်ခုခုကို ပေါက်ရောက်အောင်မြင်အောင် ပြုလုပ်နိုင်ဖို့ရန် လုံလောက်သော စိတ်၏ အရှိန်ရှိကြရလေသည်။ ထိုစိတ်၏ အရှိန်တို့ကား စိတ်ပြဋ္ဌာန်းခြင်းပင်ဖြစ်လေသည်။ ထိုအလုပ်ကို ငါဖြစ်အောင်ကြိမည်။ ထိုအခြေအနေသို့ ငါရောက်အောင်သွားမည်။ မရောက်သမျှ ငါ မနေမနား၊ ရောက်မှသာ ငါ၏အရှိန်ရပ်နားမည် ဟူသော မြဲမြံသောစိတ်ဖြစ်လေသည်။

လူတို့၏ ကြီးပွားခြင်းသည် ထိုစိတ်၏ အရှိန်ကြီးခြင်း၊ ငယ်ခြင်း၊ ပျင်းခြင်း၊ နုခြင်း သဘော အတိုင်းဖြစ်လေရာ ထိုစိတ်အားသည် ကြီးပွားခြင်း၏ အတိုင်းအရှည်ကို ပြသောပေတံ၊ ကြီးမားခြင်း၏ အချိန်ကိုပြသော အလေးဖြစ်လေရာ ကြီးပွားလိုသောသူတို့သည် တစ်ခုခုကို ဖြစ်မြောက်အောင် လုပ်သည့်အခါ၌ စိတ်၏အရှိန်ကို မသေအောင် ကြိုးစားကြရမည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ (ဆဋ္ဌမအကြိမ်မြောက်) နာဂပုရ သာသနာလက်ံရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် သံဃာတော်၊ သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူ

ဟိုပုံး နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ (ဆဋ္ဌမအကြိမ်မြောက်) နာဂပုရသာသနာလက်ံရအသင်းကြီးက ကြီးမှူးကျင်းပသည့် နာဂပုရ သာသနာလက်ံရသာမဏေကျော် စာမေးပွဲတွင် ဖြေဆိုအောင်မြင်သည့် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့နံနက် ၉ နာရီတွင် နောင်တောင်းပရဟိတ တပ်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

လောင်းလှူ

ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူးနှင့် အရာရှိကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် (PNO) မှ တာဝန်ရှိသူများ၊ ဒေသ/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက နာဂပုရ သာသနာလက်ံရသာမဏေကျော်အသင်းက ကြီးမှူးကျင်းပသည့် (ဆဋ္ဌမအကြိမ်မြောက်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလက်ံရသာမဏေကျော် စာမေးပွဲတွင် ဖြေဆိုအောင်မြင်သည့် ရဟန်းသာမဏေနှင့် သီလရှင်များကို ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ဆီဆိုင်မြို့ ဇေနာရာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် နာဂပုရ သာသနာလက်ံရ အသင်းကြီး ဩဝါဒါစရိယ မဟာထေရ်ထံမှ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ခံယူကြသည်။

ထို့နောက် ဆီဆိုင်မြို့ ဇေနာရာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ကသာရဏီယ ဩဝါဒကထာ ချီးမြှင့်တော်မူပြီး နာဂပုရ သာသနာလက်ံရ သာမဏေကျော် စာမေးပွဲအသင်းက ကြီးမှူးကျင်းပသော နာဂပုရ သာသနာလက်ံရသာမဏေကျော်ဘွဲ့ရအထူးအောင်သံဃာတော်နှင့် သီလရှင်တို့အား ပအိုဝ်းဝိသာခါမဓူဇကြာအသင်းမှ ရှစ်လုံးဘွဲ့ ကဗျာဖြင့် ပူဇော်ကြသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နာဂပုရ သာသနာလက်ံရသာမဏေကျော်ဘွဲ့ရအထူးအောင်သံဃာတော်နှင့် သီလရှင်တို့အား ပအိုဝ်းဝိသာခါမဓူဇကြာအသင်းမှ ရှစ်လုံးဘွဲ့ ကဗျာဖြင့် ပူဇော်ကြသည်။







ရေချိုစိမ့်စမ်း မခန်းစေဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ထားဝယ်မြို့တွင် ငွေကျပ် ၅၉၅၅ ဒသမ ၉၆ သိန်းတန်ဖိုးနှင့် ကျောက်မဲမြို့နယ်တွင် ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

ထားဝယ်မြို့တွင် ငွေကျပ် ၅၉၅၅ ဒသမ ၉၆ သိန်းတန်ဖိုးနှင့် ကျောက်မဲမြို့နယ်တွင် ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိသူများကိုမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ထားဝယ်မြို့ ဗျောတောဝရပ်ကွက် မြို့ပတ်လမ်းတွင် မြိတ်မြို့ ထားဝယ်ကမ်းရုပ်ကွက်နေ ထက်နိုင်စိုး(၂၉)နှစ် မောင်းနှင်ပြီး မြိတ်မြို့ ကောလိပ်ရပ်ကွက်နေ မသိမ်မွေ့မိုး(၂၆)နှစ် လိုက်ပါလာသော KLUGER ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁၉၉၅၃၂ ပြား (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၉၅၅ ဒသမ ၉၆ သိန်း) သိမ်းဆည်းရမိသဖြင့်ထက်နိုင်စိုးနှင့် မသိမ်မွေ့မိုးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီခွဲတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျောက်မဲမြို့နယ် ဗူးခါးရွာအနီး ကျောက်မဲ-သီပေါသွားကားလမ်းတွင် ကျောက်မဲမြို့နယ် နားထွမ်ရွာနေ စိုင်းစံလှ(၂၅)နှစ် မောင်းနှင်လာသော SHAYAN-125 ဆိုင်ကယ်အား



တရားခံ စိုင်းစံလှနှင့် မမိမိခိုင်(ခ)မခိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၂၂၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၀) သိမ်းဆည်းရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ မမိမိခိုင်(ခ)မခိုင်(၅၆)နှစ်အား ကျောက်မဲမြို့ အုတ်ကျင်း(၁) ရပ်ကွက်ရှိ နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းစံလှနှင့် မမိမိခိုင်(ခ)မခိုင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါး ထပ်အဆောက်အအုံ တစ်လုံးအား ယနေ့အထိ ၃၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံတစ်လုံး အား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် အဆောက်အအုံများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် အဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက်အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၁၀၀





လွိုင်လင်ခရိုင်အတွင်းရှိ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်း ရေပြန်လည်ကျဆင်းလာပြီဖြစ်၍ ကုန်တင်ယာဉ်များ စတင်ဖြတ်သန်းသွားလာနိုင်



လွိုင်လင် နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ်တွင် နိုဝင်ဘာ ၁၀ ရက်မှစ၍ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် လွိုင်လင်ခရိုင်အတွင်းရှိ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်အမှတ် ၁၆၉/၅ နှင့် ၁၆၉/၆ ကြားရှိ တိုးဂိတ်အနီး(၂)မိုင်ကွေ့ လမ်းအနိမ့်မိုင်းတွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ကားလမ်းပေါ် ရေကျော်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ကုန်တင်ယာဉ်များ စတင်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနေရာသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် နိုဝင်ဘာ ၁၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရီးသွားပြည်သူများ၊ ခရီးသည်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်ကြီးများ အဆင်ပြေချောမွေ့စွာ အမြန်ဆုံး ဖြတ်သန်းသွားလာနိုင်ရေးအတွက် ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့်နေရာတွင် မီးသတ်ကား ရှစ်စီးနှင့် ရေစုပ်ထုတ်စက်ကြီး သုံးလုံး၊ သီးခြားယာဉ်၊ စက်ယန္တရားများဖြင့် ရေများအမြန်ဆုံး စုပ်ထုတ်နိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်နှင့်အညီ နယ်မြေခံတပ်နယ်မှူး၊ လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူးတို့က အနီးကပ်ကြီးကြပ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသတွင်းလုပ်ငန်းရှင် ကုမ္ပဏီများမှ ယာဉ်စက်ယန္တရားများ၊ ရေစုပ်စက်များဖြင့် နိုဝင်ဘာ ၁၂ ရက် ညပိုင်းမှစတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ကားလမ်းရေကျော်နေမှု ပြန်လည်ကျဆင်းလာပြီဖြစ်၍ ကုန်တင်ယာဉ်ကြီးများ စတင်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရပြီး လမ်းပေါ်ရေများ တင်ကျန်မှုမရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထက်ဝေ(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဗျာပုံအကျဉ်းထောင်၌ ကြည့်ရှုစစ်ဆေး

ဗျာပုံ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်သည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ဗျာပုံအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့်အဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံတို့အား လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ဥပဒေပါ အခွင့်အရေးများ ရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ/မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ/မရအခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အာဖရိကဝက်အပြင်းဗျာရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဗျာရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဗျာရောဂါသည် လူသို့ လုံးဝ (လုံးဝ) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှအသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူ အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်း မွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့်ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစုံစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အောင်လံမြို့နယ်၌ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်



အောင်လံ နိုဝင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက အောင်လံမြို့ရှိ သီဟဟိန်းစက်သုံးဆီ အရောင်းဆိုင်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများကို အောင်လံမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက ဆောင်ရွက်ကြသည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် ဒုတိယဦးစီးမှူး ဦးနေဖြိုးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် စက်သုံးဆီအရောင်းဆိုင်အတွင်း မီးဘေးလုံခြုံရေး အခြေအနေများကို စစ်ဆေးခဲ့ကြပြီး စက်သုံးဆီဆိုင်များတွင် အထူးဂရုပြုရမည့် မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုပုံများကို ရှင်းလင်းပြသခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းခန့်အောင်



မီးဘေးရှောင် မလောင်ခင်တား

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်းနှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ဖြန့်ထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။




အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ။
⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသော နေရာများတွင်နားနေပါ။
⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊
⇒ အစားအစာ မပြင်ဆင်မီ၊
⇒ အစာမစားမီနှင့် အစာစားပြီးတိုင်း၊
⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍ လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကျပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊
⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်းနှင့်
⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ၊
- လက်ပတိုစပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။




ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင်ဆေးပြား အသုံးပြုပါ၊
⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊
⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊
⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊
⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊
⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အယ်လ်နီညိုကာလအတွက် နွားစာကြိုတင်ပြင်ဆင်ပါ။

ကောက်ရိုးကို မီးမရှို့ပါနှင့် နွားစာအဖြစ် တန်ဖိုးမြှင့်ပါ။

အကျိုးကျေးဇူးများ

- ကောက်ရိုးကို အလပာသမဖြစ်စေဘဲ တန်ဖိုးရှိသော နွားစာအဖြစ် အသုံးချနိုင်ခြင်း၊
- ခြောက်သွေ့ရာသီတွင် နွားစာရရှိမှုကို အထောက်အကူပြုခြင်း၊
- နွားစာဝယ်ယူစရိတ်ကို လျှော့ချနိုင်ခြင်း၊
- လယ်ယာစွန့်ပစ်ပစ္စည်းကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း။



၁ ကောက်ရိုးကို ခြောက်သွေ့အောင်ပြုလုပ်ပါ

- ရိတ်သိမ်းချေလှေ့စက်ဖြင့် စပါးရိတ်သိမ်းပြီးနောက် ကျန်ရှိသော ကောက်ရိုးကို စုစည်းပါ။
- မိုးမစိုစေရန်နှင့် မြေကြီးစိုထိုင်းမှု မဝင်စေရန် ဂရုပြုပါ။
- ကောက်ရိုးကို လုံလောက်စွာ ခြောက်သွေ့စေပြီးမှ ထုံးဖွဲ့ပါ။





၂ စနစ်တကျ သိမ်းဆည်းပါ

- အစိုးအကာရှိပြီး မိုးရေမဝင်သောနေရာတွင် ထားရှိပါ။
- မြေကြီးနှင့်တိုက်ရိုက်မထိစေရန် ပါလက် သို့မဟုတ် မြှင့်တင်ထားသော ကြမ်းခင်းပေါ်တွင် စုပုံပါ။
- လေဝင်လေထွက်ကောင်းစေရန် နေရာချန်ထားပါ။
- စိုထိုင်းမှု၊ မီတာက်မှုနှင့် အပူချိန်မြင့်တက်မှုကို ပုံမှန်စစ်ဆေးပါ။





၃ နွားစာအဖြစ် အကျိုးရှိစွာ အသုံးပြုပါ

- လိုအပ်သည့်ပမာဏကို ထုတ်ယူပြီး နွားစာအဖြစ် ကျွေးမွေးပါ။
- ကောက်ရိုးတစ်မျိုးတည်းကိုသာ အားကိုးမထားဘဲ အစိမ်းရောင်အစာ၊ သင့်လျော်သော အာဟာရပြည့်ဝစွက်စာနှင့် ရောကိုပါ ပြည့်ဆည်းပါ။
- မွှေတက်ခြင်း၊ ပွပ်သိုးခြင်း သို့မဟုတ် အနံ့မမှန်ခြင်းရှိသောကောက်ရိုးကို မကျွေးပါနှင့်။







၄ ခြောက်သွေ့အောင်ပြုလုပ်ပါ

- ခြောက်သွေ့သော ကောက်ရိုးကို စက်ဖြင့် စုဆောင်းဖိသိပ်၍ အိုင်းပုံ သို့မဟုတ် စတုရန်းပုံ အထုံးများ ပြုလုပ်ပါ။
- အထုံးအရွယ်အစားနှင့်အလေးချိန်ကို သယ်ယူ၊ စုပုံရန် အဆင်ပြေစွာရွေးချယ်ပါ။
- အထုံးများကို မိုးမစိုမိ သိုလှောင်ရာနေရာသို့ အချိန်မီ ပို့ဆောင်ပါ။





တောင်သူများ လိုက်နာဆောင်ရွက်ရန်

- ရိတ်သိမ်းပြီးချိန်မှစ၍ ကောက်ရိုးကို အချိန်မီ စုဆောင်းပါ။
- ကောက်ရိုးခြောက်သွေ့မှသာ ထုံးဖွဲ့ပြီး သိမ်းဆည်းပါ။
- စက်ဝန်ဆောင်မှုကို တောင်သူအစုအဖွဲ့အလိုက် ပူးပေါင်းအသုံးပြုပါ။
- သိုလှောင်ရာတွင် မိုးရေ၊ မြေစိုထိုင်းမှုနှင့် မီတာက်ခြင်းမှ ကာကွယ်ပါ။
- နွားစာအဖြစ်အသုံးပြုရာတွင် အာဟာရမျှတမှုနှင့် အစာအရည်အသွေးကိုဂရုပြုပါ။

ကောက်ရိုးကို တန်ဖိုးမြှင့်၊ နွားစာစရိတ်လျှော့၊ မွေးမြူရေးအကျိုးအမြတ်တိုးကြပါစို့။

သက်ဆိုင်ရာ စိုက်ပျိုးရေး၊ ကော်မူနယ်ယာနှင့် မွေးမြူရေးဌာနများထံ ဆက်သွယ်၍ နည်းပညာနှင့် ဝန်ဆောင်မှုများကို ရယူနိုင်ပါသည်။

စပါးရိတ်သိမ်းပြီးနောက် ကောက်ရိုးကို စနစ်တကျ စုဆောင်းသိမ်းဆည်းပြီး နွားစာအဖြစ် အသုံးချကြပါစို့။

Pro Myo Win Aung (PMA) ဂေါက်သီးရိုက်အသင်း၏ ဒုတိယအကြိမ် Tour Pro နှင့် Amateur ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၅

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှု၊ အထက်မြန်မာပြည်ဂေါက်သီးအဖွဲ့ချုပ် ဆပ်ကော်မတီဂ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် Pro Myo Win Aung Association (PMA) ဂေါက်သီးရိုက်အသင်း၏ ဒုတိယအကြိမ် သီတင်းကျွတ်ဖလား Tour Pro နှင့် Amateur ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် အသင်းသား အသင်းသူများ စုံညီဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို Mingalar Mandalay Hotel ၌ ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးကိုကိုအေး၊ PMAအသင်းဥက္ကဋ္ဌ ဦးကိုဦးနှင့် ပြိုင်ပွဲအား အဓိကကူညီပေးသော Auto Avenue Luxury Car Showroom Founder & CEO ဦးအောင်စိုလ်ဇော်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကို၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ ချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ကိုဇော်၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုးနွဲ့ တာဝန်ရှိသူများက အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရ GMGA အသင်း၊ ပထမဆုရ Man City အသင်းအား လည်းကောင်း၊ ငွေတန်းနှင့် ကြေးတန်းတို့တွင် တတိယဆုရဦးကျော်မိုးဦးနှင့် ဦးကျော်ဇေလတ်၊ ရွှေအဆင့် တတိယဆုရ ဇွဲထက်အောင်၊ ကြေးအဆင့် ဒုတိယဆုရဦးပြည့်ဖြိုးဦး၊ ငွေအဆင့် ဒုတိယဆုရ ဦးနေဇာလင်း၊ ရွှေအဆင့် ဒုတိယဆုရဦးသိန်းနိုင်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးကိုကိုအေးက ကြေးအဆင့် ပထမဆုရရှိသော ဦးကျော်မျိုးဝင်း၊ ငွေအဆင့် ပထမဆုရရှိသော ဦးအောင်ကျော်ဇော၊ ငွေအဆင့်အကျော်မဲ့ ပထမဆုရရှိသော ဦးမျိုးမင်းသူ၊ ရွှေအဆင့် ပထမဆုရရှိသော ဦးစောထိန်းသိန်းတို့အား ဆုများပေးအပ် ချီးမြှင့်သည်။

ထို့နောက် ဝါသနာရှင်အဆင့်တွင် စုစုပေါင်း ရိုက်ချက် ၃၀၅ ချက်ဖြင့် ပထမဆုရရှိသော ပြည့်ဖြိုးအောင်အား PMA အသင်းဥက္ကဋ္ဌ ဦးကိုဦးက လည်းကောင်း၊ Tour Pro အဆင့်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၉ ချက်ဖြင့် ပထမဆုရရှိသွားသော သီဟဠေးအား မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက လည်းကောင်း၊ ဆုကြေးငွေချက်လက်မှတ်ကို PMA အသင်း ဒုတိယဥက္ကဋ္ဌဦးအောင်စိုလ်ဇော်ကလည်းကောင်း ပေးအပ် ချီးမြှင့်သည်။

ပြိုင်ပွဲကို မန္တလေးမြို့ရှိရေတံခွန်တောင်ဂေါက်ကွင်း၌ နိုဝင်ဘာလ ၁၁ ရက်မှ ၁၄ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်း-ချစ်ကိုကို**

ဓာတ်ပုံ – MGF

❐ ၂၀၂၆ ခုနှစ်မှ

အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးအုပ်စုပတ်လည် ပွဲစဉ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား အုပ်စုပတ်လည် ပြိုင်ပွဲပွဲစဉ်များအဖြစ်ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – တစ်ပွဲဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ – တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၁၆ ရက်တွင် ပြိုင်ပွဲများ တစ်ရက်နားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီမှစတင်၍ "၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ" အမျိုးသမီးအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာန အသင်း၊ အမျိုးသား အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့်ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစား ဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❖ Myanmar's မှ

ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆု ရရှိကြသောအသင်းများအား မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် အမှုဆောင်များ၊ The Grand Shuttle မှ နာယက ဦးစိုးမိုး၊ ဥက္ကဋ္ဌဦးမင်းသန့်ထင်တို့က တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲတွင် ရန်ကုန်မြို့ရှိ ကလပ်ပေါင်း အသင်း၂၀၊ အားကစားသမား ၁၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **အာကာ**

✻ MFF မှ

ယခုတစ်ပတ်တွင် ဇယားထိပ်ဆုံး၌ ဦးဆောင်နေသည့် SGF Youth အသင်းသည် ဇယားထိပ်ပိုင်းမှ FFU မင်းမဟော်အသင်းနှင့် တွေ့ဆုံခဲ့ပြီး ဂိုးပြတ်အနိုင်ယူခဲ့သဖြင့် ချန်ပီယံဆုအတွက် အခြေအနေကောင်းသွားသည်။ ဒုတိယနေရာမှ Victoria အသင်းမှာလည်း နိုင်ပွဲရယူပြီး ထိပ်ဆုံးမှ SGF Youth အသင်းကို သုံးမှတ်အကွာဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။ ပွဲစဉ်(၂၀)တွင် ဘူရှိုင်အသင်းက မာရိန်းအသင်းကို လေးဂိုး – သုံးဂိုး၊ Victoria အသင်းက ရွှေပြည်သာယာနိုက်တက်အသင်းကို ၁၂ ဂိုး – နှစ်ဂိုး၊ Pacific Sun Far အသင်းက United City အသင်းကို ငါးဂိုး – တစ်ဂိုး၊ Mahar Burma အသင်းက TKA Stars အသင်းကို ခြောက်ဂိုး – တစ်ဂိုး၊ Avengers Junior အသင်းက Jullniss အသင်းကို ခုနစ်ဂိုး – သုံးဂိုး၊ SGF Youth အသင်းက FFU မင်းမဟော်အသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

